
www.burmeseclassic.com

# မောင်လှမျိုး

(ချင်းချောင်းမြို့)

## နွေရက်ရှည်တစ်ပုဒ်




www.burmeseclassic.com

www.burmeseclassic.com

# မောင်လှမျိုး (ချင်းချောင်းခြံ)

# နွေရက်ရှည်တစ်ပုဒ်

စာမူခွင့်ပြုချက်အမှတ် ❖ ၅/၂၀၀၂ (၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ❖ ၁၉၂/၂၀၀၂ (၃)
မျက်နှာဖုံးပုံနှိပ်သူ ❖ ဦးကျော်စိန် (၀၂၉၀၉)
ကျောက်စိမ်းအော့ဖ်ဆက်
၁၇၁၊ ၃၃-လမ်း၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ်သူ ❖ ဒေါ်ခင်ခင်ဝင်း (၀၂၆၇၀)
ကလျာပုံနှိပ်တိုက်
အမှတ်(၁၅၂)၊
ကျွန်းရွှေမြိုင်လမ်း၊
သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့။
ထုတ်ဝေသူ ❖ ဦးကျော်ဆန်း (၀၉၃၂)
ရဲအောင်စာပေတိုက်
အမှတ် (၂)၊ ချွန်း (၁) လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ပုံနှိပ်ခြင်း ❖ ဒုတိယအကြိမ်
ထုတ်ဝေသည့်လ ❖ ၂၀၀၂-ခုနှစ်၊ ဧပြီလ
အုပ်ရေ ❖ ၅၀၀
တန်ဖိုး ❖ ၃၀ ကျပ်

ပန်းလှိုင်အလင်္ကာဥယျာဉ်အတွက် စိန်သရဖူစာပေမှ
တစ်ပြည်လုံး ဖြန့်ချိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

**ဝန်းလှိုင်အလင်္ကာဥယျာဉ်**

၂/၄၂ ပန်းလှိုင်အိမ်ရာ

ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

စည်းကမ်းလိုက်နာ အေးကင်းကွာ

စည်းကမ်းရှိမှတိုးတက်မည်

စည်းကမ်းကိုက်ညီ အေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ် ပေါက်ရေးသည်

ပြည်ထောင်စုသားအားလုံး၏

ပဓာနကျသောတာဝန်ဖြစ်သည်။

BURMESE CLASSIC

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်သူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ

www.burmeseclassic.com

www.burmeseclassic.com

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မောင်လှမျိုး (ချင်းချောင်းခြံ)

# နွေဇာတ်ရှည်တစ်ပုဒ်



www.burmeseclassic.com

www.burmeseclassic.com



# နွေမျက်ရည်တစ်ပုဒ်

ကျွန်တော့်၏ "နွေရက်ရှည်တစ်ပုဒ်"အမည်ရှိ လုံးချင်းဝတ္ထုကို ဗီဒီယိုဇာတ်ကား ရိုက်ကူးကြပါသည်။ ထိုဗီဒီယိုဇာတ်ကား ထွက်လာသည့်အခါ၊ ဗီဒီယိုဇာတ်ကားအမည် "မျက်ရည်"...ဟုသာ သိရပြီး ကျွန်တော့်၏ မူလလုံးချင်းဝတ္ထုအမည်ဖြစ်သော "နွေရက်ရှည်တစ်ပုဒ်" ...ဟူသည့်အမည်ကို ဇာတမ်းထိုးပြခြင်း။ ပိုစတာများတွင် ထည့်သွင်းရေးသားဖော်ပြခြင်း မရှိကြပါ။ ထို့ကြောင့်, ဤအမှာစာ၏ အမည်ခေါင်းစဉ်ကို "နွေမျက်ရည်တစ်ပုဒ်"...ဟု၊ ခံစားဝမ်းနည်းစွာ၊ ကျွန်တော် ရေးထိုးမိပါသည်။

❖❖❖

အနုပညာအလုပ်ကို တကယ့်စည်းကမ်းတကျ လုပ်လေ့ရှိသူများဆိုလျှင် ပိုစတာတွင်ဖြစ်စေ...၊ ဗီဒီယိုဇာတ်ကားထဲတွင်ဖြစ်စေ... (ဗီဒီယိုဇာတ်ကားအမည်ကို မည်သို့ပင်ပြောင်းပြောင်း။ ဘာကြောင့်ပင် ပြောင်းပြောင်း) ကျွန်တော့် မူလ, လုံးချင်းဝတ္ထုအမည်ကို ထည့်သွင်းဖော်ပြရမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထု - မောင်လှမျိုး (ချင်းချောင်းခြံ)
ဇာတ်ညွှန်း - ... ... ...
ဒါရိုက်တာ - ... ... ...

ဇာတ်ကားအမည် - "မျက်ရည်"...ဟု ရေးထိုး ဖော်ပြရမည်ဖြစ်၏။ ယခုမူ ဇာတ်ကားထဲတွင်လည်းကောင်း၊ ပိုစတာများတွင်လည်းကောင်း၊ ဝတ္ထု – မောင်လှမျိုး (ချင်းချောင်းခြံ)...ဟုသာ ဖော်ပြပြီး၊ မူလ လုံးချင်းဝတ္ထုစာအုပ်အမည်ဖြစ်သော... "နွေရက်ရှည်တစ်ပုဒ်"ကို၊ ဖော်ပြရေထိုးထားခြင်း မရှိ။ ဘယ်အမှိုက်ပုံ...သို့၊ လွှင့်ပစ်လိုက်သလဲ...မတွေးတတ်။

"မျက်ရည်"...ဟူသော ဗီဒီယိုဇာတ်ကားလေးသည် မောင်လှမျိုး (ချင်းချောင်းခြံ)၏ "နွေရက်ရှည်တစ်ပုဒ်"ကို ရိုက်ကူးထားခြင်းဖြစ်ကြောင်း၊ လူသိရှင်ကြား မပြောကြားလိုလျှင် (သို့မဟုတ်) အကြောင်းကြောင်းကြောင့်၊ အမည်အသစ် ပြောင်းရပါသည် ဆိုလျှင်...၊ ကျွန်တော့်ထံသို့ အသိပေး...အကြောင်းကြားသင့်သည်။

✤ အမည်သစ် ပြောင်းလဲလိုက်ဖို့ကိုလည်း ကျွန်တော့် ထံသို့ ခွင့်မပန်။

✤ အမည်အသစ်ဖြင့် ဇာတ်ကားလေး ထွက်လာပြန်တော့လည်း မူလ (လုံးချင်း)ဝတ္ထုအမည် "နွေရက်ရှည် တစ်ပုဒ်"...ကို ထည့်သွင်းမဖော်ပြ။

ထို့ကြောင့်..., ကျွန်တော် မျက်ရည်ကျမတတ် ခံစားရပါသည်။



ဝတ္ထုတစ်ပုဒ်ကို ဝယ်ယူပြီး ဗီဒီယို (သို့မဟုတ်) ရုပ်ရှင်ရိုက်ကူးကြသူ (အချို့)သည် ဝယ်ယူပြီးသည့် ထိုအနုပညာပစ္စည်းကို လမ်းဘေးက ကောက်ညှင်းပေါင်း ဝယ်စားသကဲ့သို့ သဘောထားတတ်ကြသလား မသိ။ (ရုပ်ရှင်သဘောတရားအရ ဇာတ်လမ်းဇာတ်ကွက် ပြောင်းလဲလိုက်ရခြင်း၊ နေရာဒေသ ကူးလူးလိုက်ရခြင်းများကို မဆိုလိုပါ)။ လုပ်ချင်ရာလုပ်ပြီး၊ အနုပညာသမားအချင်းချင်း တန်ဖိုးထားရမည့် ဓလေ့စရိုက်၊ လျော့ပါးနေတတ်ကြလေသည်။ အနုပညာသမားစစ်စစ်တို့၌၊ ထိုဓလေ့ဆိုးတို့ မရှိနိုင်...ဟု၊ ကျွန်တော် ခိုင်မတ်စွာ ယုံကြည်ထားပါသည်။

မည်သို့ပင်ဖြစ်စေ...

ကျွန်တော်..., ရင်မောရပါသည်။ ဒါပေမဲ့ ကျွန်တော် ခွင့်လွှတ်ပါသည်။

သို့သော်...,

ကျွန်တော့်စာဖတ်ပရိတ်သတ်က ကျွန်တော့်ကို ခွင့်မလွှတ်မှာတော့ စိုးရိမ်ပါသည်။ "မျက်ရည်"...ဟူသော အမည်မျိုးဖြင့်၊ ဗီဒီယိုဇာတ်လမ်း သီးသန့်ရေးပြီး၊ ရောင်းစားသလား...ဟု၊ ထင်မြင်ကြမှာ စိုးပါသည်။

(ဗီဒီယို/ရုပ်ရှင် ရိုက်ဖို့အတွက် ဇာတ်လမ်းသီးသန့် မရေးဖူးပါ)။

"မျက်ရည်"ဟူသော အမည်မျိုးဖြင့် ဗွီဒီယိုဇာတ်လမ်းရေးပြီး ရောင်းစားသည်...ဟု တွေးထင်ရုံဆို တော်ပါသေး၏။ "မျက်ရည်"

www.burmeseclassic.com

www.burmeseclassic.com

…ဆိုတဲ့ နာမည်က ဘယ်သူ့ကဗျာခေါင်းစဉ်၊ ဘယ်သူ့ဝတ္ထုတို ခေါင်းစဉ်၊ ဘယ်သူ့သီချင်းခေါင်းစဉ်…စသည်ဖြင့် ဆင်တူယိုးမှား အမည်မျိုးဖြင့်၊ ဇာတ်လမ်းခေါင်းစဉ်တပ်ပြီး ရောင်းစားရသလားဟု၊ ကျွန်တော့်စာဖတ်ပရိတ်သတ်က ကျွန်တော့်ကို အထင်သေး အပြစ်ဖို့မှာ ကို၊ ကျွန်တော်… (အရမ်း)ကြောက်ပါသည်။ (အလွန်) စိုးရိမ်ပါသည်။ [မျက်ရည်ဆိုတာ လူတိုင်းရဲ့မျက်လုံးထဲက ထွက်တာပဲ။ တစ်ယောက် တည်း မူပိုင်မဟုတ်ဘူး…ဟု ပြောပြဆင်ခြေပေးရမှာကိုလည်း ကျွန်တော် (အလွန့်အလွန်) ရှက်ပါသည်]။

ထို့ကြောင့် မျက်ရည်…ဟူသော ဗီဒီယိုဇာတ်ကား၏ အမည်ကို ကျွန်တော် ပေးခြင်း မဟုတ်ပါကြောင်း။ ကျွန်တော့်၏ "နွေရက်ရှည်တစ်ပုဒ်"အမည်ရှိ လုံးချင်းဝတ္ထုကို ဗီဒီယိုရိုက်ကူးပြီး သက်ဆိုင်သူတို့ဘာသာ "မျက်ရည်"ဟု အမည်ပြောင်းလဲလိုက်ခြင်း ဖြစ်ကြောင်း… ကျွန်တော့်မိတ်ဆွေ (စာဖတ်ပရိတ်သတ်)များအား သိစေလိုပါသည်။

ထို့အပြင် "မျက်ရည်"…ဟူသော အမည်ဖြင့် ကဗျာ…, ဝတ္ထုတို…, ဝတ္ထုရှည်…, သီချင်း…, ပြဇာတ်…, ပန်းချီကား အမည်…စသည်ဖြင့်၊ ဟိုး…ယခင်က ရှိခဲ့လျှင်လည်း ထိုကဲ့သို့သော ဆင်တူယိုးမှား ကိစ္စဆိုးသည်၊ ကျွန်တော်နှင့် မည်သို့မျှ မသက်ဆိုင် ပါကြောင်း။ အသိပေးအပ်ပါသည်။ ရင်ထဲမှာ ပျို့အံချင်လာသဖြင့် ဤအမှာစာကို ကျွန်တော် ရေးရခြင်းဖြစ်ပါသည်။

❖❖❖



မည်သို့ပင်ဖြစ်စေ…

ကျွန်တော့်…ဝေဒနာများစွာ၊ ရင်နာခြင်းများစွာ၊ မျက်ရည်များ စွာ၊ ဒုက္ခများစွာ၊ စိတ်မကောင်းခြင်းများစွာ၊ သတိရခြင်းများစွာဖြင့် ရေးသားထုတ်ဝေခဲ့ဘူးသော… "နွေရက်ရှည်တစ်ပုဒ်"အမည်ရှိ လုံးချင်းဝတ္ထုကို ဗီဒီယိုဇာတ်ကားအဖြစ် ရိုက်ကူးခဲ့သည့် "မျက်ရည်" ဇာတ်ကားတွင် စွမ်းစွမ်းတမံ ပါဝင်သရုပ်ဆောင်ခဲ့ကြသော…,

ဦးထွန်းထွန်းဝင်း၊ ဒေါ်ခင်သန်းနွယ်၊ မမျိုးသန္တာထွန်း၊ ကိုမင်းမော်ကွန်း၊ မမိုးပြည့်ပြည့်မောင်တို့နှင့် အခြားသော သရုပ်ဆောင် များအားလုံးကို ကျေးဇူးတင်ပါကြောင်း။ ဤစာမျက်နှာထက်မှ မှတ်တမ်းပြုအပ်ပါသည်။

❖❖❖

ကျွန်တော့်မိတ်ဆွေ [စာဖတ်ပရိတ်သတ်များ။ အနယ်နယ် အရပ်ရပ်မှ ကျွန်တော့်ညီအစ်ကို မောင်နှမများ]အားလုံး။ ရွှင်ပျော်ချမ်း မြေ့ကြပါစေ…။ ကမ္ဘာတစ်ဝှမ်းလုံး ငြိမ်းချမ်းကြပါစေ…။ အနုပညာ လောက.ကြီးအား အနုပညာသမားစစ်စစ်များ စောင့်ရှောက်ကြပါ စေ…။ ။

လေးစားခင်မင်လျက်

မောင်လှမျိုး(ချင်းချောင်းခြံ)

2002, FEB. 9

www.burmeseclassic.com

www.burmeseclassic.com





| | | |
|---|---|---|
| လောကေ | = | လောက၌၊ |
| ဟီနပုတ္တော | = | အမျိုးယုတ်သောသူ၏ သားဖြစ်လျက်လည်း။ |
| ရာဇာမစ္စော | = | မင်း၏အမတ် ဖြစ်တတ်၏။ |
| ဗာလပုတ္တောစ | = | သူမိုက်၏သား ဖြစ်လျက်လည်း။ |
| ပဏ္ဍိတော | = | ပညာရှိ ဖြစ်တတ်၏။ |

(လောကနီတိ)

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခနှင့် တစ်ခါကြုံတိုင်း
ချစ်သူလက်ကို
တစ်ခါကိုင်ပါရစေ။

(အိုမာခယမ်)



..........

မျှော်လင့်ခြင်းမဲ့ ရှုကာသစိတ်....တွေ
ဒါကာရာတွေကြောင့်
ကြေမှုကိုရှာဖွေသူတာ မပါဝယ်ယူတာလည်း
တစ္စရိယ...
(ရင်ထဲမှာလေ)
နေ့ရက်ကိုရှာတာပါပဲ။ ။

www.burmeseclassic.com

www.burmeseclassic.com





## အခန်း [၁]

ကွင်းကျောင်းစာသင်တိုက်၏ လက်ျာဘက် မြေကွက်လပ်သည် ကလေးငယ်တွေ ဆော့ကစားသည့် အားကစားကွင်း။ စီးသော ပေါ်တွင် ဆော့ကစားနေသူတွေ၊ ဒါန်းစီးနေသူတွေ၊ လျှောစီးနေသူတွေ ဖြင့် စည်စည်ကားကား။

ယုယုနိုင်က ရွယ်တူကောင်မလေးတွေနှင့် ပြေးတမ်း လိုက်တမ်း ကစားနေ၏။ ဂျော်နီရပ်နေသော နေရာနှင့် မလှမ်းမကမ်း။

ထွန်းထွန်း၏ ပြောစကားကြောင့် ဂျော်နီ့မျက်လုံးတွေ မှိုင်းဝင်းတောက်၏။

"ထွန်းထွန်း...အဲလို မပြောနဲ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



ဂျော်နီ့စကားကြောင့် ထွန်းထွန်းက...

"ဟုတ်လို့ပြောတာပဲ၊ ဘာဖြစ်လဲ"

ဂျော်နီသည် လက်ထဲရှိဘောလုံးကို မြေကြီးပေါ်သို့ ပစ်ချလိုက်၏။ ဘောလုံးသည် ခုန်ဆွဆွ။ ထွန်းထွန်း၏ ရယ်ကျဲကျဲမျက်နှာကြောင့် လက်သီးကို ကျစ်ကျစ်ဆုပ်မိသည်။ (၁၂)နှစ်သား၏ဒေါသသည် အရွယ်နှင့်မမျှ။ အားကုန်ဆောင့်တွန်းလိုက်သောအခါ ထွန်းထွန်း ဖင်ထိုင်ကျသွားသည်။

ထွန်းထွန်းက သူ့မျက်နှာကို လှမ်းကုတ်သည်။ သူက လဲကျနေသော ထွန်းထွန်း၏ မျက်နှာကို အပေါ်စီးမှ တစ်ချက်ချင်း ဖိထိုးနေ၏။ အသက်အရွယ်ချင်း အရပ်အမောင်းချင်း တူသော်လည်း ဂျော်နီ့ကို အနိုင်ယူနိုင်သူတွေ မရှိသေး။ မထိတထိ ပြောတတ်သော ထွန်းထွန်း၏မျက်နှာပေါ်သို့ ဂျော်နီ့လက်သီးချက်တွေက ထိထိမိမိ။

"ဂျော်နီ"

ယုယုခိုင်၏ အော်ဟစ်သံကို သူ ကြားသည်။ ဂရုမစိုက်အား။ ထွန်းထွန်း၏နှာခေါင်းထဲမှ သွေးစက်တွေ စီးကျလာသည်။ ထွန်းထွန်းက ဂျော်နီ့မျက်နှာကို သဲဖြင့် ပက်သည်။ မျက်လုံးတစ်ခုလုံး ဖွင့်၍မရတော့။

"ဂျော်နီ"

ပြေးလာသော ယုယုခိုင်၏ခြေသံကို ကြားသည်။ အခြားသော ခြေသံတွေ၊ တားဆီးစကားသံတွေ ကြားသည်။ လက်ခုံဖြင့် ပွတ်သပ်နေသည့်တိုင် သဲပွင့်တွေက မျက်လုံးထဲတွင် မပျောက်။





လက်ချောင်းနုနုတစ်စုံက လက်ျာလက်မောင်းကို လာဆွဲသည်။ ယုယုခိုင်ဟု သိ၏။ စိုးရိမ်ခင်တွယ်လေ့ရှိသော ငယ်သူငယ်ချင်း...။

•

'တော်ပါတော့ ကိုအောင်သန်းရယ်' ဟုသာ အမေ တားနိုင်ခွင့် ရှိသည်။ မေးလိုက် ရိုက်လိုက်နှင့် ခန္ဓာပေါ်သို့ အဖေ့ကြိမ်လုံးက အဆက်မပြတ်။ နာမကျန်းသော မျက်လုံးတွေဖြင့်သာ တောင်းပန်ကြည့် ကြည့်နေရှာသော အဖိုးနှင့်အဖွားကို သူ ငဲ့ကြည့်မိသေးသည်။

အဖေသည် ယောက္ခမတွေကိုပင် အသိအမှတ်ပြုစရာ ဂရုစိုက်စရာ မလိုအပ်တော့ဟု ထင်ရှိနေသည့် အချိန်ကာလ။

"ကလေးချင်း ရန်ဖြစ်တာပဲ ကိုအောင်သန်း
ရယ်၊ ဒီလောက်အထိ ရိုက်စရာ မလိုပါဘူး။
ကိုယ့်သားသမီး မထိမခိုက်တာကိုပဲ စိတ်အေး
ရမယ့်ဟာ"

အမေက မဝံ့မရဲ ပြောသည်။

ဂျော်နီသည် စီးကျလျက်ရှိသော မျက်ရည်တွေကို လက်ဖမိုးဖြင့် ဖယ်သုတ်နေ၏။ မငိုချင်သော်လည်း နာကျင်မှုကြောင့် မျက်ရည်ကျရသည်။

လျှံထွက်နေသော နှာခေါင်းသွေးတွေကို မဆေးကြောဘဲ



www.burmeseclassic.com

www.burmeseclassic.com



ထွန်းထွန်းကို ထွန်းထွန်း၏အမေက အိမ်ရှေ့သို့ ခေါ်လာသည်။ အော်ဟစ် တိုင်တန်းသည်။ ထိုသို့တိုင်တန်းနေစဉ် သူ့မျက်လုံးထဲတွင် သဲမှုန်တွေ မကင်းစင်တတ်သေး။ ထွန်းထွန်းတို့ ပြန်သွားသောအခါ ဘာမပြော ညာမပြောနှင့် အဖေ သူ့ကို ရိုက်၏။

"နင့်သား ခေါင်းမာနေတာကို မမြင်ဘူးလား မအေးသန်း။ ရန်ဖြစ်လို့၊ သူများသားသမီးကို ထိုးလို့၊ ကြိတ်လို့၊ ရိုက်ရင် တစ်ချက်နှစ်ချက်ပေါ့။ အခုတော့၊ ဘာဖြစ်လို့ ရန်ဖြစ်တာလဲ၊ ဘယ်လို ကနေ ဘယ်လို ဖြစ်တာလဲဆိုတာ မေးလို့မရဘူး လေ။ အဲဒီတော့ သေအောင် ရိုက်မယ်"

"ရှမ်း"

ထိုင်လျက်ရှိနေသူကို မတ်တတ်ရပ်လျက် ရိုက်၏။

"တော်ပါတော့ အဖေရယ်"

အပေါ်ထပ်မှ ပြေးဆင်းလာပြီး မမထားက ဝင်တားသည်။ အဖေ့စိုက်အကြည့်ကြောင့် မမထား ငြိမ်ကုပ်သွား၏။ သူအရိုက်ခံနေရသည်ကို ယုယုခိုင်လည်း သိလိမ့်မည် ထင်သည်။ ယုယုခိုင်၏ အိမ်သည် သူ့အိမ်နှင့် မလှမ်းမကမ်း။

အမေက...

"ပြောလိုက်လေ သား။ ဘာဖြစ်လို့ ရန်ဖြစ်ရတာလဲ၊ ထွန်းထွန်းက သားကို ဘာလုပ်လို့လဲ"

ခေါင်းကိုသာ တွင်တွင်ယမ်းမိသည်။





အဖေ့ ' တ က် ' ခေါက်သံသည် အိမ်နံရံတွေကို ထိကြွေ မတတ် ပြင်းထန်၏။ သို့သော် ရင်ကို စဉ်းငယ်မျှ မထိခတ်။

အငယ်နှစ်ယောက်က ကားပစ္စည်းတွေ တင်ထားသော ကွပ်ပျစ်အနီးတွင် ငြိမ်ကုပ်နေကြ၏။ အိမ်ရှေ့ရှိ ပြင်လက်စ ကား တစ်စီးသည် မပြီးပြတ်သေး။

နာတာရှည်ဖြစ်နေကြရှာသော အဖိုးနှင့်အဖွား (အမေ့မိဘများ)သည် ဂျော်နီအရိုက်ခံရသည်ကို မနှစ်မြို့ကြ။ တားဆီးစကားကိုလည်း လေသံဖြင့်ပင် မဟာနိုင်ကြ။

အရိုက်ခံရင်းက အဖိုးနှင့်အဖွားကိုပင် သနားမိချေသည်။

●

ယုယုခိုင်က ရှင်မီးအကျီကို ဆွဲဆန့်သည်။ မခြောက်တခြောက်ရှိနေသော သနပ်ခါးပါးကွက်ကြားပေါ်သို့ ဘီးကျဲဖြင့် ဆွဲခြစ်၏။ ဘောင်းဘီတစ်ထပ် ဝတ်သည်။ ပြီးမှ ပါတိတ်လုံချည်ငယ်ကို မနိုင့်တနိုင် ဝတ်သည်။ ခြောက်သွေ့သော ဆံပင်သည် လည်ဂုတ်ပေါ်သို့ ဝဲတဲတဲ။

အငယ်နှစ်ယောက်က ထမင်းစားပွဲပေါ်တွင် စာအော်ကျက်နေကြသည်။ အမေက ကုန်စုံဆိုင်ပေါ်တွင် ထိုင်နေရင်းမှ ငဲ့ကြည့်လျက်...

"သမီး"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်...အမေ"

"စောစောက ဂျော်နီ ရန်ဖြစ်လို့ဆို ဘယ်သူနဲ့လဲ"

"ထွန်းထွန်းနဲ့ ဖြစ်တာ"

"ဘယ်ကနေ စဖြစ်တာလဲ"

"သမီး...မသိဘူး အမေ"

"ကစားကွင်းထဲမှာ သမီးလည်း ရှိတယ်မို့လား"

"ရှိတော့ရှိတယ်အမေ။ ဂျော်နီနဲ့ထွန်းထွန်းနဲ့ နပန်းလုံးနေတာ မြင်တော့မှ သမီးက ပြေးသွားတာ။ ဘယ်ကနေဘယ်လို စဖြစ်တာမှန်း မသိဘူး"

အမေက ကျားပုံမကောက်ဆေးလိပ်ကြီးကို ဖွာနေသည်။ မီးခိုးငွေ့တထောင်းထောင်း။

"ဂျော်နီက အတန်းထဲမှာ စာတော်ရဲ့လား"

"သမီးထက်တောင် တော်သေးတယ်"ဟု ယုယုခိုင်က ပြောသည်။

"စာတော်တာတော့ ဟုတ်ပါရဲ့။ ရန်ဖြစ်တာက ဆိုးတယ်။ ထိခနဲဆို ဂျော်နီပဲ။ ကျောင်းမှာရော...အိမ်မှာရော"

အမေ့စကားကြောင့် သူပြုံးသည်။ ပြုံးလျက်...





"သူက စိတ်တိုတတ်တယ် အမေရဲ့။ စိတ်ကြီးတယ်"ဟု ပြော၏။

"ဖအေ ကားပြင်နေရင် အနားက ကူကက်လုပ်တာတော့ မဆိုးပါဘူး။ တကယ့်လူကြီးလေးအတိုင်းပဲ"

"ဒီပြင်လူတွေနဲ့သာ ရန်ဖြစ်တာအမေရဲ့၊ ဂျော်နီက သမီးနဲ့ တစ်ခါမှ ရန်မဖြစ်ဖူးဘူး"

"ဟဲ့...ဖြစ်ပါ့မလား အိမ်နီးချင်းပဲ။ ဖြစ်လည်း ညည်းကို ဟိုက ကိုင်ပေါက်ထားလို့ အရိုးတခြား အသားတခြား ဖြစ်နေမယ်"

မီးကျွမ်းနေသော ဆေးလိပ်အဖျားကို တံတွေးတို့လျက် ပြောသည်။ ပြုံးလျက်သာ နေရ၏။

ထိုင်ရာမှ ထသည်။ အမေ့အနီးရှိ ဆန်ထည့်ထားသော ဆန်ကောဝိုင်းကို မသည်။ မူလနေရာတွင် ပြန်ထိုင်သည်။ စပါးလုံးကို ရွေးကောက်လျက်...

"ဆန်တွေကလည်း ကြမ်းလိုက်တာ"

"ကြမ်းလည်း ကြမ်းကြမ်းပဲ သမီးရေ...သမဆိုင်က ထုတ်ထားတာ။ စပါးလုံးရွေးပြီးရင် ကျွဲဆန်နုည်းနည်းနဲ့ ရောချက်"

ခေါင်းညိတ်သည်။

စပါးလုံးတွေ စုလာအောင် ဆန်ကောကို ဝိုင်း၏။ ခဏ



www.burmeseclassic.com

www.burmeseclassic.com



အကြာတွင် ဟိုတစ်စေ့ သည်တစ်စေ့ ကွဲပြားပုန်းလျှိုးနေသော စပါးလုံးတွေ အလယ်တွင် စုဏ်။

စပါးလုံးများရသည့်အထဲ ဆန်ကွဲကလည်း နိုင်းချင်း။ သည်ကြားထဲ ဟင်းကလည်း မကောင်းတကောင်း။

❀❀❀





အခန်း [၂]

"ရန်မဖြစ်ပါနဲ့ဟာ... ရန်ဖြစ်တာ မကောင်းဘူး"

လေသံပျော့ဖြင့် ပြောသော ယုယုနိုင်၏စကားကို မကြားဟန်ပြု၏။

"သိလား...ဂျော်နီ" ဟု ယုယုနိုင်က အထွန့်တက်သည်။ စိတ်ထဲတွင် မကြည်လင်တော့။ မျက်မှောင်ကြုတ်လိုက်သော အခါကျမှ ယုယုနိုင် နှုတ်ဆိတ်သွားလေ၏။ စူပုတ်ပုတ်ဖြစ်နေသော ထိုမျက်နှာအားကြောင့် ယုယုနိုင်က မျက်စောင်းထိုးသေးသည်။ ထိနိုက်ရှုနာခြင်း ကင်းသော သံယောဇဉ်မျက်စောင်း။

www.burmeseclassic.com

www.burmeseclassic.com



"ယု…"

"ဘာလဲ…ဂျော်နီ"

ယုယုခိုင်က လွယ်အိတ်ကိုင်းကို ဖြန့်လျက်လွယ်ရင်း သူ့ကို ငဲ့ကြည့်သည်။ ဂျော်နီက စလွယ်သိုင်းထားသော လွယ်အိတ်ကို နောက်ကျောပိုးပြီး…

"နောက်ကို ပျော့ညံ့တဲ့စကားမျိုး ငါ့နားမှာ လာမပြောနဲ့။ မိန်းကလေးဆိုတာ အားနွဲ့သူတဲ့။ လူကြီးတွေက ပြောကြတယ်…။ အဲဒီအားနွဲ့တဲ့ မိန်းကလေးတွေထဲမှာ နင်ပါလို့ရှိရင် ငါ နင့်ကို သူငယ်ချင်းအဖြစ်ကနေ စွန့်လွှတ်မယ်။ ဒါပဲ"

ဟာစိစိဖြစ်သွားသော ပါးစပ်၏အနားသတ် နှုတ်ခမ်းပါးသည် အပေါ်စားဆိုးဆေးတွေနှင့် မလိုက်ဖက်။ ယုယုခိုင်၏မျက်နှာပြင် လက်မောင်းသွယ် ခြေခုံဖြူနုတို့တွင် သနပ်ခါးတွေ အဖွေးသား…။

"ငါက ဘာပျော့ညံ့လို့လဲ ဂျော်နီ"

တင်းမာစွာကြည့်သော အကြည့်ကို ယုယုခိုင်က ရင်ဆိုင်၏။ ကျောင်းသွားလမ်းတစ်လျှောက်သည် မော်တော်ယာဉ်တွေ အနှံ့အပြား။

"ရန်မဖြစ်ပါနဲ့လို့တားတာ၊ ပျော့ညံ့တာပေါ့ ဟ"

နာခေါင်းရှုံ့သွားသဖြင့် မကျေနပ်၊ ယုယုခိုင်က မျက်နှာထား ကိုပါ တမင်မဲ့လျက်…၊

"ရန်မဖြစ်ပါနဲ့လို့ တားတာ ပျော့ညံ့တာ။





ဟုတ်လား…ဂျော်နီ"

"ဟုတ်တယ်"

မျက်နှာလေး တည်သွားသည်။

"ငါက နင်ခံရမှာစိုးလို့ ပြောတာ"

"ဘာဖြစ်လို့ ခံရမှာလဲ၊ ယောကျ်ားချင်းပဲ"

"ဟဲ့…အရိုက်ခံရမှာကို ပြောတာ။ နင့်အဖေ နင့်ကို ရိုက်မှာကို ပြောတာ သိပလား"

"ရိုက်လည်း ရိုက်ပေါ့။ ငါက လုပ်ရဲရင် ခံရဲတယ်။ ထွန်းထွန်းကို ငါ လုံးဝမကျေနပ်သေးဘူး။ ကျောင်းမှာ တွေ့လို့ကတော့ အိမ်မတိုင်ကြေး ထပ်ချဉ်းမယ်"

ထိုစကားကြောင့် ယုယုခိုင် အံ့ကြိတ်၏။ ပြီးမှ…

ကားလမ်းအကူးတွင် ယုယုခိုင်က သူ့ကျောကုန်းပေါ်ရှိ လွယ်အိတ်ကိုင်းကို ကိုင်လျက် လိုက်သည်။ ကားလမ်း၏တစ်ဘက်ကို ရောက်သော်…

"ရန်ဖြစ်တယ်ဆိုမှတော့ လူမိုက်မို့လို့ဖြစ်တာ ပေါ့ဟဲ့။ လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့ မမိုဝဲနဲ့ ကင်းအောင်နေတဲ့။ နင်ရန်ဖြစ်လို့ကတော့ လူ မိုက်ပဲ။ အဲဒါဆို ငါလည်း နင့်ကို မခေါ်တော့ဘူး အမြဲပြတ်"

"မခေါ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဂျော်နီက ခြေလှမ်းကိုမြှင့်ပြီး လျှောက်ပစ်လိုက်သည်။ ယုယနိုင်ခမျာ အပြေးလိုက်ရရှာ၏။

"နင်...ငါ့စကားကို နားမထောင်ဘူးလား ဂျော်နီ"

ခြေလှမ်းကို အမီလိုက်ရင်း မေးသည်။ ခြေလှမ်း၊ လေး၊ ငါး၊ခြောက်၊လှမ်းမျှ လှမ်းပြီးသောအခါ ဂျော်နီက...

"နင် သူငယ်ချင်းကောင်း မပီသဘူး...ယု"

အံ့ဩဟန်ကို ယုယနိုင်၏ မျက်နှာပေါ်တွင် တွေ့သည်။

"ငါ ရန်ဖြစ်တိုင်း နင် အမြဲတမ်း ဝင်ဝင်ဆွဲတယ်။ ကူချတယ်ဆိုတာ တစ်ခါမှမရှိဘူး။ မိန်းကလေးမို့ ကူမချချင်နေ၊ ဆရာတော့ မလုပ်နဲ့မတားနဲ့"

"ရန်ဖြစ် ရန်ဖြစ်လို့ ငါက မြှောက်ပေးရမှာလား"

"မြှောက်ပေးပေး၊ မပေးပေး၊ငါဘာလုပ်လုပ် နင် ငါ့ဘက်မှာ ရှိနေရင် ပြီးရော..."

"နင့်ကို သူများတွေက လူမိုက်လို့ထင်မှာ စိုးလို့ ငါပြောနေတာ ဂျော်နီရဲ့"

"အပျော်သက်သက် ရန်လိုက်ဖြစ်နေတာ မဟုတ်ဘူး။ ငါမခံချင်အောင် ပြောလို့ ဖြစ်တာ။ မဟုတ်က ဟုတ်ကပြောလို့ ဖြစ်ရတာ"





"မဟုတ်ကဟုတ်က ပြောလို့ဖြစ်တာ၊ဟုတ်လား...ဂျော်နီ"

မည်သည့်စကားမျှ မတုံ့ ပြန်မိ...။

"ထွန်းထွန်းက နင့်ကို ဘာပြောလို့လဲ"

"မသိချင်ပါနဲ့ဟာ...အဖေမေးတာတောင် ငါ မဖြေဘူး"

ယုယနိုင်က နားမလည်ဟန်ဖြင့် သူ့ကို ကြည့်သည်။

ကျောင်းရှေ့တွင် ဈေးသည်တွေ၊ ရှယ်တူ ကျောင်းသားကျောင်းသူတွေကို ခပ်လှမ်းလှမ်းတွေ့၏။

"ဘာပဲဖြစ်ဖြစ်ဟာ နင် ထွန်းထွန်းနဲ့ ရန်ထပ်မဖြစ်ပါနဲ့တော့။ နင် အရိုက်ခံရမှာစိုးလို့ ပြောတာ။ နင့်အဖေက ရိုက်လိုက်ရင် အရမ်း။ အခုတောင် နင့်မျက်နှာ ယောင်နေတယ်"

ပါးပြင်ကို လက်ဝါးဖြင့် ပွတ်မိသည်။ ထူအမ်းနေသည်ဟု ကိုယ့်ကိုယ်ကို သိသည်။

"ငါ့ကို မတားနဲ့ယု။ ဒီကောင်ပြောတဲ့စကားက အရိုက်ခံရတာထက် ပိုနာတယ်။ သုံးလေးရက်လောက်မှ အိမ်မတိုင်ကြေးဆိုပြီး လူမမြင်တဲ့ နေရာမှာ ချိန်းပြီး ချဦးမယ်"

ပြောရင်း ဒေါသဖြစ်သည်။ ထွန်းထွန်းပြောခဲ့သော (ဘယ်နည်းနှင့်မှ မဖြစ်နိုင်သော) စကားသံတွေကို နားထဲတွင် ကြားယောင်



www.burmeseclassic.com

www.burmeseclassic.com



နေသော ဖို့၏။

"ရန်စ,ဖြစ်တုန်းကတော့ သူပြောတဲ့စကားကို မခံနိုင်လို့ ဖြစ်တာ။ နောက်ထပ်ဖြစ်မှာကတော့ ငါ့အရိုက်ခံရတာကို မကျေနပ်လို့ ဖြစ်မှာ"

ကျောင်းအဝင်ဝသို့ ရောက်သည်။ ယုယုခိုင်က ခြေလှမ်းရပ်လျက်...

"ဒါဆို...နင် ငါ့စကားကို နားမထောင်တော့ဘူးပေါ့။ ဟုတ်လား ဂျော်နီ"

စကားမတုံ့ ပြန်ဘဲ ယုယုခိုင်ကို မကျေမနပ်ကြည့်သည်။

"ဘာလဲ ယု၊ နင်က ထွန်းထွန်းနာသွားမှာ စိုးရိမ်လို့လား"

အံကြိတ်သည်ကို တွေ့ရ၏။ ဒေါသမျက်ဝန်းကို နီးကပ်စွာ မြင်သည်။

"နင် ဘယ်လိုထင်ထင် အရေးကြီးတာ နင် ရန်မဖြစ်ဖို့ဘဲ၊ ရန်ဖြစ်တာနဲ့ နင် ငါ့ကို မခေါ်နဲ့တော့"

ပြတ်သားလွန်းသော ဒေါသစကား...။

"မခေါ်ဘူး"ဟု သူပြောသည်။ ယုယုခိုင်က...

"ကျောင်းလည်း အတူတူမလာတော့ဘူး။ ကျောင်းပြန်လည်း နင် ငါ့ကို မစောင့်နဲ့"

"မစောင့်ဘူး"





ပြောပြီး လက်ညှိုးနှင့် လက်ခလယ်ကို ကွင်းသည်။ ယုယုခိုင်၏ ရှေ့သို့ တိုးပေးလိုက်၏။ ယုယုခိုင်က ဂျော်နီ့လက်ညှိုးနှင့် လက်ခလယ်အတွင်းသို့ လက်ညှိုးထည့်လျက် ဆွဲဖြုတ်လိုက်သည်။ ကွာဟသွားသော ခံစားချက်သည် လက်ဖျားတွေမှတစ်ဆင့် ရင်တွင်းသို့ ဆန့်တက်၏။

ဆတ်ခနဲလှည့်ထွက်ပြီး ကျောင်းဝင်းထဲသို့ ဝင်သွားသော သူငယ်ချင်းကို ဒေါသမဲ့စွာ ငေးကြည့်လျက် ကျောင်းရှေ့တွင် ကျန်ရစ်ခဲ့သည်။ စာသင်ခန်းထဲသို့ အတူဝင်နေကျဖြစ်သော အလေ့အထတွေ ကျေပျက်သွားရပေပြီ၊ ကိုယ့်ကိုယ်ကို တရားခံဟုမထင်မိ။ ယုကိုလည်း အပြစ်မဖို့ရက်။ ထွန်းထွန်း၏ မျက်နှာကိုသာ မြင်ယောင်နေသည်။

●

ထားထားက အငယ်နှစ်ယောက်ကို သနပ်ခါးလူးပေးနေသည်။ နို့ညှာဖြစ်သူ ဇာနည်က သနပ်ခါးလူးပြီးသည်နှင့် ထိုင်ရာမှ ထသည်။ ကျောင်းဝတ်စုံကို သူ့ဘာသာ ဝတ်ဖို့ပြင်၏။ ထားထားက အငယ်ဆုံးလေး အောင်ထွေးကို သနပ်ခါးအလိမ်း ရပ်လျက်၊ ဇာနည့်ကို လှမ်းဆွဲသည်။ "သနပ်ခါးတွေ ပေကုန်လိမ့်မယ်"ဟု ပြောပြီး သေတ္တာထဲမှဝတ်စုံကို လက်ကောက်ဝတ်နှစ်ဖက်ဖြင့် ညှပ်ပြီး ခုတင်ပေါ် တင်သည်။

အောင်ထွေးကို ခေါင်းဖြီးပေးနေစဉ် အမေက ဇာချခြင်း



www.burmeseclassic.com

www.burmeseclassic.com



ကို ချရင်း…

"ဂျော်နီ ကျောင်းသွားပြီလား သမီး"

ခေါင်းညိတ်လျက်…

"သွားပြီ အမေ။ ခြောက်နာရီလောက်က တည်းက သွားတာ။ အစောကြီးရှိသေးတယ်လို့ ပြောတော့ ယုယုကို ဝင်ခေါ်ရဦးမယ်တဲ့"

အမေ သက်ပြင်းချသည်။

"အခါတိုင်း အမေ ဈေးဝယ်ပြန်လာတဲ့အထိ စောင့်နေကျ။ ဈေးခြင်းကို အိမ်နောက်ဖေးအထိ သယ်ပေးပြီး မုန့်ဖိုးယူနေကျ…"

စိတ်မကောင်းစကား ဆိုသည်။

"မုန့်ဖိုးကို သမီး ပေးသေးတယ် အမေ။ မယူတော့ဘဲ သနပ်ခါးမလိမ်း ဘာမလိမ်းနဲ့ ထွက်သွားတာ"

အဖေအိပ်နေသော အခန်းဘက်သို့ ငဲ့ကြည့်လျက် အမေက…

"မနေ့က ဖအေ့ရိုက်တာ တော်တော်နာသွားတယ် သမီး"

"ရန်ဖြစ်ရုံလေးနဲ့များ"ဟု ထားထားက လေသံသဲ့သဲ့ဖြင့် ပြောသည်။

"ဘယ်လိုက ဘယ်လို ဖြစ်တာတဲ့လဲ အမေ"



"မသိဘူး သမီး၊ အမေမေးတာလည်း မရဘူး၊ အမေကဆို သူ့မြေးအရိုက်ခံရလို့ နေမကောင်းတဲ့ကြားထဲက တရှုံ့ရှုံ့ ငိုနေသေးတယ်"

ထားထား မျက်ရည်ဝဲသည်။

သူ့မောင်လေး လိမ်မာသည်ကို သူသာလျှင် သိ၏။ သူ့မောင်လေး၏ စိတ်ဓာတ်ကိုလည်း သူ အသိဆုံး။

ဂျော်နီသည် အရိုက်ခံနေရစဉ်က တစ်ချက်မျှ မညည်းညူ၊ မအော်ဟစ်၊ မဟန့်တား။ ဒလဟောစီးကျနေသည့် မျက်ရည်တွေကိုသာ နိုင်နင်းအောင် သုတ်ဖယ်သည်။ ထားထားက မောင်ဖြစ်သူကို ဖက်တွယ်လျက် အကာအကွယ် ပေးချင်သော်လည်း အထမမြောက်ခဲ့ချေ။ ရိုက်နှက်သံတစ်ချက် ကြားစဉ်တိုင်းသည် အစ်မကြီးဖြစ်သူ၏ နှလုံးအသည်းတွင် စူးနစ်စွာ ခံစားရ၏။ အမေ့ဝေဒနာကိုမူ မမှန်းဆနိုင်စွမ်းတော့။

●●●

www.burmeseclassic.com

www.burmeseclassic.com





## အခန်း [၃]

ကျောင်းဆင်းသောအခါ ယခင်အစဉ်အလာအတိုင်း ကျောင်းရှေ့တွင် ရပ်နေမိသေးသည်။ ယုယုနိုင်ကို မြင်တော့မှ အစဉ်အလာတွေ ပျက်ယွင်းသွားပြီကို ပြန်သတိရ၏။

သူရပ်နေရာသို့ ယုယုနိုင် ငဲ့မကြည့်သဖြင့် ပိုမိုခံစားရသည်။ အမှန်တကယ်ခင်မင်ရသောသူ၏အပေါ်တွင် မာနကို မည်သို့မျှ တင်၍ မရချေ။ ခင်မင်သူသည် အတွေး၌ ပိန်းရွက်။ သူ့မာနသည် ရေစက်။ ထိုရေစက်သည် မြေသို့ သက်ဆင်းသွားသည်ဟု ကိုယ့်ကို ကိုယ်သိ၏။ ယုယုနိုင် မသိသဖြင့် နည်းနည်းတော့ ကျေနပ်မိသေးသည်။ ဒိုက်ထဲတွင် တကျိုတ်ကျိုတ်။

www.burmeseclassic.com

www.burmeseclassic.com



မုန့်စားဆင်းချိန်မတိုင်ခင်ကတည်းက ဗိုက်ထဲတွင် အလွန်ဆာသည်။ နေ့စဉ်ရရှိသော မုန့်ဖိုးကို သိမ်းဆည်းလေ့မရှိခဲ့သူ၏ အလေ့အထအရ သည်နေ့အဖို့ လက်ထဲတွင် တဲစ်ပြားတစ်ချပ်မျှ မရှိ။ ကျောင်းအလာတုန်းက မမထားပေးသော မုန့်ဖိုးကို ဘာကြောင့် မယူလာခဲ့မိသလဲဟု ယခုမှ ကိုယ့်ကိုယ်ကို မေးမိသည်။

ဘာကြောင့်မှန်းလည်း ကိုယ့်ကိုယ်ကို မသိ။ အိပ်ရာနိုးနိုးချင်း ကိုယ်လက်သန့်စင်သည်။ ရေချိုး မျက်နှာသစ်သည်။ပြီးနောက် အဝတ်အစားလဲ ကျောင်းလွယ်အိတ်ကို မသေသပ်စွာဆွဲလျက် ထွက်ခဲ့သည်။ အခါတိုင်းနှင့်မတူသော ဤမနက်ခင်းတွင် မည်သူ့စကားသံကိုမျှ မကြားချင်။ မည်သူနှင့်မျှ စကားမပြောချင်မှန်းတော့ ကိုယ့်ကိုယ်ကို သိသည်။ ထို့ကြောင့်ပင် မမထား ပေးသောမုန့်ဖိုးကို ငြင်းပယ်ခဲ့မိဟန် တူ၏။

မုန့်စားဆင်းချိန်ရောက်သော်၊ ဗိုက်ဆာသည်။ အတန်းရှေ့ရှိ သောက်ရေအိုးသို့ အကြည့်ရောက်၏။ သို့သော် ရေအိုး၏အနီးတွင် ယုယုခိုင် ထိုင်နေသဖြင့် ခြေမရွှေ့ဖြစ်။

မောင်ကျော်နီ

အင်္ဂလိပ်အတန်း [မြဲ]

မြန်မာ့သမိုင်း

ဟူသော စာကြောင်းတွေပေါ်သို့ ဖောင်တိန်ဖြင့် အကြောင်းမဲ့ ထပ်ရေးနေသည်။ အတန်းထဲတွင် ကျောင်းသူ ကျောင်းသား အနည်းငယ်သာရှိ၏။ ထိုစဉ့် အနားသို့ ကောင်မလေးတစ်ယောက်





လာရပ်သည်။ ရှေ့ဆုံးအတန်းတွင် ယုနှင့် တစ်ခုံတည်းထိုင်သော နေခြည်ဦး။ နေခြည်ဦး၏လက်ထဲတွင် စာခေါက်တစ်ခု။ ပြီးနောက် ပေါက်စီတစ်လုံး။

"ကျော်နီ"

နေခြည်ဦး၏ခေါ်သံကြောင့် သူ မေးဆတ်ပြသည်။

"ယုယုခိုင် ပေးခိုင်းလိုက်တာ" ဟုပြောပြီး လက်နှစ်ဖက်ကို ဆန့်တန်းသည်။ ဆန့်တန်းသောလက်နှစ်ဖက်ကို ကြည့်လျက်...

"ဘာပေးခိုင်းလိုက်တာလဲ"

"စာနဲ့ ကြက်သားပေါက်စီ"

ကျော်နီက လက်ကာသည်။ "စာကိုအရင်ပေး" ဟု ပြောပြီး ဆွဲယူလိုက်သည်။ စာခေါက်ကို ဖြည်ရင်း အတန်းရှေ့ရှိ ယုယုခိုင်ကို လှမ်းကြည့်သေးသည်။ ကျောပေးထားသည်ကို တွေ့သဖြင့် စာကို ငုံ့ဖတ်သည်။

ကျော်နီ

နင်နဲ့ ငါနဲ့ မခေါ်ဘူးနော်။

ဒါပေမဲ့ နင်ဗိုက်ဆာနေမှာစိုးလို့ ကြက်သားပေါက်စီတစ်လုံး ဝယ်ပေးလိုက်တယ်။ ငါစုထားတဲ့ မုန့်ဖိုးနဲ့ ဝယ်တာ၊ ကြက်သား ပေါက်စီကိုစား၊ ငါ့ကိုတော့ မခေါ်နဲ့။

'ယု'

"နင့်ကို ငါ ပြန်ခေါ်ပါ့မယ်။ ကြက်သားပေါက်စီကို စားဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အောင် စားပါနော်''ဟုပြောလျှင် ဘယ်လောက်ကောင်းမလဲဟု တွေးသည်။ အခုတော့...

လက်ထဲရှိဖောင်တိန်ဖြင့် ယုယုခိုင်၏ လက်ရေးတွေအောက်တွင် စာကြောင်းတွေကို လျှင်မြန်စွာရေးလိုက်သည်။

ဗိုက်လည်းမဆာဘူး၊
ပေါက်စီလည်းမစားဘူး၊
နင့်ကိုလည်း မခေါ်ဘူး၊ မာနနဲ့။
ဒါပဲ။

ပု
ရော်နီ

ရေးပြီးစာရွက်ကို ပြန်ခေါက်သည်။ နေခြည်ဦးကို လှမ်းပေးရင်း...

''ဒီစာ ပြန်ပေးလိုက်၊ ပေါက်စီလည်း ပြန်ယူသွား။ ငါ့ကို လာမနှောင့်ယှက်နဲ့လို့လည်း ပြောလိုက်။ သိလား နေခြည်ဦး''

နေခြည်ဦးသည် ခေါင်းတညိတ်ညိတ်ဖြင့် နာခံ၏။ ယုယုခိုင်၏ အနားသို့ နေခြည်ဦးရောက်သော် မှာပုံတော်အတိုင်း တစ်လုံးမချန် သံတော်ဦး တင်နေ၏။ မှာပုံတော်အတိုင်း တင်လျှောက်သည်လား၊ မူလမှာပုံတော်ထက် တစ်စွန်းတစ်စ ပိုမိုတင်လျှောက်





လိုက်သည်လား မသိ။ စာရွက်ဖြုသံတစ်ခုကို တုန်ဟည်းစွာ ကြားရသည်။ ဖနှောင့်မကောင်းသော ခြေနင်းသံသည်လည်း ပြင်းလွန်းလှ၏။ ကြက်သားပေါက်စီလေးသည် ပြတင်းပေါက်မှတစ်ဆင့် စာသင်ခန်းအပြင်သို့ ပျံထွက်သွားသည်။ ကြက်သားပေါက်စီအတွင်းရှိ ကြက်သားတုံးလေးတွေက အသက်ပြန်ဝင်သွားသည်လား မသိ။

ထို့ကြောင့် ကျောင်းဆင်းသောအခါ ပျက်ယွင်းသွားသောအစဉ်အလာသည် ပိုမိုဆုတ်ယုတ်သွားလေ၏။ ကျောင်းအပြန်လမ်းတွင် ထွန်းထွန်းနှင့် မျက်နှာချင်းဆိုင် တွေ့ပစ်လိုက်ချင်၏။ မူလခန့်မှန်းထားသော လက်သီးချက်အရေအတွက်ထက် သုံးလေးဆလောက်ပိုထွက်လာမည်ဟု ကျိန်းသေသိ၏။

ထိုနေ့က ထွန်းထွန်း ကံကောင်းသွားသည်။

အိမ်ပြန်ရောက်သောအခါ အဖေ ဘတ်(စ)ကားကြီးတစ်စီးကို ပြင်နေသည်။ အပေါ်ထပ်သို့ အပြေးတက်သည်။ ကျောင်းသွားဖို့အချိန်သင့်ဖြစ်နေသော မမထားကို လှေကားထိပ်တွင် တွေ့၏။ မထားက အဌမတန်း ဖြစ်သဖြင့် နေ့ခင်းပိုင်းမှ တက်ရသည်။ တစ်ကျောင်းတည်းဖြစ်သော်လည်း ကျောင်းတက်ချိန် မတူတော့ချေ။ ... ပဥ္စမတန်းတုန်းက မမထားသည် သတ္တမတန်း။ ထို့ကြောင့် ... မောင်နှမနှစ်ယောက်နှင့် ယုယုခိုင်သည် ကျောင်းသွားကျောင်းပြန်



www.burmeseclassic.com

www.burmeseclassic.com



အတူတကွ။

"မောင်လေး"

"ဗျာ...မမထား"

"နင်...ဗိုက်မဆာဘူးလား"

"ဆာတာပေါ့"

မမထား ပြုံးသည်။ ဂျော်နီ့ခေါင်းပေါ်ရှိ ဆံပင်တွေကို သေသေသပ်သပ်ပြုပြင်ပေးလျက်...

"အဝတ်အစားလဲ၊ ပြီးရင် ထမင်းစားပွဲပေါ်မှာ မမထား ထမင်းခူးပေးထားတယ်"

သူ ခေါင်းညိတ်သည်။ မမထားက လှေကားအတိုင်း တစ်ထစ်ချင်းဆင်းရင်း အပေါ်သို့မော့လျက်...

"အဝတ်အစားလဲပြီးမှ စားနော်"

"ဟုတ်ကဲ့ပါ"ဟု သူပြောသည်။ "အမေကော"ဟု တစ်ဆက်တည်း မေးလိုက်၏။

"ဓာနည်နဲ့ အောင်ထွေးကို သွားကြိုတယ် အမေတို့ကို စောင့်မနေနဲ့၊ စားနှင့်..."

"ဟုတ်ကဲ့၊ ဟုတ်ကဲ့" ဟု သူ့အခန်းတွင်းမှ အော်ပြောလိုက်သည်။ အဝတ်အစားလဲပြီးသောအခါ သောက်ရေအိုးစင်ရှိရာသို့ အလျင်အမြန်ပြေးဆင်း၏။

●





ဂျော်နီ၏ အဖိုးနှင့်အဖွားသည် နာမကျန်း ဖြစ်နေကြ၏။ အဖိုးသည် ပက်လက်ကုလားထိုင်တွင် မှိန်းနေ၏။ အဖွားက အိပ်ရာထဲတွင် ခွေခွေလေး ရှိသည်။

အဖိုးသည် အမေငယ်စဉ်က ဒိတ်ဒိတ်ကျဲစက်ပြင်ဆရာကြီး တစ်ဦးဖြစ်သည်။ အဖေလုပ်ကိုင်ဦးစီးနေသော ကားဝပ်ရှော့လုပ်ငန်းသည် အဖိုး၏ လက်ငုတ်လက်ရင်း။ အဖေ စွမ်းဆောင်နိုင်သမျှတွေသည် အဖိုး၏ ပညာစီးကြောင်း။

"ဖွားဖွား ဘာစားပြီးပြီလဲ"ဟု သူမေးသည်။

"မြူစွမ်ပြုတ် သောက်ထားတယ်"

အဘွား၏လေသံသည် တိုးတိုးမျှ။ ပိန်လှီဖျော့တော့နေသော အခြေအနေကို အားမရစွာ ခန့်မှန်းမိသည်။ မှိန်းနေသော အဖိုးကို ငဲ့ကြည့်လျက်...

"အဘိုးကော"ဟုမေးသောအခါ "အတူတူပဲ"...ဟု အဘွား ပြော၏။

"ထမင်း မစားချင်ဘူးလား ဖွားဖွား"

လက်ျာဘက်လက်ကို မနိုင်မနင်း ခါပြသည်။ အဖိုးနှင့် အဖွားကို ကြည့်လျက် သူငိုချင်၏။ မအိုသေး၊ မနာသေး၊ မသေသေး နိုင်လျှင် ကောင်းမည်ဟု တစ်ကိုယ်တည်း တွေးသည်။ ငယ်ရွယ်သေးသော်လည်း မဖြစ်နိုင်သောဆန္ဒဟု သုံးသပ်သိရှိ၏။

မိဘဘိုးဘွား၊ ညီအစ်ကိုမောင်နှမ၊ ခင်မင်ရင်းစွဲ ရှိသူတွေ၏ နေစွယ်ကျိုးချိန်တွင် မည်သို့ ကျန်ရစ်ခဲ့ရမည် မသိ။ ကလေးပီပီ

www.burmeseclassic.com



အတွေးတွေ ဆန့်လျားသွားချေသည်။ အမေသေမှာ စိုးခေါ်။(ထွန်းထွန်း၏ ပြောစကားတွေ မရေရာသေးသဖြင့်) အဖေသေမှာ မစိုးတစိုး။ မမထား၊ ဇာနည်၊ အောင်ထွေး ယုယုခိုင် အားလုံးနှင့် ခွဲခွာရမှာ စိုးရိမ်သည်။ ကြောင့်ကြစိတ်ကြောင့် မျက်ရည်ပင် ဝဲမိသည်၊ အမိုးနှင့် အဖွားကို တာရှည်စွာ ကြည့်နေနိုင်စွမ်း မရှိတော့။

●

"စားနှင့်ရောပေါ့ သားရယ်"ဟု အမေက ဟင်းထည့်ပေးရင်း ပြောသည်။ ဂျော်နီ ထမင်းမစားရသေးသဖြင့် အငယ်နှစ်ယောက်ကို အဝတ်အစားတွေ မလဲဖယ်နိုင်းတော့ဘဲ ထမင်းပွဲသို့ တန်းထိုင်ခိုင်းသည်။

"ရေသုံးခွက်တောင် သောက်ထားပါတယ် အမေရဲ့"

ထမင်းလုတ်ကို မျိုချပြီး ပြောသည်။ အမေက...

"အမေ ဈေးပြန်လာတာတောင် မစောင့်မှ မစောင့်ဘဲ။ သား မုန့်ဖိုး ယူမသွားရဘူးပေါ့။ မမထားပေးတယ်ဆို...သားကို"

ခေါင်းညိတ်သည်။

"ဘာဖြစ်လို့ ယူမသွားတာလဲ"

"ဘာမှတော့ မဖြစ်ပါဘူး။ စိတ်ထဲမှာ မကြည်



မလင်နဲ့မို့"

အမေ့မျက်နှာ ခပ်နွမ်းနွမ်း။

"သားရယ်...ကိုယ့်အဖေရိုက်တာပဲ ဖအေကို စကားမပြောဘဲ မနေနဲ့ဦးနော် သား။ ထမင်းစားပြီး တအောင့်နေရင် ကူလုပ်ပေးလိုက်ဦး။ အင်ဂျင်ချမယ် ပြောတယ်။ ဦးမြသောင်းနဲ့ ကောင်လေးတွေတော့ ရှိတယ်။ ဒါပေမဲ့ သားပါ ကူလုပ်လိုက်ဦး။..ကြားလား"

ခေါင်းညိတ်သည်။ "အဖေရော စားပြီးပြီလား"ဟု မေးမည်စိတ်ကူးသည်။ မမေးဖြစ်။

"ရန်လည်း မဖြစ်ပါနဲ့ သားအဖေက ရန်ဖြစ်လို့ရိုက်တာထက် သူမေးတာ မဖြေလို့တဲ့၊ ဗိုပြီး ရိုက်တာ"

ရင်တွင် တင်းခနဲ ဖြစ်သည်။

"နေစမ်းပါဦး သားရဲ့၊ ထွန်းထွန်းက ဘာပြောလို့လဲ သားကို..."

ဘာမှမဖြစ်လျှင် ပြောပြလိုက်ချင်သည်။

"ဟိုပြော သည်ပြောပါ အမေရာ..."

အမေက ထမင်းဖြည့်ပေးသည်။

"သားအဖေက ထပ်မေးရင် ဘယ်လိုလုပ်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ထပ်ပြီး အရိုက်ခံလိုက်မှာပေါ့"

အငယ်နှစ်ယောက်က ထမင်းတွေကို ဖြေးညင်းစွာ စားနေသည်။ အောင်ထွေး၏ ပန်းကန်ထဲရှိ ထမင်းတွေကို အမေ နယ်ပေးနေ၏။

"ဒီလောက်အထိတောင် သားက တင်းခံနေတာဆိုရင် တော်တော်ပြဿနာကြီးမယ့် စကားမျိုးပဲ ဖြစ်ရမယ်။ အမေ ထွန်းထွန်းကို သွားမေးရမလား သား"

မဲ့ခနဲ ပြုံးမိသည်။

"မေးချင် မေးပေါ့။ အမှန်အတိုင်း မဖြေမှာကျိန်းသေတယ်။ မနေ့ကတောင် သူ့မှာ ဘာအပြစ်မှမရှိဘဲ သားက ရန်စတဲ့ပုံစံ ပြောသွားတာပဲ"

အမေ သက်ပြင်းချသည်။ ဂျော်နီကမူ ချမိမလိုဖြစ်နေသော သက်ပြင်းကို ထမင်းလုတ်နှင့် ရောမျိုချပစ်လိုက်၏။

●●●



## အခန်း [၄]

အဖေက ရေတိုင်ကီ မတပ်ခင် ပန်ကာနှပ်တွေကို ကျပ်နိုင်းသည်။ ကွင်းတစ်ဘက်၊ ငွတစ်ဘက်ဖြင့် မပီမကမ်း။ ပန်ကာနှပ်တွေကို ကျပ်ပြီးသောအခါ ပန်ကာကြိုး တပ်သည်။ ရေတိုင်ကီကို အဖေနှင့် ကူမသည်။ ရေတိုင်ကီ၏အောက်ခြေတွင် ဖာထေးရာနှစ်ခုသုံးခုကို တွေ့သည်။ ရေထည့်ကြည့်သောအခါ ရေစိမ့်သည်ကို မတွေ့ရတော့။ တိုင်ကီရှေ့ရှိ သံဇကာကို အဖေက ကိုင်ပေးသည်။ သူက နပ်တွေကို လှည့်ကျပ်သည်။

"ကိုမြကြိုင် ဂီယာပေါက်ချမယ်"ဟု အဖေပြော၏။ ပြီးနောက်...

www.burmeseclassic.com

www.burmeseclassic.com



"ကျော်နီ ဂီယာဝိုင်ခံဖို့ ပုံးတစ်လုံး အဆင်သင့်
လုပ်ထား"

အဖေ့ကို သူ ခေါင်းညိတ်ပြသည်။ ဘန်ဘာပေါ်မှ ခုန်ဆင်းလိုက်၏။

အမှားအယွင်းရှိလျှင် အဖေက အော်တတ် ငေါက်တတ်သေးသည်။ ယုယုခိုင်ထံသို့ ရောက်နေတတ်သော စိတ်ကြောင့် မမှားယွင်းအောင် သတိချပ်ရ၏။

တစ်ခါတရံမျှ ရန်မဖြစ်ဖူးသောသူငယ်ချင်းနှင့် မခေါ် မပြောဘဲ မနေထိုင်တတ်။ ခေါ်ပြောဖို့ကျပြန်တော့လည်း တစ်ဘက်သားက တင်းမာနေသည်။ သူ့ဘက်ကလည်း မာန်မလျှော့။ ရင်ထဲတွင် လျှော့ပါးနေသော မာနသည် ပြင်ပတွင် ယခင်အတိုင်း တည်လျက်ရှိ၏။ မနေ့ညနေက ယုယုခိုင်၏ အိမ်ရှေ့သို့ သွားသည်။

"လှမ်းခေါ်ရင် သိပ်ကောင်းမှာပဲ"ဟု တွေး၏။ ကုန်စုံဆိုင်ရှေ့နားအရောက်တွင် ယုယုခိုင်၏ အရိပ်အရောင်ကို လှမ်းတွေ့၏။ ဆိုင်၏တူရူသို့ရောက်သော် အမှန်တကယ် လှည့်ကြည့်ချင်သော်လည်း လှည့်မကြည့်ဖြစ်အောင် နေရသည်။ မသိကျိုးကျွင်ပြု၍ ဖြတ်လျှောက်သွားသည်ကို ဟန်ဆောင်နေသော ယုယုခိုင်လည်း သိမြင်လိမ့်မည်ထင်၏။

"ဟော့ကောင် သေသေချာချာ ခံလေ"

ဦးမြသောင်း၏ အသံကြားမှ အလုပ်ထဲသို့ စိတ်ပြန်ဝင်စား၏။ လမ်းမပေါ်သို့ ဖိတ်စဉ်ကျသွားသော ဂီယာဝိုင်တွေကို မြင်သည်။





ပုံးကို သေသေချာချာ ပြန်ကိုင်၏။ အနီးအပါးတွင် အဖေမရှိသဖြင့် တော်ပါသေးသည်။

●

မနေ့က နေ့လည်ဘက် ပင်ပန်းသဖြင့် စာကျက်ချိန်တွင် မျက်စိတွေ လေးသည်။ မမထားကို ပြောပြီး စောစောအိပ်ရာဝင်သည်။ အိပ်ယာထနောက်ကျမှာစိုးသော်လည်း နောက်မကျ။

အိပ်ခန်းထဲမှအထွက်တွင် အဖေ့ကျောပြင်ကို မြင်၏။ အဖေသည် ခေါင်းရင်းပြတင်းပေါက်မှနေ၍ အောက်ဘက်သို့ လက်ဟန်ခြေဟန်ဖြင့် စကားပြောနေသည်။ အခန်းအပြင်သို့ ထွက်လုလုခြေလှမ်းကို တုန့်ဆိုင်းပစ်လိုက်သည်။ ခုတင်ခေါင်းရင်းရှိ ပြတင်းပေါက်တံခါးကို ခပ်ဖွဖွလုပ်၏။ လက်နှစ်လုံးသာသာမျှ ဟသွားသော တံခါးရွက်ကြားမှ အောက်ဘက်သို့ သူ ငုံ့ကြည့်သည်။

ခေါင်းရင်းအိမ်မှ ဒေါ်ဟန်နွဲ့မြိုင် မျက်နှာကြီးသည် မြင်ကွင်းထဲသို့ ဝင်လာချေ၏။ ခန္ဓာကိုယ်မြောက်တက်သွားသည်ဟု ခံစားရသည်။ တဆတ်ဆတ်တုန်ယင်နေသော လက်ချောင်းတွေသည် နိုဘွယ်ရာ ကင်းပနေချေ၏။ ဒေါ်ဟန်နွဲ့မြိုင် ရပ်နေသော မြေပြင်ပေါ်သို့ နှစ်စက္ကူတစ်ထပ် ပြုတ်ကျသွားသည်ကို အထင်းသား မြင်နေရသည်။ အောက်နှုတ်ခမ်း သွေးစို့လုမတတ် အံကြိတ်ထားမိ၏။ ပြတင်းတံခါးကို ဝုန်းခနဲ ဖွင့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း၏အပြင်ဘက်သို့ လှမ်းထွက်မည့် ခြေလှမ်းသည် ယိုင်နဲ့နေချေသည်။

ရင်ထဲတွင် ဆို့နစ်စွာ ခံစားနေရသည်။ 'အမေရေ'ဟု အော်ခေါ်လိုက်ချင်သည်။ ''ဒါဘာလုပ်တာလဲ အမေ''ဟု လေသံမာမာဖြင့် မေးမြန်းပစ်လိုက်ချင်သည်။

စုစည်းတည်ငြိမ်လျက်ရှိသော အရာတွေ၊ ပြိုကွဲသွားမှာ စိုးသဖြင့် ဝေဒနာကို ဝေဒနာအဖြစ်သာ သည်အတိုင်း ထားလိုက်ရ၏။ ယိုးစွပ်ခဲ့သော ထွန်းထွန်း၏ စကားသံတွေသည် အမှန်စကားဟု ရှုတ်ချည်း နားလည်လိုက်သည်။ မခံချင်စိတ်၊ မယုံကြည်စိတ်တို့ကြောင့် အဆက်မပြတ် ထိုးနှက်ခဲ့သော ဒေါသလက်သီးချက်တွေကို အားနာမိချေပြီ။

ထွန်းထွန်း၏နှာခေါင်းထဲမှ စီးကျခဲ့သော သွေးစက်တွေသည် လက်ရှိကာလတွင် ဂျော်နီ့ရင်တွင်းမှ နှလုံးသွေးစက်။ အမေ မသိပါစေနဲ့ဟု အခါခါဆုတောင်းသည်။ ကြောက်ရွံ့ရှိသေခဲ့သော အမေ့ကို ရွံရှာစွာ နာကျင်မိ၏။ အရက်စက်ဆုံးသော ဖခင်လူသားဟု နှလုံးသည်းခြေတွင် ဝေးမှတ်သည်။ ပါးပြင်သို့ စီးကျသော မျက်ရည်ကို ခြင်ထောင်ဇာဖြင့် သုတ်ဖယ်ပစ်လိုက်၏။

အခန်းအပြင်သို့ ရောက်သောအခါ အမေ့ကို အရိပ်အရောင်မျှ မတွေ့ရတော့ပါ။ ဈေးသွားနေသော အမေ့ကို သနား၏။





''ယု''

လှည့်မကြည့်။

''ယု''

နံဘေးသို့ အပြေးသွားလျက် ခေါ်သော်လည်း ငဲ့မကြည့်။ ကျောင်းစာသင်တိုက်၏ တူရူရှိ ကျောက်ပိုက်လုံးကြီးတွေ အနားသို့ ရောက်သောအခါ ယုယုခိုင်၏လွယ်အိတ်ကို သူ လှမ်းဆွဲထားသည်။ ခြေလှမ်းတန့်သွားသော်လည်း မျက်နှာထားသည် တင်းမာနေဆဲရှိ၏။ စေ့တင်းထားသော နှုတ်ခမ်းပါး၊ တွန့်ကောက်နေသော မျက်ခုံးနက်တွေသည် တင်းမာဟန်ကို တမင်ပြုနေခြင်းမဟုတ်မှန်း သိသာစေ၏။

''ယု''

မျက်နှာမငဲ့သော်လည်း၊ မျက်လုံးအိမ်သည် နံဘေးသို့ ရွေ့လျား၏။

''ငါ့ကို ပြန်ခေါ်ပါ ယုရယ်''

လွယ်အိတ်ကို မလွှတ်သေးဘဲ သူပြောသည်။

ယုယုခိုင်က...

''လူမိုက်နဲ့ မခေါ်ချင်ဘူး၊ စေတနာကို စော်ကားတဲ့သူကို သူငယ်ချင်းလည်း မတော်ချင်ဘူး''

''ငါ မမိုက်တော့ပါဘူး''ဟု သူပြောသည်။ ငဲ့မကြည့်သော သူငယ်ချင်း၏ မနက်ခင်းမျက်နှာကို ငေးမောလျက် ပြုံးပြချင်မိသည်။ ...သော် မျက်ရည်ဝဲနေသည်မှန်း ကိုယ့်ကိုယ်ကို သိ၏။ မျက်ဝန်းကို

www.burmeseclassic.com



ပုတ်ခတ်လျက်...

"ငါ ထွန်းထွန်းနဲ့ ရန်မဖြစ်တော့ဘူး"

"နင် တကယ်ပြောတာလား ဂျော်နီ"

သူ ခေါင်းညိတ်သည်။ လွယ်အိတ်ကိုင်းကို လွတ်လျက်...

"တကယ်ပြောတာပါ ယုရယ်၊ ထွန်းထွန်းကို ငါ စိတ်လည်းမဆိုးတော့ဘူး။ ရန်လည်းမဖြစ်ချင်တော့ဘူး။ ပြီးတော့...နင်နဲ့ မခေါ်ဘဲလည်း ငါ မနေနိုင်ဘူး။ နင် နေနိုင်ပေမယ့် ငါက မနေနိုင်ဘူး ယု၊ ငါ့မှာ သူငယ်ချင်းဆိုလို့ နင်တစ်ယောက်တည်း ရှိတာ"

ယုယုနိုင်က သူ့ကိုကြည့်လျက်...

"ဂျော်နီ၊ ငါကရော နင်နဲ့မခေါ်ဘဲ နေနိုင်တယ်လို့ နင်ထင်နေလား"

မျက်ရည်လဲ့လဲ့ကို တွေ့သည်။ စကားသံသည် ငိုသံ မကင်း။

"ငါ့စကားကို နားမထောင်လို့သာ မခေါ်တာ၊ ငါက မိန်းကလေး၊ နင့်လို အသည်းမမာပါဘူး ဂျော်နီရယ်..."

မျက်ရည်တွေကို လက်ခုံဖြင့် သုတ်သည်။ ရင်တွင် နင့်ခနဲ။

"မငိုပါနဲ့ ယုရယ်...ငါတို့နှစ်ယောက် ဘယ်တော့မှ ရန်မဖြစ်တော့ဘူးနော်"

မျက်ရည်၏ တိုက်စားခြင်းကြောင့် သနပ်ခါးတချို့ ပျက်





ကုန်၏။

"နော်...ယု"

မျက်ရည်သုတ်လျက် ခေါင်းညိတ်သည်။ ယုယုနိုင်၏ ဘက်ကို တွဲခေါ်လိုက်သည်။ မနက်ခင်းလေပြေသည် ကြည်နူး ပြေလျက် ရှိ၏။

ကစားကွင်းကို လွန်လာသည်။ လမ်းထိပ်ရှိ ကုက္ကိုပင်ကြီးအောက်သို့ ရောက်သောအခါ ဂျော်နီက လက်ညှိုးနှင့် လက်ခလယ်ကို ကွင်းသည်။ ခြေလှမ်းတန့်လျက် ယုယုနိုင်၏ ရှေ့သို့ ထိုးပေးလိုက်၏။ ယုယုနိုင်က လက်ဖဝါးတစ်ခုလုံးဖြင့် ဆုပ်ကိုင်ပူးကပ်လိုက်ချေသည်။ ရင်တွင် အေးစိမ့်စွာ ရှင်လန်း၏။

ယုယုနိုင်ကလည်း လက်ညှိုးနှင့် လက်ခလယ်ကို ကွင်းသည်။ ပြီးလျက် သူ့ရှေ့သို့ ဆန့်တန်း၏။ နှစ်ဦးသား၏ မျက်ဝန်းတွင် မျက်ရည်တွေ လဲ့နေကြသည်ကို နှစ်ကိုယ်သိ သိသည်။

ယု၏လက်ချောင်းလေးတွေကို လက်ဖဝါးတစ်ခုလုံးဖြင့် ဖွဖွဆုပ်ကိုင်လိုက်၏။ လက်နှစ်ဘက်သည် ကွာဟခြင်း အလျဉ်းမရှိတော့။

ကျောင်းသွားလမ်းတလျှောက် လက်တွဲလျက် သွားကြသည်။ လမ်းကူးသောအခါတွင်လည်း လက်ချင်း မြဲမြဲနေဆဲရှိ၏။ ဘယ်တော့မှ မခွဲခွာချင်သူများစာရင်းတွင် အချစ်ဆုံးသူငယ်ချင်းတစ်ယောက်သည် အစဉ်အမြဲ တည်ရှိနေ၏။ စွယ်တော်ရွက်တစ်ရွက်သည် တစ်ကွဲစီပြားစီ မရှိစကောင်း။

❀❀❀



www.burmeseclassic.com

## အခန်း (၅)

မမထားးက ''ဟုတ်ရဲ့လား မောင်လေးရယ်'' ဟု တအံ့တသြ ဆိုသည်။

''ဟုတ်မဟုတ် မကျိန်းသေလို့ မမထားကို ကျွန်တော်မပြောဘဲ နေတာ။ အခု အတိအကျသိလို့ ကျွန်တော် ပြောပြတာ''

မမထား သက်ပြင်းချသည်။

''အစ်မကြီး အမိအရာမို့ မမထားကို ကျွန်တော် အသိပေးတာနော်၊ အမေတော့ လုံးဝ မသိစေနဲ့၊ ပြဿနာတွေ ရှုတ်တက်ကုန်လိမ့်မယ်''

www.burmeseclassic.com



"အမေသိပြီးပါပြီ သားရယ်"

အမေ့အသံကြောင့် မျက်လုံးတွေ ဝိုင်းသွားကြရသည်။ အမေက ဂျော်နီ့နံဘေးတွင် ထိုင်သည်။ မမထားက ဂျော်နီ့ကို ငေးကြည့်နေ၏။

"အမေသိတယ် ဆိုပေမယ့် ပတ်ဝန်းကျင်က တစ်ဆင့် သိရတာပါ သားရယ်၊ မျက်မြင်ကိုယ်တွေ့တော့ မကြုံသေးပါဘူး။ ကဲ...ပြောစမ်းပါဦး သားရဲ့၊ သားက ဘာတွေသိထားလို့ သမီးကို ပြောပြနေရတာလဲ"

မမထားကို သူ မျက်ခုံးတွန့်ပြသည်။ ထားထားက မိခင်ကို မရဲတရဲကြည့်၏။ ဂျော်နီက...

"သားတို့မောင်နှမက တခြားအကြောင်းတွေ ပြောနေတာ...အမေရ၊ အမေက ဘာအကြောင်း လာမေးနေတာလဲ"

အမေသည် ကြေကွဲအပြုံးကို ကြည်လင်စွာပြုံး၏။

"အမေသိနေတဲ့ကိစ္စကို ဘာဖြစ်လို့ ဖုံးထားချင်ရတာလဲ သားရယ်၊ ထွန်းထွန်းကို တွေ့လို့ မုန့်ဖိုးပေးပြီး အမေ မေးကြည့်ပြီးပြီ"

ရင်တွင် ထိတ်ခနဲဖြစ်သည်။

"ဒီကောင်က ပါးစပ်ထဲ တွေ့ကရာ ပြောမှာပေါ့ အမေရဲ့"





"တွေ့ကရာမပြောအောင် မုန့်ဖိုးများများပေးပြီး မေးတာပေါ့"ဟု အမေပြောသည်။

ဂျော်နီသည် ဆံပင်တွေကို တဗျင်းဗျင်းကုတ်ဖွ၏။

"ဂျော်နီနဲ့ဘာဖြစ်လို့ ရန်ဖြစ်တာလဲလို့ အမေကမေးတော့ ထွန်းထွန်းက မရဲတရဲ ပြောတယ်။ ဦးအောင်သန်းနဲ့ ဒေါ်ဟန်နွဲ့မြိုင်နဲ့ ကြိုက်နေကြတယ်လို့ ပြောလို့တဲ့။ ဒေါ်ဟန်နွဲ့မြိုင်က ကလေးငါးယောက်အမေ။ ငါ့အမေကလည်း သားသမီးတွေနဲ့၊ လုံးဝမဟုတ်နိုင်ဘူးလို့ ဂျော်နီက ပြောတယ်တဲ့။ ထွန်းထွန်းကလည်း ကျိန်းသေဟုတ်တယ်ပြော၊ သားကလည်း မဟုတ်ဘူးလို့ ငြင်းရင်းနဲ့ နပမ်းသတ်ကြတာတဲ့။ ကဲ...ဟုတ်တယ် မဟုတ်လား"

"မဟုတ်ဘူး"ဟု ဂျော်နီပြောသည်။

အမေက ပြုံးလျက်...

"မဟုတ်ဘူးဆို ထားလိုက်ပါတော့။ ထားထားကို မေးရင် အကုန်သိရမှာပဲ၊ စောစောက သား ဘာတွေပြောပြတယ်ဆိုတာ"

ဂျော်နီက ထားထားကို စူးစိုက်စွာကြည့်လျက်...

"အမေမေးချင် မေးလေ၊ မမထားနဲ့သားနဲ့ ပြောနေကြတာက တခြားအကြောင်း"



www.burmeseclassic.com

www.burmeseclassic.com



အမေက သူ့ပါးပြင်ကို ဖွဖွလိမ်ဆွဲလျက်…

"သားအဖေကိုအောင်သန်းက ခေါင်းရင်းအိမ်က ဟန်နွဲ့မြိုင်ကို စျေးဖိုးပစ်ချပေးတဲ့အကြောင်း မဟုတ်ဘူးလား"

"အမေ"

မမထား ငိုသံဖြင့် လှမ်းခေါ်သည်။ အမေ့ကို ဖက်၍ ငိုလေ၏။ သူလည်း ငိုချင်ပါသည်။ အဖေ့အပေါ် နာကျင်စိတ်ကြောင့် မျက်ရည်တွေ ခမ်းခြောက်သွားပြီလား မသိ။

"သားနဲ့ သမီးနဲ့ ပြောနေကြသံကို အမေ ကြားပြီးပါပြီကွယ်၊ အမေ ဘယ်လိုမှ မခံစားရဘူး သားနဲ့သမီးတို့ရဲ့ အမေ့အပေါ်မှာထားတဲ့ စေတနာကို သိရလို့ အမေ ဝမ်းတောင်သာပါသေးတယ်"

အမေ့စကားသံသည် တုန်ယင်လျက်ရှိ၏။

"အမေ့ဘဝမှာ အမေ့သားသမီးတွေ ရှိနေသမျှ ဘယ်လိုပြဿနာမျိုးပဲ ကြုံကြုံရ အမေမှု ပါဘူး။

သားတို့ သမီးတို့ရဲ့ အဖေ၊ အိမ်ထောင်ရေး ဖောက်ပြန်တာက အမေ့အတွက် နှလုံးသားကို ပါ၊ သားတို့သမီးတို့တတွေ သာယာပျော်ရွှင်ဖို့ အတွက်သာ အမေ့ဘဝကိုစွပါလေ။ ဟုတ်တယ်





မို့လား…သား"

ခေါင်းတစ်ချက် အညိတ်သည် လျှောင်လှိုင်းတစ်ခု။

"အမေ ဘာမှ မဖြစ်ပါဘူးကွယ်။ သားတို့သာ စာကြိုးစားကြ။ ကဲ…သမီး၊ သမီးလည်း မငိုနဲ့တော့။ ဖအေ့ကိုလည်း ဘာမှမပြောကြနဲ့နော်၊ မသိသလိုဘဲ နေကြ၊ ပြောစရာရှိရင် အမေပဲ ပြောမယ်၊ ကြားလား…"

နှစ်ယောက်စလုံး ခေါင်းညိတ်သည်။

"စာကျက်ကြ စာမေးပွဲနီးပြီ၊ ခေါင်းရှုပ်စရာ ဘာမှမတွေးနဲ့။ သမီး, ထားထား"

"ရှင်…အမေ"

"ဘဝအတွေ့အကြုံတစ်ခုပဲလို့ သဘောထားနော်…သမီး"

ခါးသီးဖွယ်သော ဘဝအတွေ့အကြုံဟု နှလုံးသည်းခြေထဲမှ ပြောမိသည်။ မိုက်မှားသူကို ဖခင်တော်မိခဲ့သော လက်ရှိဘဝ၊ ထိုဘဝကို မည်သို့ ချေဖျက်ရမည် မသိ။

❀

မကြာင်းနှစ်တစ်ယောက် အရက်သောက်တတ်သည်မှာ ဆန်းပြား။ နေ့ရောညပါ အလုပ်ပင်ပန်းသူတချို့၏ ပြုမူနေကျ



www.burmeseclassic.com

www.burmeseclassic.com



အဝေ့အဝေဟု နားလည်ထားသည်။ သို့သော် အဖေ အရက်သောက် ပုံသည် အိပ်ပျော်စားဝင်ရုံ ပမာဏမျှမက။ လူမှန်းသူမှန်း မသိအောင် သောက်တတ်သည်။ ဇေျာ်နီက ဖခင်ပြုမူနေသမျှကို မျက်ထောင့် နီဖြင့် စွေစောင်းကြည့်နေတတ်စမြဲ။

အပြစ်တစ်စုံတရာရှိပြန်လျှင် ညင်သာစွာ ဆိုဆုံးမတတ်သည် မှာ အမေတစ်ဦးတည်း။ အဖေကမူ ဒေါသတကြီး ရိုက်နှက်တတ်လေ့ ရှိ၏။ မမထားမှအစ မောင်နှမလေးယောက်စလုံးကို အဖိုးနှင့် အဖွားက လိုလေသေး မရှိစေရ၊ ပြည့်ဝစွာ စောင့်ရှောက်ခဲ့သည်။ ယခုတွင်မူ အဖိုးနှင့်အဖွားသည် အရှပ်ကြိုးပြတ်။

အဖိုးနှင့်အဖွား ကျန်းမာသန့်စွမ်းစဉ်က အဖေသည် သားသမီး တွေကို ရိုက်နှက်ဖို့ မဆိုထားနှင့် အော်ခွင့်ငေါက်ခွင့်ကိုပင် ပြည့်ပြည့်ဝ မရရှိချေ။ အလုပ်ပင်ပန်းသည်ကို အကြောင်းပြု၍ သေရည် သောက် စားတတ်သည်မှာ သုံးလေးနှစ်။ အဖိုးအဖွားကို ဇရာတရားက ဝါးမျို လုံသိပ်ခဲ့သည့် ကာလမှာလည်း သုံးလေးနှစ်။ နောင်သော် အဖေ သည် အိမ်၏ အရှင်သခင် ဖြစ်လာချေသည်။

အကောင်းအဆိုး ဝေဖန်သံကို အမေ့နှုတ်ဖျားမှ ကြား ခဲ့သည်။ မိတနှစ်ပါးနှင့် သားသမီးတွေကို ပြုစုရမည့် ဝတ္တရားကိုသာ ခေါင်းထဲ ထည့်ထားဟန်တူ၏။ အိမ်ဦးနတ်၊ အိမ်ထောင်ဦးစီး မွေ သဖခင်၏ လွဲချော်မိုက်မှားမှုတွေကို မမထားကလည်း မထောက်ပြခဲ့ ပြောရဲဆိုရဲရှိသည့် ဇော်နီကလည်း ကလေးပီပီ မကျေနပ်ကြည့်သာ ကြည့်သည်။ ယခုနောက်ပိုင်းတွင် ဇော်နီသည် သူ့ဖခင် ဦးအောင်





သန်းကို မလွှဲမရှောင်သာမှ စကားပြောလေ၏။ မိခင်ကိုမူ တစ်စထက် တစ်စ ပိုမို၍ ချစ်ခင်သနားတတ်လာသည်။

❀

ဆဋ္ဌမတန်းဖြေဆိုနေစဉ်တစ်လျှောက်လုံး စိတ်ထဲတွင် မရွှင်ပြ ခဲ့၊ ယုယုခိုင်က နေမကောင်းဘူးလားဟု မေးသည်။ အိပ်ရေးပျက်လို့ဟု သူပြော၏။

"ဒီနေ့ ရုပ်ရှင်သွားကြည့်မယ်"ဟု အမေနှင့် မမထားကို သူပြောခဲ့သည်။ နောက်ဆုံးဘာသာ ဖြေပြီးပြီးချင်း ယုယုခိုင်နှင့်အတူ မြေနီကုန်းကို သွားဖို့ပြင်သည်။ အတန်းဖော် လေးငါးယောက်နှင့်အတူ ထွန်းထွန်းကိုပါ ခေါ်ခဲ့၏။

"ရွှေမန်းရုံမှာ ကြည့်ကြမယ်"ဟု သူပြော၏။ "ဆန်းသီ ရိရုံက ကုလားကား ကောင်းတယ်"ဟု ယုယုခိုင် ပြောသည်။ အားလုံး၏သဘောတူညီချက်အရ ဆန်းသီရိရုံတွင် ကြည့်ဖို့ ဆုံးဖြတ်၏။

ရုံရှေ့သို့ရောက်သောအခါ ထွန်းထွန်းက သူ့ကို လက်တို့ သည်။ ငဲ့အကြည့်တွင် ထွန်းထွန်း၏ မျက်လုံးတွေက တစ်နေရာရာသို့ ညွှန်ပြနေ၏။ မျက်လုံးညွှန်ပြရာသို့ သူလှမ်းကြည့်သည်။ အဖေနှင့် အကြည့်ဆုံ၏။ အဖေ့နံဘေးတွင် ဒေါ်ဟန်နွဲ့မြိုင်ကို တွေ့သည်။ မျက်နှာလွှဲပစ်လိုက်သော်လည်း အာရုံတွင် မပျောက်ပျက်။

ယုယုခိုင်က ကျောင်းသူနှစ်ယောက်နှင့် စကားပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



တခြားအတန်းဖော်တွေကလည်း ရယ်မောနောက်ပြောင်နေကြလျက် နှင့်အမျှ ထွန်းထွန်း၏ ကရုဏာအကြည့်သည် ဂျော်နီတစ်ကိုယ်လုံးသို့ လွှမ်းခြုံထားလျက် ရှိ၏။

"ထွန်းထွန်း"

သဲ့သဲ့မျှသော လေသံဖြင့်ခေါ်သည်။ ထွန်းထွန်း ငဲ့ကြည့်သော အခါ ဂျော်နီက...

"ငါ့အဖေကိုတွေ့တယ်လို့ ဘယ်သူ့မှ မပြော ပါနဲ့ကွာ၊ နော်...ထွန်းထွန်း"

"စိတ်ချပါကွာ..."ဟု ထွန်းထွန်း ပြောသည်။

"အထူးသဖြင့် ငါ့အမေ မသိစေချင်ဘူး"

ထွန်းထွန်း ခေါင်းညိတ်သည်။

"ယု"

ခေါ်သံကြောင့် ယုယုနိုင် လှည့်ကြည့်သည်။ "ဘာလဲ ဂျော်နီ"ပြော၏။

ဂျော်နီက...

"ငါမကြည့်ချင်တော့ဘူးဟာ"

ယုယုနိုင် သူ့ရှေ့သို့ ရောက်လာ၏။ ထွန်းထွန်းက "ငါလည်း မကြည့်ချင်တော့ဘူး"ဟု ပြောသည်။ "နင်တို့နှစ်ယောက် ဘာဖြစ်တာ လဲ"ဟု နေခြည်ဦး မေးသည်။ "ဘာမှ မဖြစ်ပါဘူး"ဟု သူပြော၏။ ပြောရင်း အဖေရှိရာသို့ မျက်နှာမမူမိအောင် သတိချပ်ရသည်။

"ဂျော်နီ"





ယုယုနိုင်က အသံသာသာဖြင့် ခေါ်သည်။

"ဒီရုံမှာ မကြည့်ချင်ရင်လည်း နင်ကြည့်ချင် တဲ့ ရုံမှာပဲ ကြည့်မယ်လေ"

မည်သို့သော စကားဖြင့် တုံ့ပြန်ရမည် မသိ။

"ငါ...ငါ ခေါင်းတွေ အရမ်းမူးတယ် ယု"

ထွန်းထွန်းကို ငဲ့ကြည့်လျက် ပြောမိသော မုသား။

"ဟယ်...တကယ်။ ဒါဆို ငါလည်း မကြည့် တော့ဘူး"

"ရှုဆေးဘူးလည်း ပါမလာဘူး"ဟု နေခြည်ဦး ပြောသည်။

"အိပ်လိုက်ရင် ပျောက်သွားမှာပါ"ဟု ဂျော်နီ ပြောသည်။

ယုယုနိုင်က ဂျော်နီ့နဖူးကို စမ်းကြည့်သည်။

"ကိုယ်တော့ မပူဘူး"ဟု သူပြော၏။ ပြီးနောက်... အဖော်တွေဘက်လှည့်လျက်...

"ငါတို့မကြည့်တော့ဘူး။ ပြန်တော့မယ်"

"ဒါဆို အကုန်ပြန်ကြမယ်"ဟု အဖော်တစ်ယောက်က ပြော သည်။ တစ်အုပ်စုလုံး တန်းစီနေသည့် လူတွေကြားထဲမှ ထွက်လိုက် သည်။ ကျောပေးထားသော အဖေ့ကို မြင်ဖြစ်အောင် မြင်လိုက်သေး သည်။ ဒေါ်ဟန်နွဲ့မြိုင်သည် ဒုတိယနေရာနှင့် လိုက်ဖက်သော ဟန်ပန် တွေ အပြည့်။

●●●



www.burmeseclassic.com

www.burmeseclassic.com





## အခန်း [၆]

ထိုနေ့က ဦးအောင်သန်းသည် သားဖြစ်သူ ဂျော်နီကို [illegible]ကြည့်ကွက်ကြည့်လုပ်သည်။ ဂျော်နီက မသိချင်ယောင်ပြုသည်။ [illegible]နှာချင်းမဆိုင်အောင် တမင်ရှောင်၏။

ကားပြင်သည့်အခါတိုင်း သူ့ကို တောက်တိုမယ်ရ ခိုင်းနေကျ [illegible]သည်။ အနည်းဆုံး လိုအပ်သော ကားပစ္စည်းတွေ ဝယ်ခိုင်းနေကျ။ [illegible]သော် ထိုနေ့အပါအဝင် ရက်သတ္တပတ်နှစ်ပတ်ခန့် ဂျော်နီအနားရှောင်၏။

နောက်ပိုင်းတွင် ကူညီလုပ်ကိုင်ပေးသောအခါ အဖေ့မျက်နှာ [illegible]ကြည့်တော့။ ခိုင်းစေသမျှကို လိုက်နာရန်အတွက် စကားသံကို [illegible] နား[illegible]င်သည်။ ဂိုးဆေးပေးသည်ကာအစ နဂိုထက်နှစ်ဆစင်အောင်

www.burmeseclassic.com

www.burmeseclassic.com



သေး၏။ နပ်တွေ မူလီတွေကို ရစ်ပတ်သည်ကအစ နဂိုထက် အားအင်ပိုစိုက်သည်။ အဆူ အပြောကို ယခင်က ခံနိုင်စွမ်းရှိခဲ့သော်လည်း နောက်ပိုင်းတွင် စကားသံကိုပင် ကြားချင်နိုင်စွမ်းမရှိတော့။

❁

အောင်စာရင်းတွေကြည့်ပြီး အပြန်တွင် ယုယုခိုင်က...

"ငါရော နင်ရော ဒီနှစ် ခုနစ်တန်း။ ခုနစ်တန်း အောင်ပြီးတာနဲ့ ရှစ်တန်းတက်၊ ဂျော်နီ... ရှစ်တန်းက အစိုးရစစ်ဆို"

"နင်ကလည်းဟာ...ခုနစ်တန်းဖြင့် မတက်ရသေးဘူး။ ရှစ်တန်းကိစ္စ ကြိုပြောနေပြန်ပြီ"

"နင် မသိပါဘူး ဂျော်နီရာ...။ ငါက အတန်းတွေ မြန်မြန်တက်၊ အသက်တွေ မြန်မြန်ကြီး လူကြီး မြန်မြန်ဖြစ်ချင်နေတာဟ"

"ဘာဖြစ်လို့ လူကြီးဖြစ်ချင်ရတာလဲ"ဟု ဂျော်နီမေးသည်။ ယုယုခိုင်စကားသံ မကြားရခင်...

"ဘာလဲလူကြီးမြန်မြန်ဖြစ်ချင်တာ ယောကျ်ား မြန်မြန် လိုချင်လို့လား"

ဂျော်နီ မျက်နှာတည်ဖြင့် မေး၏။

ယုယုခိုင်၏ မျက်ဝန်းတွင် ရွှန်းလဲ့ခါစ မျက်စောင်းတစ်စုံကို



သုစ်ခနဲ တွေ့လိုက်၏။ မျက်စောင်းရုပ်သိမ်းလျက်...

"နင် ထင်ရာမြင်ရာတွေ စွပ်ပြောမနေနဲ့ ဂျော်နီ။ ငါက နင်တို့လို ဝပ်ရှော့ဆရာရဲ့ သားသမီး မဟုတ်ဘူး။ အမေ မုဆိုးမရဲ့ သမီး။ အကြီးဆုံး သမီး။ ငါ့အောက်မှာအငယ်နှစ်ယောက်၊ ငါက အခုမှ ခုနစ်တန်းရှိသေးတာ၊ ငါ ဘွဲ့ရတဲ့အထိ အမေ မကျန်းမာရင် ဘယ်လိုလုပ်မလဲ၊ ဒီကြားထဲ အမေ သေသွားရင် ဒုက္ခ။

ငါ့ပညာရေး ဆုံးခန်းမတိုင်ခင် အမေသေမှာ စိုးရိမ်တာထက် အမေ မသေခင် အမေ့ကို ငါ လုပ်မကျွေးလိုက်ရမှာ ပိုစိုးရိမ်တယ်။ အဲဒါကြောင့် ငါ လူကြီးဖြစ်ချင်တာ"

အနားမှ ဖြတ်သွားသော စက်ဘီးတစ်စီးကို လှမ်းကြည့်လိုက်သည်။ ကျော်လွန်သွားမှ "ထွန်းထွန်း"ဟု သိ၏။ "ဟော့ အောင်တွေ အောင်လား"ဟု မျက်နှာလှည့်လျက် ထွန်းထွန်း အော်သည်။ လက်မထောင်ပြလျက် အောင်တယ်ကွဟု ဂျော်နီ လှမ်းအော်သည်။

"ထွန်းထွန်း၊ နင်ရော..."ဟု ယုယုခိုင်လှမ်းမေးသည်။

"အိုကေပဲ"ဟူသော အသံကို ခပ်ဝေးဝေးမှ ကြားရ၏။

"ယု"

"ပြော..."

www.burmeseclassic.com

www.burmeseclassic.com



"ငါ နင့်လိုမျိုး တစ်ခါမှ မတွေ့ဖူးဘူး"

"ဘယ်တွေ့ဖူးမှာလဲ၊ နင်တို့က အရာရာ အဆင်ပြေနေတာကိုး"

"မထင်ပါနဲ့ ယုရယ်"

စကားသံသည် ပုံမှန်မဟုတ်။

"ထင်တာမဟုတ်ပါဘူး၊ မြင်တာပါ။ နင်တို့က အဖေစုံ အမေစုံရှိတယ်။ လက်ငုတ်လက်ရင်း စီးပွားရေးရှိတယ်။ ဘာလိုချင်သလဲ၊ လိုချင်တာ အရန်သင့်လေ။ အဲလို လိုတရနေတဲ့ နင်က လိုအပ်ချက်တွေနဲ့ ပြည့်နေတဲ့ ငါ့လို ဘယ်တွေးတတ်ပါ့မလဲ။

ပြီးတော့...နင်က သားလတ်၊ နင့်အထက်မှာ မမထားတစ်ယောက်လုံး ရှိသေးတယ်။ တွေးချင်းတွေး မမထားပဲ တွေးမှာပေါ့။ မမထားက ငါ့လိုပဲ အကြီးဆုံးသမီး။ မိဘကို လုပ်ကျွေးဖို့ အငယ်တွေကို ဦးဆောင်ဖို့တွေးထားမှာ အမှန်ပဲ"

ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်သည်။ သက်ပြင်းချပြီး...

"နင်နဲ့ ငါနဲ့က ဆန္ဒချင်း မတူဘူး"

ယုယုခိုင်က မဲ့ပြုံး ပြုံးသည်။

လှပစွာပြုံးတတ်သော ပွင့်သစ်စ ရတနာအပြုံး။ ပြုံးလျက်...





"နင့်လို ဂျစ်တစ်တစ်,တစ်ယောက်မှာ ဆန္ဒတွေ အာသီသတွေ ရှိတယ်ဆိုတာ အံ့သြတယ်"

ထိုစကားကြောင့် ယုကို မကျေနပ်စွာ စိုက်ကြည့်သည်။ ကုက္ကိုပင်ကြီး၏ အောက်တည့်တည့်သို့ရောက်သော် လှမ်းလက်စ ခြေလှမ်းကို တန့်၏။ ခပ်လှမ်းလှမ်းတွင် အားကစားကွင်း။ အားကစားကွင်း၏ တစ်ဘက်ကမ်းတွင် ခြင်းလုံးရုံရှိ၏။ လူသူ ကင်းမဲ့နေသေးသည်။

"နင်က လူကြီးမြန်မြန်ဖြစ်ချင်တယ်တဲ့။ ငါကတော့ ကလေးဖြစ်ချင်တယ်"

"အခုရော...ကလေးမဟုတ်ဘူးလား"

"ကလေးတော့ ကလေးပေါ့၊ ကလေးကြီး။ ငါဖြစ်ချင်တာက ကလေးပေါက်စနလေး။ ဘာကိုမှ မသိနားမလည်တဲ့ ကလေးလေး ပြန်ဖြစ်ချင်တယ်။ ဖြစ်နိုင်ရင် အမေ့ဗိုက်ထဲ ပြန်ဝင်ချင်တယ်"

စကားအဆုံးတွင် ယုယုခိုင်က ဟက်ဟက်ပက်ပက် ရယ်မော[illegible]

ရယ်မောနေသောသဏ္ဍာန်ကို လှောင်ပြောင်ဟန်ဟု ထင်မြင်သည်။

"ငါ ရယ်စရာပြောတာ မဟုတ်ဘူး ယု"

အသံပြတ်ဟု ကိုယ့်ကိုယ်ကို သိသည်။ အရယ်လျော့သော [illegible] ထားဖြင့် ယုယုခိုင်က...



www.burmeseclassic.com

www.burmeseclassic.com



"လှောင်ပြောင်ပြီးရယ်တာ မဟုတ်ပါဘူး ဂျော်နီရယ်...သဘောကျလို့ နင့်ဆီက ဒီလိုစကား မျိုး တစ်ခါမှ မကြားဖူးဘူး။ ဒေါ့ကြ နင် စိတ်ညစ် စရာတစ်ခုခုများ တွေ့ထားပြီလား"

"နင် ဘယ်လိုလုပ်သိလဲ"ဟု မေးချင်သော်လည်း မမေးဖြစ်၊

"ငါလိုချင်တဲ့ ဘဝကို ပိုက်ဆံပေးလို့ရရင် ဝယ်ချင်တယ်ဟာ..."

နားမလည်စွာ ကြည့်သောအကြည့်ကို ယု၏ မျက်ဝန်းတွင် တွေ့သည်။

"နင်က ဘယ်လိုဘဝမျိုးကို လိုချင်တာလဲ"

"အဖေ အမေ မောင်နှမတွေ စုံစုံညီညီ စည်းစည်းလုံးလုံး နေရတဲ့ ဘဝမျိုး"ဟု သူပြောသည်။

"ဂျော်နီရယ်...အဲဒီဘဝမျိုးက ငါတရမယ့် ဘဝပါ။ ငါ့မှာ အဖေ မရှိတော့ဘူးလေ။ နင့်မှာက အဖိုးတွေ အဖွားတွေတောင် အခုထိရှိသေး။ ဘာ တစ်ခုမှ တောင့်တစရာ မလိုဘူး"

ဂျော်နီက အဝေးသို့ ငေးမောလျက်...

"နင်ပြောတာ မှန်ပါတယ်ယု။ ဒါပေမဲ့ အဲဒါ တွေ ပြိုကွဲတော့မယ်...ငါတို့မိသားစုကြီး ပြိုကွဲ တော့မယ် ယုရယ်"

ကြေကွဲစွာပြောသော ရင်နင့်စကား။





"ဘာကြောင့်များလဲ ဂျော်နီရယ်...။ ငါ ရင်ထိတ်လိုက်တာ"

ယုစကားအမေးကို ရုတ်ချည်း မတုံ့ပြန်ဖြစ်။

"ယု"

ယုသည် ငွေးတွေးစွာ ငေးကြည့်နေ၏။

"နင် ဒေါ်ဟာန်နွဲ့မြိုင်ကို သိလား"

ယုယုခိုင်က စဉ်းစားဟန် ပြုသည်။ ပြီးမှ...

"နင်တို့ ခေါင်းရင်းအိမ်က အဒေါ်ကြီးလား"

သူ ခေါင်းညိတ်သည်။

"အလှ အရမ်းပြင်တာပဲလေ...။ နင်တောင် ပြောသေးတယ်။ ဟင်းထမင်းချက်ရင် လက်အိတ် စွပ်ပြီး ချက်တယ်ဆိုတာ အဲဒီအဒေါ်ကြီးမို့လား"

သူက "ဟုတ်တယ်"ဟု ပြော၏။

"အိုက်တင် သိပ်များတာပဲ၊ နင့်အမေနဲ့တောင် ရန်ဖြစ်ဖူးသေးတယ်လေ၊ ညှော်ကြော်တာ မအော် မဟာစ်ဘဲ ကြော်လို့"

ယုယုခိုင်က သူသိသမျှ ပြောသည်။

"ဟုတ်တယ် ယု၊ ဟာန်နွဲ့မြိုင်ဆိုတာ အဲဒီ အဒေါ်ကြီးပဲ၊ အဲဒီဟာန်နွဲ့မြိုင်နဲ့ ငါ့အဖေနဲ့ ကြိုက် နေကြတယ်ဟ"

ယုယုခိုင်က မည်သို့သော အံ့သြဟန်မျှမပြ။ ခေါင်းလေးကို



www.burmeseclassic.com

www.burmeseclassic.com



ငှဲစောင်းပြီး မျက်လုံးထောင့်ကတ်ကြည့်လျက်...

"ရော်နီကလည်း ပေါက်ကရ"

"နင် မယုံဘူးမို့လား ယု"

ယုယုခိုင် ခေါင်းညိတ်သည်။ "ငါလည်း မယုံချင်ဘူး"

ရော်နီ ပြောဏ်။

ယုယုခိုင်က...

"ဘယ်လိုလုပ် ယုံနိုင်မှာလဲဟ၊ သား

ငါးယောက်အမေ။ ပြီးတော့...ယောကျ်ားနဲ့

သမီးတောင် မမထားနဲ့ ရွယ်တူလောက် ရှိ

"ဒါပေမဲ့ အဲဒီနှစ်ယောက် ငြိနေကြ

ယု။ အမေရော မမထားရော သိတယ်။ ပတ်

ကျင်ကတောင် တချို့တလေ သိကုန်ကြ

အမေ စိတ်ဆင်းရဲမှာကို စိုးရိမ်တာနဲ့

ရှက်ချိန်မရပါဘူးဟာ၊ မမထားကဆို အံပျို

ဖြစ်နေပြီ။ ငါ့ထက်တောင် ပိုရှက်ဦးမယ်"

မယုံကြည်သူ၏ မျက်နှာထားသည် တစစ ပြော

သွားသည်။ ရပ်တန့်နေသော ခြေလှမ်းတွေကို ကိုယ်စီ ရွှေလျား

ကုက္ကိုပင်ကြီး၏အကိုင်းအခက်တွေ အုပ်မိုးထားရာအောက်မှ မ

တတ်သေး။

"ငါ ဘာကူညီရမလဲ ရော်နီ"

ယုဲယုဲမျှ ပြုံးမိဏ်။





"နေမကောင်းတဲ့ လူအချင်းချင်း အားပေး

စကားပြောနေသလို ဖြစ်နေပါဦးမယ်ဟာ"

မျက်နှာလေးညှိုးသွားသည်။

"အောင်စာရင်းထွက်လို့ အောင်တဲ့နေ့ကျမှပဲ စိတ်ညစ်

စကားတွေ ကြားရတယ်နော်"ဟု ယုယုခိုင်က ပြောဏ်။

သူ ခေါင်းညိတ်သည်။ ဆို့နင့်စွာ ခံစားနေရသည်ဟု ကိုယ့်

ကိုယ်ကို သိဏ်။

●●●

www.burmeseclassic.com

www.burmeseclassic.com





အခန်း [၃]

"မမထားရေ မမထား…၊ မမထား အောင်တယ်။ ဂုဏ်ထူးနှစ်ခုနဲ့…ဂုဏ်ထူးနှစ်ခုနဲ့"

အော်ဟစ်ပြီး အပေါ်ထပ်သို့ ပြေးတက်သည်။ လှေကားလေးထစ်မျှ အရောက်တွင် မမထားနှင့် တွေ့၏။ ထားထားက သူ့လက်ကို လှမ်းဆွဲထားသည်။

"မမထား…၊မမထား စာမေးပွဲအောင်တယ်။ ဘူးဒီနဲ့"

ဝမ်းသာဟန်မပြဘဲ ခေါင်းတစ်ချက်သာ ညိတ်သည်။ ပြေးလွှားခဲ့ရသမျှ အမောဆို့သွားသည်ဟု ခံစားရ၏။



www.burmeseclassic.com

www.burmeseclassic.com



"မောင်လေး"

မမထားမျက်နှာကို ငေးကြည့်သည်။ မမထားက သူ့ကို အောက်ထပ်သို့ ဆွဲခေါ်သည်။ လှေကားခြေရင်းသို့ ရောက်မှ...

"အမေနဲ့ အဖေ စကားများနေကြတယ်"

ထိုစကားသံကို ကြားကြားချင်း လှေကားခြေနင်းတွေပေါ်သို့ သူလှမ်းသည်။ ထားထားက ဂျော်နီ့လက်ကို တင်းကျပ်စွာ ဆွဲကိုင်ထား၏။

"အမေ့ကို အဖေ ရန်မူနေဦးမယ် မမထား"

လှေကားလက်တန်းကို ကိုင်လျက် သူပြောသည်။ လှေကားလက်တန်းကို ကိုင်ထားသော ဂျော်နီ့လက်ချောင်းတွေကို ဖြည်လျက် ထားထားက...

"ရန်မူလည်း ဘာတတ်နိုင်မှာလဲ မောင်လေးရယ်။ မမထားတို့က သားသမီး။ ဒီအိမ်မှာ အဖေက လူကြီးပဲ၊ သူပြုသမျှ နုကြရမှာပေါ့။ နော်... မောင်လေး။

မောင်လေး ငရဲမယူပါနဲ့ကွယ်။ မမထားစကားကို နားထောင်နော်၊ မှားမှားမှန်မှန် အဖေကအဖေပဲ၊ မိဘဟာ မိဘပဲ၊နော်...မောင်လေး"

ငိုရှိုက်သံသည် တင်းကျပ်နေသော လက်ချောင်းတွေကို ပြေလျော့စေ၏။ ထားထားက ဂျော်နီ့ကို ထမင်းစားခန်းထဲသို့ ခေါ်လာသည်။ အပေါ်ထပ်မှ အမေ့အသံကို သိုးသိုးသဲ့သဲ့ ကြားနေရ၏။





"မမထား...၊ဘာဖြစ်လို့ စကားများကြတာလဲ"

စကားသံကို နှိမ့်၍ မေးသည်။ မမထားက ဂျော်နီ့ လက်ချောင်းလေးတွေကို ကိုင်တွယ်ရင်း...

"အဖေ အိမ်စရိတ် မပေးတာ တစ်လကျော်ပြီတဲ့၊ အဲဒီကိစ္စနဲ့ ဖြစ်တာ"

အမေ့လက်ကောက်ဝတ်တွင် ဝတ်ဆင်လေ့ရှိသော ရွှေလက်ကောက်တွေ၏ အရည်အတွက်များ လျော့ပါးနေခြင်း၏ အကြောင်းတရားကို ယခုမှ သိလိုက်ရသည်။

"ခေါင်းရင်းကို ထောက်ပံ့နေရတာ များသွားလို့နဲ့ တူတယ်"

အသံမြှင့်၍ ပြောသဖြင့် မမထား မျက်လုံးဝိုင်းသည်။ ဂျော်နီ့ပါးစပ်ကို လက်ဝါးဖြင့် ပိတ်သည်။

"ဘာမှ မပြောပါနဲ့ မောင်လေးရယ်၊ မမထား တောင်းပန်ပါတယ်"

အစ်မဖြစ်သူကို ကြည့်လျက် သနားစိတ် ဝင်သည်။ ငိုချင်စိတ်ဖြစ်သော်လည်း မျက်ရည်တွေ ဘယ်ကိုရောက်ကုန်သည် မသိ။ ဒေါသကြောင့် ခမ်းခြောက်သွားပြီ ထင်သည်။

အပေါ်ထပ်မှ...

မကျယ်လောင်သော အမေ့စကားသံကို ရူးရူးပြတ်သားစွာ ကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"...ရှင့်ဘာသာ ကြိုက်သလိုနေထိုင်၊ အမေ ကြီးတာက ကျွန်မသားသမီးတွေရဲ့ စားဝတ်နေ ရေး၊ ပညာရေးကို မထိခိုက်ဖို့ဘဲ။

ရှင်မပေးလည်း ကျွန်မမှာ လက်ဝတ် လက် စားတွေ ရှိတယ်။ ခြေနှစ်ဖက် လက်နှစ်ဖက် ရှိတယ်။ ဘယ်တော့မှ လက်မဖြန့်ဘူး။ ရှင့်မှာ လူစိတ်ရှိရင်ပေး...ဒါပဲ"

လက်ခုပ်တီး၍ အားပေးလိုက်ချင်သည်။

သို့သော် 'ဖြန်း' ဟူသော အသံသည် အိမ်နံရံကို တုန်ဟည်း သွားသည်ဟု ထင်၏။ ဝုန်းခနဲ ထရပ်သည်။ ထမင်းစားပွဲကိုသာ လက်သီးဖြင့် စောင့်ထိုးလိုက်မိ၏။ ဇာနည်နှင့် အောင်တွေးတို့၏ ငိုသံတွေကို ကြားရသည်။

●

ဂျော်နီသည် စာကျက်သည့်အခါ အသံကုန်ဟစ်၍ အော် ကျက်တတ်သည်။ အိမ်၏အခြေအနေတွေ အဘက်ဘက်မှ ယိမ်းယိုင် ယိုယွင်းလာသော အခါကာလသို့ရောက်သော် စာကျက်သံသည် ယောင်ယမ်း၍ပင် မထွက်တော့။

စာကြည့်စားပွဲတွင် ပုံမှန်ထိုင်သည်။ မမထား ကျက်သကဲ့သို့ ပင် စိတ်ထဲမှ ကျက်မှတ်၏။ ကျူရှင်ဟူသမျှကိုလည်း မတက်ရောက်





တော့ချေ။ "ဘာဖြစ်လို့ ကျူရှင်မတက်တော့တာလဲ"ဟု အမေနှင့် မမထားက မေးမြန်းသည်။ 'အချိန်ပုတ်လို့'ဟု တစ်ခွန်းတည်း သူပြော ၏။

လေးငါးခြောက်လအတွင်း အမေ့တွင် လက်ဝတ်လက်စား မရှိတော့။ အကြောင်းတရားကို သိသော်လည်း မသိဟန်ပြု၍ နေရ သည်။ အဖိုးနှင့်အဖွား၏ ဓာတ်စာနှင့် ဆေးဖိုးဝါးခ၊ မောင်နှမ လေးယောက်၏ စားဝတ်နေရေး ပညာရေးစရိတ် စသောလိုအပ်ချက် တွေကို အဖေ မသိဟန်ပြုထားသည်ကိုလည်း စိတ်အတွင်းမှ ခံပြင်း သည်။ သားအဖဟူသော စည်းမျဉ်းကြောင့် လိုအပ်ချက်တွေကို ထောက်မပြဝံ့။ ကျောင်းထွက်၍ ငွေရှာချင်စိတ်ဖြစ်သော်လည်း အမေ့ ကို မပြောရဲ။

ထို့ကြောင့် အမေ့ကုန်ကျစရိတ်တွေ သက်သောင့်သက်သာ ဖြစ်အောင် သူဆင်ခြင်နေထိုင်၏။ မုန့်ဖိုးတောင်းခြင်း ခလေ့သည် အလိုအလျောက် ပျောက်ပျက်သွား၏။ အမေက မတောင်းဘဲ ပေး သည်။ ထိုအခါတွင် မုန့်ဖိုးတွေကို တရိုတသေသိမ်းဆည်း၏။ စာအုပ်၊ ခဲတံ၊ ဘောပင် စသည်ဖြင့် တစ်ခုခုလိုအပ်သည်ရှိသော် ထိုမုန့်ဖိုး တွေဖြင့် ဝယ်၏။ တစ်ခါတစ်ရံ အငယ်တွေကိုပင် မုန့်ဝယ်ကျွေးဖြစ် သေးသည်။ တစတစပြောင်းလဲလာရရှာသော ဂျော်နီ့အပြုအမူတွေ သည် သူ့အစ်မ ထားထား၏ ပြုမူနေထိုင်သော အလေ့အထကို အတုယူခြင်းဖြစ်၏။

အဖေသည် အမေ့ကို အိမ်စရိတ်ဟုဆိုကာ ပေးချင်သလောက်

www.burmeseclassic.com



[illegible] ခန်းသွားဟန်လွဲအဖြစ် ပေးသော အိမ်စရိတ်ကို အမေသည် တုန်ယင်သော လက်ချောင်းတွေဖြင့် ယူ၏။ မျက်မြင်ဒိဋ္ဌ မြင်တွေ့ရသောကြောင့် နူးညံ့သည့် နှလုံးအသည်းတွင် စူးနင့်စွာ ခံစားရသည်။

အမေသည် ဟန်ဆောင်ကောင်းသော မျက်နှာထားဖြင့် သားသမီးတွေ၏ ရှေ့တွင် ပြုံးရယ်နေတတ်သော်လည်း ပိန်လှီသွားသော ခန္ဓာကိုယ်ကိုမူ မည်သို့မျှ ဖုံးကွယ်၍ မရ။

စိတ်ထောင်း၍ ကိုယ်ကြေနေပြီကို အသံမဲ့စွာ ပြောနေသည်နှင့် တူ၏။ သာယာကြည်လင်နေလေ့ရှိသော အမေ့ စကားသံသည် မောဟိုက်သံတွေ ပါဝင်နေခဲ့ပြီ။

"အမေ"

ဂျော်နီသည် စာကြည့်စားပွဲအနီးရှိ ပက်လက်ကုလားထိုင်တွင် အိပ်ပျော်နေ၏။ အိပ်ပျော်နေသည် ဆိုသော်လည်း မမထား၏ 'အမေ'ဟုခေါ်သော အသံကြောင့် အိပ်စက်ခြင်းသည် ရပ်တန့်သွား၏။ မှိတ်ထားသော မျက်လုံးကို ပိတ်ထားလျက်က ဖွဖွဖွင့်သည်။ အနီးအပါးတွင် အမေနှင့် မမထားကို တွေ့သဖြင့် မျက်လုံးကိုပြန်မှိတ်သည်။ အမေက ဂျော်နီကို ယပ်ခပ်လျက်…

"ဘာပြောမလို့လဲ သမီး"

"အဖေ အခုထိ မလာသေးဘူး"ဟု မမထား ပြောသည်။ ညဆယ်နာရီထိုးသံကို စောစောတုန်းကတည်းက ကြားပြီးခဲ့သည်မှာ ကြာမြင့်နေပေပြီ၊ စကားဝိုင်းထဲတွင် မပါဝင်ချင်သော်လည်း မျက်လုံးကို မဖွင့်ဖြစ်တော့ချေ။ စကားသံတွေကိုသာ နားစွင့်ထား၏။





မမထားက…

"အမေ…အဖေ့ကို ဘာမှ မပြောတော့ဘူးလားဟင်"

"ဘာကိုလဲ သမီး"

အမေ့လေသံသည် တိုးတိုးသဲ့သဲ့။

"ကိစ္စတိုင်းအတွက်ပေါ့ အမေ၊ မိသားစုကို ပစ္စလက်ခတ်သဘောထားတဲ့ ကိစ္စ၊ ခေါင်းရင်းအိမ်က ဒေါ်ဟန်နဲ့မြိုင်နဲ့ ကိစ္စ၊ ပြီးတော့…အခုလို ညဉ့်နက်သန်းခေါင် အရက်ထွက်သောက်နေတဲ့ ကိစ္စ"

အမေ ခေါင်းကို ညင်သာစွာ ခါယမ်းသည်။

"အမေ ဘာမှမပြောဘူး သမီး"

ထားထားက သက်ပြင်းချသည်။

"အမေ အရှုံးပေးနေတာလား။ ဘာဖြစ်လို့ အရှုံးပေးနေရတာလဲ"

မဲ့ခနဲပြုံးသည်။ ပြုံးလျက်…

တုန်ယင်နေသောအသံဖြင့် စကားဆို၏။

"အရှုံးပေးနေတာတွေ အနိုင်ယူတာတွေ အမေ မသိဘူး။ အမေသိတာ တစ်ခုပဲရှိတယ်။ အမေ့သားသမီးတွေ ပတ်ဝန်းကျင်မှာ၊ လူ့လောကမှာ မျက်နှာမငယ်စေချင်ဘူး။ ရှင်းရှင်းပြောရရင်



www.burmeseclassic.com

www.burmeseclassic.com



လူ့ကျင့်ဝတ်ကို ဖောက်ဖျက်တဲ့ မိဘမျိုးရဲ့ သားသမီးလို့ အပြောခံရမှာ အစိုးရိမ်ဆုံးပဲ…။

ကိုအောင်သန်းကို စိတ်ချမ်းသာရင် ပြီးရောဆိုပြီး အမေလွှတ်ထားတာ မဟုတ်ဘူး။ ပြောချင်ဆိုချင် ရန်တွေ့ချင်နေတာမှ အရမ်း။ အဲဒီလိုပြောလိုက် ဆိုလိုက်တဲ့အခါ သူ ရှက်ရမ်း ရမ်းလိမ့်မယ်။ သူ ရှက်ရမ်းရမ်းပြီး ဖေါက်ကရ လုပ်သွားမှဖြင့် သမီးတို့မျက်နှာငယ်ရမှာ ကျိမ်းသေတယ်။

ပြီးတော့…သမီးတို့ကို မိတကွဲ ဖတကွဲရဲ့ သားသမီးတွေ မဖြစ်စေချင်ဘူးလေ''

စကားသံတွေကို နီးကပ်စွာကြားနေရသဖြင့် တစ်ခုခုကိုာင်ပြောချင်သည်။ သို့သော် မှိတ်ထားသော မျက်စေ့ကို ဖွင့်လိုက်ခါမှ စကားလမ်းကြောင်း ပြောင်းသွားမှာ စိုး၏။ မြင့်မြတ်သော မိခင်မေတ္တာတွေ ရှင်းသန့်သော မိခင်တို့၏ စိတ်ထားတွေကို အမေ့သည်းခြေထဲ၌ ဘွင်းဖောက်မြင်နေရချေသည်။ အမေပြောသမျှတွေသည် မွန်မြတ်သူ၏ နှုတ်စကား။

'ဒီလိုလုပ်ပါလား အမေ''

''ဘယ်လိုလုပ်ရမှာလဲ သမီးရဲ့''

မမထား၏ စကားသံတွေကို ချက်ချင်းမကြားရ။

''ဒေါ်ဟန်နွဲ့မြိုင်ကို သွားပြောပါလား။ သမီးတို့ မိသားစုကို ပြိုကွဲအောင် မလုပ်ဖို့''



အမေက ဂျော်နီ့ရင်ဘတ်ပေါ်ရှိ စာအုပ်ကို ပိတ်သည်။ ပေါ်သို့ လှမ်းတင်ပြီး…

''သမီးပြောသလို သွားပြောတယ်ဆိုကတည်းက ရိုင်းရိုင်းပြောရရင် လင်လုတယ်လို့ ခေါ်တယ် သမီးရဲ့''

''အို။ အမေကလည်း ကိုယ့်ယောကျ်ားကို မမြူဆွယ်ဖို့ ပြောတာပဲ၊ ပြီးတော့…လုရအောင်ကလည်း နဂိုကတည်းက အမေ့ယောကျ်ားပဲဥစ္စာ''

''ပြောကြ ဆိုကြ ရန်ဖြစ်ကြ၊ နင်ဘဲငစွပ်စွဲကြနဲ့ အမေက အဲဒီမိန်းမကို အနိုင်ရတယ်။ ပြောလို့ ဆိုလို့ ရတယ်ပဲ ထားပါ၊ သမီးအဖေကရပ်တန်းကမရပ်ဘဲ ရှေ့ဆက်လှမ်းရင် ဘယ့်နှယ့်လုပ်မလဲ၊ အိမ်ခွေးကို မထိန်းနိုင်ဘဲ တခြားခွေးကို လှမ်းရိုက်သလို ဖြစ်နေမှာပေါ့ သမီးရယ်''

မမထား၏ပါးစပ်မှ စကားဟသံ မကြားရ။

''သက်မဲ့အရုပ်တစ်ရုပ်ကို လုရ ယက်ရတာကမှ ကိုယ် အားစိုက်ရင် အားစိုက်သလောက် ရယူပိုင်ဆိုင်နိုင်သေးတယ်။

သက်ရှိလူဖြစ်တဲ့ သမီးတို့အဖေကို အမေ ဘယ်သူနဲ့မှ ယှဉ်မလုချင်ဘူး သမီး။ လုလို့ရတယ်

www.burmeseclassic.com

www.burmeseclassic.com



ထားပါဦး။ အရုပ်လေးလို ငြိမ်နေမှာမှ မဟုတ်တဲ့"

အမေ့စကားသံ တိမ်ဝင်သွားသည်။

"တစ်ခုတော့ ပြောထားချင်တယ်သမီး။ ဘာ ပဲဖြစ်ဖြစ် ဘယ်လိုအခြေအနေမျိုးနဲ့ပဲ ရင်ဆိုင် ရ ရင်ဆိုင်ရ သမီး စိတ်မညစ်ပါနဲ့၊ အမေ တစ်ယောက်လုံးရှိတယ်၊ ကြားလား...သမီး"

မမထား ခေါင်းညိတ်ဟန်တူသည်။

ဂျော်နီသည် မျက်လုံးကို တင်းကျပ်စွာ ပိတ်ထားရသည်။ မည်သည့်အရပ်က လာမှန်းမသိသော မျက်ရည်တွေက မျက်ဝန်း အပြင်သို့ တွန်းကန်နေ၏။ မျက်လုံးကို ဖွင့်လိုက်ပြန်လျှင်လည်း မျက်ရည်တွေ လျှံထွက်လိမ့်မည်ဟု ကိုယ့်ကိုယ်ကို သိသည်။

ပိတ်ပင်တားဆီးထားပါလျက် မျက်ရည်တစ်စက်သည် အမေ တို့မမြင်သာသော မျက်လုံးထောင့်သို့ ပေါက်ခနဲ စီးကျသွား၏ ... ရင်တွင် မပေါ့ပါး...။

●●●





အခန်း (၈)

"ကလေးတွေ ယူတာတော့ လုံးဝမဖြစ်နိုင် ဘူး ကိုအောင်သန်း"

မိုးခံသေတ္တာထဲတွင် ငွေလေးငါးသောင်းပင် မရှိချင်တော့ဟု [illegible]ပြောဖူးသည်။ ထိုပမာဏထဲမှ ငွေနှစ်သောင်း ပျောက်နေကြောင်း [illegible] ခုမှ သိဟန်တူ၏။

"ကလေးတွေ ယူတာ မဖြစ်နိုင်ဘူးဆိုတော့ နင်က ငါယူတာလို့ စွပ်စွဲချင်လို့လား မအေးသန်း"

ဂျော်နီက မေးထောက်လျက် သူ့အဖေကို မော့ကြည့်နေ[illegible]သည်။

"စွပ်စွဲတာ မဟုတ်ဘူး။ ထင်တာ ထင်တာ"

"နင်စကားပြောတာ ဆင်ခြင်ပြောနော် မအေး

www.burmeseclassic.com

www.burmeseclassic.com



သန်း၊ ငါ လက်ပါလိမ့်မယ်။ နင့်ဘာသာ အသုံး
များလို့ နေမှာပေါ့။ နင့်အဖေနဲ့ အမေ ဆေးဖိုးဝါးဒ
က၊ နည်းလား။ ကုန်မှန်းမသိ ကုန်တာ နေမှာပေါ့
ဒီငွေနှစ်သောင်းက''

ဒေါ်အေးသန်းက အံကြိတ်သည်။

ပိန်လှီနေသော ခန္ဓာကိုယ်သည် ယိမ်းထိုးမတတ်၊ ခြောက်သွေ့နေသော ဆံစတွေသည် သေသပ်နိုင်ခြင်း မရှိတော့။

''ဒါဆို ဒီထဲက ငွေနှစ်သောင်းက ဘယ်သူ
ယူတာလဲ''

ရှိုက်ငိုလျက် ပြောရှာသည်။ အမေသည် မီးခံသေတ္တာသော့ကို ခေါင်းအုံးအောက်တွင်သာ ထိုးထည့်ထားလေ့ရှိ၏။

''ဘယ်သိမလဲ သော့က နင်ပဲကိုင်တာ''

ဦးအောင်သန်းက ပြီးစလွယ်ပြောသည်။

''ကိုအောင်သန်းရယ်… ရှင်ယူထားရင်လည်း
နည်းနည်းဖြစ်ဖြစ် ပြန်ပေးပါ။ ကျွန်မ တောင်းပ
ပါတယ်''

''အာ…ဒီမိန်းမ''

အမေ့ကို ဆောင့်ကန်သည်။ ဂျော်နီ ထိုင်နေရာမှ အပြေးထ၏။ အမေ့ကို ပွေ့ထူသည်။ ဦးအောင်သန်းကို စူးရဲစွာကြည့်သည်။

''အဖေက မလွန်ဘူးလား''





''မင်းက ဘာကောင်မို့ ငါ့ကိုပြန်မေးနေတာ
လဲ၊ ဟင်…''

အဖေမဟုတ်လျှင် ကောင်းမည်ဟု တွေး၏။

''ကျွန်တော် ဘာကောင်မှ မဟုတ်ဘူး။ အမေ့
သား။ အမေ့ကို ထိလို့ ဝင်ပြောတာ''

''မင်းအမေက ငါ့ကို ဘာလို့စွပ်စွဲလဲ''

အမေ့ရှိုက်သံသည် ရင်ကို နာကျင်စေ၏။

''အိုက်တင်သိပ်များမနေနဲ့ အဖေ၊ အဲဒီငွေ
နှစ်သောင်း အဖေယူတာ''

''ဘာကွ''

တုန်လှုပ်သွားသောသူကို မတုန်မလှုပ်စွာ ကြည့်ပစ်လိုက်သည်။အမေ့မျက်ဝန်းသည် တအံ့တသြ…။ အမေ့ကိုငုံကြည့်လျက်…

''အမေ…အမေ့ငွေနှစ်သောင်းကို မမျှော်လင့်
နဲ့တော့၊ အဖေ့ဆီမှာ မရှိတော့ဘူး''

ပြောပြီး မိခင်ကို ဆွဲထူသည်။

''လာအမေ လမ်းထိပ်ကိုသွားမယ်။ မမထား
ကို ကျောင်းသွားကြိုရအောင်''

ပြောပြီး အခန်းအပြင်သို့ ထွက်၏။ ''သားပြောပြမယ်'' ဟု တီးတိုးဆိုသည်။ တုန်လှုပ်စွာ ကျန်ရစ်ခဲ့သော အဖေ့ကို ရှုံ့ရှာစွာ ကြည့်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က အိမ်အပေါ်ထပ်တွင် ဂျော်နီတစ်ယောက်တည်းသာ ရှိသည်။

"အဲဒါပဲ ဦးအောင်သန်း…

ပွင့်ပွင့်လင်းလင်းပြောရရင် ခင်ဗျားမျက်မှန်ကို ဒေါ်ဟန်နွဲ့မြိုင်ရဲ့ ခုတင်ပေါ်မှာ တွေ့တယ်။ အဲဒီမျက်မှန်ကို ဒေါ်ဟန်နွဲ့မြိုင်ရဲ့ ခင်ပွန်းဖြစ်တဲ့ ဒီက ဦးကုလားက ယူဆောင်ပြီး ကျွန်တော်တို့ ရပ်ကွက်လူကြီးတွေဆီ လာတာပဲ"

လေ့ခါးထိပ်မှ ငုံ့ကြည့်နေသော ဂျော်နီကို မည်သူမျှ မမြင်တွေ့ကြ။ ဦးအောင်သန်းသည် လည်လိမ်ထားသော ကြက်ဖ။

"ဒီတော့ ကျွန်တော်တို့အနေနဲ့ဦးအောင်သန်းကို ရုံးတို့ ဂတ်တို့ မရောက်စေချင်ဘူး။ ပြဿနာကိုလည်း ဒီ့ထက် မကြီးစေချင်ဘူး"

"ကျွန်…ကျွန်တော် ဘယ်လိုလိုက်နာရမလဲ ခင်ဗျာ၊ အမိန့်ရှိပါ"

"ကျွန်တော်တို့အနေနဲ့ ပြောရခက်တယ်လေ၊ ဒီက ကာယကံရှင်ကို မေးကြည့်ပါ၊ ကျွန်တော်တို့အနေနဲ့က ပြေလည်အောင် ညှိနှိုင်းပေးရုံပါ"

ဦးကုလားဆိုသော သူသည် နာမည်နှင့် လူနှင့် လိုက်ဖက်၏။ ရပ်ကွက်တာဝန်ရှိပုဂ္ဂိုလ်၏ စကားဆုံးသည်နှင့် ဦးကုလားက…

"ကျုပ်ဆီမှာရှိနေတဲ့ ခင်ဗျားမျက်မှန်ကို ငွေ





နှစ်သောင်းနဲ့ လာရွေးပါ။ ဒါ…ကျုပ် သက်သက်ညှာညှာပြောတာနော်၊ အိမ်နီးချင်းမို့ နှစ်နာကြေးလောက်ပဲ တောင်းတာ။ ကျေနပ်ရဲ့လား"

"ကျေနပ်ပါတယ်ဗျာ၊ တစ်ခုတော့ တောင်းပန်ပါရစေ၊ တခြားဘယ်သူမှ မသိပါစေနဲ့နော်"

"အာ…စိတ်ချ၊ လူသိရှင်ကြား မဖြစ်စေချင်လို့ ခင်ဗျားဆီကို သိုသိုသိပ်သိပ်လာတာ။ နို့မဟုတ်ရင် ချက်ချင်း တရားစွဲလိုက်မှာပေါ့ဗျာ"

ဦးကုလား၏ လေသံသည် အောင်နိုင်သူ၏ သံမဏိဝါ။ ဦးအောင်သန်းက တစ်ခုခုကို အပြေးအလွှား စဉ်းစားပြီး…

"ညကျရင် ကျွန်တော်သောက်နေကျဆိုင်ကို လာခဲ့ဗျာ၊ ကျွန်တော်လာပေးမယ်။ မျက်မှန်သာ ယူခဲ့ပါ"

"ကောင်းပြီ"

နှုတ်ဆက် ထွက်ခွာသွားကြသည်။

ဦးအောင်သန်းသည် လှေကားရှိရာဘက်သို့ လှမ်းလာ၏။ ဂျော်နီက ကမန်းကတန်း ထပြေးသည်။ အခန်းအတွင်းသို့ ဝင်ပြီး အိပ်ပျော်နေဟန် ပြု၏။ ဂျော်နီ့အခန်းအတွင်းသို့ ဦးအောင်သန်းသည် ကြည့်သေးသည်။

အမေ့အခန်းထဲသို့ ဝင်သွားသော ဦးအောင်သန်းကို ဂျော်နီ မြင်တွေ့၏။ အဖေသည် ခေါင်းအုံးအောက်သို့ လက်လျှိုသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ပြန်အရုပ်တွင် သော့တွဲတစ်တွဲ။

ဂျော်နီသည် မမှိတ်မသုန်ကြည့်နေရင်း အသက်ကိုပင် မရှူရဲ။ မီးခံသေတ္တာထဲမှ ငွေအထပ်တွေ အမေ့လက်ထဲသို့ ရောက်သောအခါကျမှ ဂျော်နီ အခန်းထဲသို့ ခြေသံဖွ၍ ပြန်ဝင်သည်။

အမေ မသိစေချင်ပါဘဲလျက် တစ်နေ့နေ့တွင် သိမည့်ကိစ္စဟု နားလည်သည်။ ထိုသောအခါကျမှ ဖွင့်ပြောဖို့ ဆုံးဖြတ်၏။ စောစော သိပြီး စောစောစိတ်ဆင်းရဲမှာကို မလိုလား။

●

"အဲဒါပဲ အမေ…

ဒီကိစ္စနဲ့ပတ်သက်ပြီး အမေ အဖေ့ကို ဘာမှ မပြောပါနဲ့တော့။ ပြောလည်း ဘာမှ အကျိုးထူးမှာ မဟုတ်ဘူး။ အမေ့အသားပဲ နာမှာ၊ မပြော မဖြစ်လို့သာ ပြောပြရတာ၊ သားက သိပ်မပြောချင်ဘူး အမေ စိတ်ဆင်းရဲမှာ စိုးလို့"

ကျောင်းဆင်းခေါင်းလောင်းသံကို ကြားသည်။ ကျောင်းသူကျောင်းသားတွေ စီကနဲ တွေ့၏။ မမထားကို မမြင်တွေ့ရသေး

"အကောင်းဆုံးကတော့ အမေ အဖေ့ အိမ်က နှင်ချလိုက်တော့"

"မဖြစ်နိုင်ပါဘူး သားရယ်"





"အဲဒါဆိုလည်း အမေရော သားတို့ရော ကျိတ်မှိတ်ခံစားကြတာပေါ့"

အမေက သူ့ပခုံးပေါ်သို့ လက်တင်သည်။

အမေ့ကိုမော့ကြည့်သောအခါ အမေ့မျက်ဝန်းတွင် မျက်ရည်တွေ ဝေ့နေသည်ကို တွေ့သည်။ ခေါင်းပြန်အငုံ့တွင် သူ့ပါးပြင်ပေါ်သို့ အမေ့မျက်ရည်တစ်စက် ကြွေကျ၏။ ထိုမျက်ရည်စက်ကို အမေက ယယ်သုတ်သည်။ ကိုယ်တိုင်ကမူ မျက်ဝန်းတွင်စိုစွတ်လျက် ရှိနေသေး၏။

မမထားကို လှမ်းတွေ့သောအခါ အမေသည် မျက်ရည်တွေကို ကမန်းကတန်းသုတ်၏။

အမေနှင့် သူရပ်နေသည်ကို တွေ့သဖြင့် မမထားက အပြေးသုမ်းလာသည်။ အနားသို့ပြုံးရယ်၍ ရောက်လာသော မမထားကို အမေက ပြုံးပြ၏။ ဟန်ဆောင်အပြုံးပန်းဟု ဂျော်နီ သိ၏။

**မြင့်မိုရ်ထိပ်တွင်ပွင့်သော…ပန်း။**

●

"ငါ့အထင် ပြောရရင် ဒေါ်ဟန်နွဲ့မြိုင် ယောကျ်ားကြီးက သူ့မိန်းမနဲ့ အဖေ့ကို တမင်များ လွှတ်ပေးနေသလား မသိဘူး"

ယုယုခိုင်က သူ့ကို တွေတွေလေး ငေးကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဂျော်နီရယ်...နင့်ခေါင်းထဲမှာ အဲဒီကိစ္စချည်းပဲ ထည့်မထားစမ်းပါနဲ့၊ ကိုယ်ချင်းမစာလို့ ပြောတာ မဟုတ်ဘူးနော်။ နင် စာမေးပွဲကျမှာ စိုးလို့"

ဂျော်နီခေါင်းညိတ်၏။

"စိတ်တွေ အရမ်းညစ်တယ် ယုရယ်...အိမ်မှာတောင် မနေချင်တော့ဘူး။ အဖေ့ကို ထား ခဲ့ရမှာစိုးလို့သာ၊ နို့မဟုတ်ရင် ရောက်ရာ ပေါက်ရာ လျှောက်သွားပစ်လိုက်ချင်တယ်"

ယုယုခိုင်က စျေးဝယ်လာသူ ရောက်လာသဖြင့် စက္က ကတော့တစ်ခုကို လှမ်းယူသည်။ ကုလားပဲ တစ်ဆယ်သားဟု ပြောသံ ကြားသည်။ ချိန်ခွင်ထဲ အလေးထည့်သံ၊ ပိုက်ဆံဘူးနှိုက်သံကို ကြားသည်။ စျေးဝယ်လာသော အမျိုးသမီး ထွက်သွားသောအခါ...

ယုယုခိုင်က...

"အိမ်က ထွက်သွားတော့ နင်ပျက်စီးသွားမှာ ပေါ့"

"ဘာလို့ ပျက်စီးရမှာလဲ၊ ငါ လူကောင်းပဲ"

ကိုယ့်ကိုယ်ကို လက်မ,ထောင်၍ ပြောသည်။

"ထားပါတော့...ပညာတော့ ဆက်သင်နိုင် မှာ မဟုတ်ဘူးလေ။ နော်...ဂျော်နီ"

နှုတ်ဆိတ်သွားရလေ၏။

"ဂျော်နီရယ်...နင်နဲ့ ငါနဲ့ အတူတူ ကျောင်း





တက်ချင်တယ်။ အတူတူစာမေးပွဲအောင်ချင်တယ်။ ဘွဲ့ယူရင်လည်း အတူတူပဲ ယူချင်တယ်။ နင် စိတ်လိုက်မာန်ပါနဲ့ တစ်ခုခု လုပ်မယ်ပြင်တိုင်း နင့်အမေမျက်နှာကို မြင်သလို ဝါ့မျက်နှာကိုလည်း မြင်ပါဟယ်"

တွေဝေသွားလေသည်။ ကံကြမ္မာဟူသော အရာကား... ငယ်ရွယ်သူ၏ နုနယ်သော နှလုံးသည်းခြေအတွင်းသို့ ငရဲမီး တွေ သွန်းလောင်းပေးသောကာလမှာ စောလွန်းလှသည် ထင်၏။

ကျောင်းသင်ခန်းစာတွင် မိဘကျေးဇူးဟူသော အကြောင်း အရာကို စာစီကုံးဖို့ ကြုံ၏။ မိသားစု၏ ပြင်ပတွင် မိဘကျေးဇူး ဟူသောအကြောင်းတရားတွေကို တွေ့နေ မြင်နေခဲ့ပါ၏။ သို့သော်..

ကိုယ့်အိမ်တွင်းကို ပြန်ကြည့်သောအခါ မိဘကျေးဇူးသည် တစ်ဘက်လပ်နေသည်ဟု ခံစားရ၏။ အမိကျေးဇူးကိုသာ မျက်ဝါး ထင်ထင် ရေးဖွဲ့ချင်သည်။ အဖကျေးဇူးသည် တစ်စွန်းတစ်စ တင်ရှိ သည်ဟု ဆိုငြားအံ့။ ပေထက်အက္ခရာတင်ရမည့် ထုထည်သည် နာကျင်စိတ်ကြောင့် မှိန်ဖျော့ပျောက်ပျက်နေလေ၏။ တစ်ဘက်လပ် နေသော မိဘမေတ္တာဟူ၍ လောကတွင် မရှိစကောင်း။

"အိမ်မှာနေသမျှ ငါ ငရဲကြီးနေရာပဲ ယု"

www.burmeseclassic.com



"ဟယ်...ဂျော်နီ အဲဒီလို မပြောရဘူးလေ"

လက်သွယ်လက်ချောင်းလေးတွေ ဂျော်နီ့နှုတ်ခမ်းပေါ်သို့ ရောက်၏။ ယုဏ်လက်ချောင်းသွယ်ကို သူ ဆုပ်ကိုင်လိုက်သည်။ သူ့နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်ယင်သည်။ မျက်ရည် ဝဲနေပြီဟု ကိုယ့်ကိုယ်ကို သိ၏။ ယောက်ျားဟူသော ဝေါဟာရသည် မျက်ရည်တွေ၏ တိုက်စားမှုကြောင့် ပါးလျသိမ်ငယ်နေပြီလား မသိ။

"စာမေးပွဲနီးနေပြီ ဂျော်နီရယ်...စိတ်ညစ်စရာ တွေ မတွေးနဲ့တော့နော်"

ဂျော်နီ့လက်ကို ဖွဖွကိုင်လျက် ပြောသည်။ ကိုယ်နှုတ်နှစ်ပါး ဖြင့် လိုက်နာဟန်မပြမိသော်လည်း ဆိတ်ငြိမ်စွာ လိုက်နာရသည်။ ထာဝစဉ်ဖေးမဖော် ငယ်သူငယ်ချင်း...။

●●●



အခန်း [၉]

အတန်းတင်စာမေးပွဲ ဖြေဆိုသောအခါ ထားထားနှင့် ဂျော်နီ သည် တစ်ချိန်တည်း။ သို့သော် စာစစ်ခန်းတစ်ခန်းတည်းတွင် မဖြေ ကြရ။ သတ္တမတန်းနှင့် နဝမတန်း ရောနှောဖြေဆိုရသော်လည်း ယုယုနိုင်နှင့် ဂျော်နီတို့ ဖြေဆိုထားသော အခန်းတွင် ထားထားမဖြေရ။ ထားထားသည်လည်း တခြားသော သတ္တမတန်း ကျောင်းသား ကျောင်းသူတွေနှင့် ရောနှောဖြေဆိုရ၏။ မောင်နှမနှစ်ယောက် တစ်ခန်း တည်းတွင် ဖြေဆိုရလျှင် ကောင်းမည်ဟု ထားထား တွေး၏။

ကျောင်း၏ပြင်ပသို့ရောက်သော် ဂျော်နီနှင့် ယုယုနိုင်ကို မတွေ့သေး...။

www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆုံးဘာသာ ဖြေသည့်နေ့တွင်မှ သည်ကလေး နှစ်ယောက် နောက်ကျလိုက်တာ"ဟု စိတ်ထဲမှ ပြောသည်။ ဝါးရုံပင် ရိပ်အောက်သို့ ဝင်ရပ်သည်။ နေပြင်းသဖြင့် ချွေးစို့၏။

အနားသို့လာရပ်သော အရိပ်တစ်ခုကို တွေ့၏။ ငဲ့မကြည့် သော်လည်း အတန်းထဲမှ ရွယ်တူကျောင်းသားဟု သိသည်။ ရင်တွင် ထိတ်ခနဲ၊ နားမယဉ်သော ချစ်မေတ္တာစကားတွေကို အခွင့်ရတိုင်း လာလာပြောနေသော ထိုကျောင်းသားအား မြင်လျှင်မြင်ချင်း ရင်ထိတ် စရာ အကြောင်းမရှိ။ မည်သည့်စကားမျှ အဖက်လုပ် မတုံ့ပြန်ဘဲ တည်ငြိမ်စွာ နေထိုင်ခဲ့သည်။ မာန်မာနကြောင့် ထိုသို့နေထိုင်ခဲ့ခြင်း ဖြစ်သည် မဟုတ်မှန်း ကိုယ့်ကိုယ်ကို သိ၏။

**ရွှန်းဘင့်သော ဣန္ဒြေသာလျှင် မိန်းကလေးတစ်ဦး၏ လှပသော...မာန။**

သို့သော် ...

လက်ရှိကာလတွင် ရင်ထိတ်စရာ။ ပုံသဏ္ဌာန်မမှန်သူ၏ မျက်နှာထားကို ဂျော်နီသည် အကဲခတ်တတ်စမြဲ။ ဂျော်နီနှင့်သာ တိုးလျှင် ဤနေရာသည် ဒေါသမြေပြင်။ ဂျော်နီ၏ ဆတ်ဆတ်ကြ တဖွတ်ထိုး အမူအကျင့်ကို ကြိုတင်မြင်သိသဖြင့် ရင်ထိတ်ရခြင်း ဖြစ်လေသည်။

"ဒီတွေ ခွဲရတော့မယ်နော်"

ပိုင်စိုးပိုင်နင်းစကား။ ခပ်လှမ်းလှမ်းတွင် ထိုကျောင်းသား၏ အဖော်နှစ်ယောက်ကို တွေ့၏။ ဂျော်နီတို့ မရောက်ပါစေနဲ့ဦးဟု



တောင်းသည်။

"ဒီကို စကား ဘာဖြစ်လို့ ပြန်မပြောတာလဲ ဟင်၊ တစ်နှစ်ပတ်လုံး တောင်းတနေသူကို တစ်ခွန်းလောက်တော့ ပြောသင့်ပါတယ်"

မချိုမချဉ်မျက်နှာထားကို ရှုံ့ရှာစွာ ကြည့်မိသည်။ ဆရာ၊ ဆရာမ တစ်ယောက်ယောက်လာလျှင် ကောင်းပေမည်။

စာဖြေခန်းထဲမှ ထွက်လာသော ယုယနိုင်၏လက်ကို ဂျော်နီ ကမန်းကတန်းဆွဲသည်။ အခန်း၏အပြင်တွင် ချိတ်ထားသော ယုယနိုင်၏ လွယ်အိတ်ကို ကိုင်းမှကိုင်လျက် ယူဆောင်ပြီး ခြေလှမ်းကို သော့နှင်သည်။

"ကြာလိုက်တာယုရယ်၊ နင်ကလည်း... သချာလေးတစ်ပုဒ်ကို ဆံပင်ဖြူအောင်များ စဉ်းစားနေသလားဟင်"

ရွှန်းလဲ့မျက်စောင်းကို အေးစိမ့်စွာ တွေ့မြင်၏။

"ငါက နင့်လို စာတော်ကြီးမှ မဟုတ်တာ"

"နင် အကျင့်ပါသွားမှာစိုးလို့ ငါပြောတာ...။ သချာတစ်ပုဒ်ကို အကြာကြီးတွက်နေတဲ့သူ ကြီးလာရင် ဆံပင်ဖြူတတ်တယ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို ဘယ်သူပြောလဲ"

"ငါပြောတာ"

"ကြီးလာမှတော့ ဆံပင်မဖြူဘဲ နေမလား ဟဲ့"

"အေးလေ…ငါပြောတာ မမှန်လို့လား"

ယုက သူ့ပခုံးကို လှမ်းရိုက်၏။ ရယ်ပွဲဖွဲ့ကြသည်။ကျောင်းလေှကားအတိုင်း ဆင်းလျက်…

"နင် သေသေချာချာ ဖြေနိုင်ရဲ့လား ယု"

ခေါင်းညိတ်သည်။

"နင်ရော…"

ဂျော်နီ ခေါင်းယမ်းသည်။ ယုယုနိုင်မျက်လုံးလေး ဝိုင်းသွား၏။

"မဖြေနိုင်ဘူး။ ဟုတ်လား ဂျော်နီ"

"မဖြေနိုင်ဘူးလို့ ငါပြောလို့လား"

"ဘာဖြစ်လို့ ခေါင်းယမ်းတာလဲဟဲ့"

ဂျော်နီက ပြုံးလျက်…

"မဖြေနိုင်ဘူးဆိုတာ မရှိဘူးလို့ ခေါင်းယမ်းပြီး ပြောတာပါ"

"ကောင်စုတ်"

ကျောင်း၏ဆင်ဝင်အောက်သို့ ရောက်လာသည်။

"ကဲ…ကောင်စုတ်တွေ ကောင်ပဲ့တွေ လုယ်



နေနဲ့ မမထားစောင့်နေရတာ ကြာ…ကြာတော့မယ်။ လာ…မြန်မြန်"

ယုယုနိုင်က မေးခွန်းလွှာကို ခေါင်းပေါ်တွင် အပြန့်လိုက်ဘင်လျက် နေရောင်ကို ကွယ်သည်။ဂျော်နီလှမ်းပေးသော လွယ်အိတ်ကို လွယ်သည်။ ကျောင်းရှေ့ဝါးရုံပင်အောက်တွင် မမထားကို လှမ်းတွေ့သည်။ ဂျော်နီခြေလှမ်းတွေ ပိုမြန်သွားသည်။

●

"မမထားကို ဒီကောင် ဘာတွေ လာပြောတာလဲ"

ထားထားနံဘေးရှိ ကျောင်းသားကိုကြည့်ပြီး ဂျော်နီ မေးသည်။

"ဘာမှမပြောပါဘူး"ဟု စကားနည်းရန်စဲ ပြောပြန်လျှင် ဂျော်နီ ယုံလိမ့်မည် မဟုတ်ချေ။

"လာပါမောင်လေးရယ် ပြန်ကြစို့။ မောင်လေးတို့ကို စောင့်နေတာ ကြာလှပြီ"

ဂျော်နီ့လက်ကိုဆွဲပြီး ဝါးရုံပင်ရိပ်မှ ထွက်မည်ပြုသည်။ ဂျော်နီက လက်ကို ဆတ်ခနဲရုပ်၏။

"မပြန်သေးဘူး။ ဒီကောင် မမထားကို လာနှောင့်ယှက်တာ မို့လား"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး နောက်ဘက်သို့ ခြေလှမ်းသည်။ ထိုအချိန်တွင် ခပ်လှမ်းလှမ်းရှိ ကျောင်းသားနှစ်ယောက်ကလည်း အနားသို့ ရောက်လာကြသည်။

"မင်း ငါ့အစ်မကို ဘာလုပ်တာလဲ"

ထားထားကိုစကားလာပြောသောကျောင်းသားက လွယ်အိတ်ကို စလွယ်သိုင်း၏။ ဂျော်နီကလည်း ယုယုနိုင်ရှိရာသို့ ယွယ်အိတ်ကို ပစ်ပေးလိုက်သည်။ ထားထားနှင့် ယုယုနိုင်တို့မှာ မျက်လုံးအဝိုင်းသား...

"ဘာလုပ်လုပ် မင်းနဲ့ ဘာဆိုင်လဲ"

အသက်အရွယ်ချင်း စဉ်းငယ်သာ ကွာမည်ဖြစ်သော်လည်း ခန္ဓာကိုယ်ချင်းမှာ မတိမ်းမယိမ်း။ ဂျော်နီသည် လုံချည်ကို တိုတို တင်းတင်း ဝတ်လိုက်သည်။ လုံချည်အနားသည် ဒူးဆစ်အပေါ်သို့ ရောက်လုလု။

"ဒါ ငါ့အစ်မကွ"

"အဲဒါ ဘာဖြစ်လဲ၊ မင်းက လူမိုက်လား"

"လူမိုက်မဟုတ်ဘူး။ ငါ့နာမည် ဂျော်နီ"

ပြောပြီး 'ခွပ်'ခနဲ ထိုးလိုက်သည်။ မျက်လုံးတည့်တည့်သို့ ထိသွားသည်မှန်း သိ၏။

အဖော်ကျောင်းသားနှစ်ယောက်ကပါ ပြေးလာကြသည်။ ဂျော်နီက သဲဖြင့် အဆက်မပြတ် ပက်၏။ မမထား၏ အော်ဟစ်သံ၊ ယုယုနိုင်၏ တားဆီးသံတွေကိုပင် ဂရုမစိုက်အား။



စောစောက အထိုးခံထားရသောကျောင်းသားကို ဂျော်နီက ခြေထောက်ဖြင့် ခုန်ကန်၏။ ထိုကျောင်းသားကလည်း ပြန်ထိုးသည်။ တပြန်ကိုယ်တပြန် ထိုးရင်း မြေကြီးပေါ်တွင် နပမ်းလုံးကြ၏။ ဂျော်နီက အပေါ်စီးမှ ရလိုက်၊ မျက်နှာကို ထိုးလိုက်၊ ထိုကျောင်းသား အပေါ်ရောက်လိုက် ဂျော်နီကို ထိုးလိုက်ဖြင့် ခွဲမရ၊ လွဲမရ ဖြစ်နေကြသည်။

သဲဖြင့်အပက်ခံထားရသူ နှစ်ယောက်က နပမ်းလုံးနေရာသို့ ပြေးလာသည်။ ယုယုနိုင်နှင့်ထားထားက ထိုနှစ်ယောက်ကို ဆွဲထားကြ၏။

"ဂျော်နီ"

"မောင်လေး"

အော်ဟစ်သံတွေ ဆူညံသွားသည်။ ကျောင်းသားကြီး လေးယောက် ပြေးထွက်လာကြ၏။ ဂျော်နီတို့ကို ဖြန်ဖြေသည်။ ဖြန်ဖြေ ရတာရအခြေအနေတွင် ဆရာနှစ်ယောက်၊ ဆရာမတစ်ယောက်တို့ ရောက်လာကြ၏။ ဆရာနှစ်ယောက် ဝင်ဆွဲမှ ရန်ပွဲက ရပ်တန့်သွားသည်။ မမထား ငိုလေ၏။

•

ရန်ပွဲတွင် ပါဝင်သူအကုန်လုံး ကျောင်းအုပ်ဆရာမကြီး ရုံးခန်း ခေါ်သည်။ ကျောင်းအုပ်ဆရာမကြီး၏ အကြောင်းကြားချက်

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် တစ်ဘက်ကျောင်းသားသုံးယောက်၏ မိဘများ ရောက်ရှိလာ၏။ ဂျော်နီနှင့် မမထားတို့၏မိခင် ဒေါ်အေးသန်းသည် အတန်ကြာမှ ရောက်ရှိလာ၏။ ပိန်လှီလွန်းသော အမေ့၏နေပူမျက်နှာကို မြင်ရသော် ဂျော်နီ ရင်ဆို့သွား၏။

ကျောင်းသားအချင်းချင်း ရန်ဖြစ်လျှင် ကျောင်းမှ ထုတ်ပယ်လေ့ရှိကြောင်းကို သိထားပြီးဖြစ်သည်။ သို့သော် ကိုယ့်ကိုယ်ကို မှန်သည်ဟု ဂျော်နီယူဆသည်၊ အမှန်တရားကို ပြုခဲ့သဖြင့် ခံယူရမည့် အပြစ်ဒဏ်ကို ရင်ဆိုင်ရန် ဝံ့ဝံ့ရဲရဲရှိချေသည်။

အမေ့ကိုတော့ သနား၏။

အပြစ်အပျက်အလုံးစုံကို စစ်ဆေးမေးမြန်းပြီးသောအခါ ဂျော်နီအပြစ်ပေါ့၏။ ကျန်သူများကို ကျောင်းမှထုတ်ပယ်ခြင်း မရှိသော်လည်း ဆရာမကြီးက သတိပေးစကား ပြောကြားသည်၊ နောက်နောင် ရန်မဖြစ်ဖို့အတွက် ဝန်ခံလက်မှတ် ရေးထိုးရသည်။ ဂျော်နီလည်း မထိုးချင်ထိုးချင်နှင့် လက်မှတ်ထိုးရသေးသည်။ ယုယုနိုင်က ရုံးခန်းအပြင်တွင် စောင့်ဆိုင်းနေဆဲ ရှိသေး၏။

❁

အိမ်သို့ရောက်သော် ဦးအောင်သန်းက ဂျော်နီကို ရိုက်ဖို့ ပြင်သည်။ ဂျော်နီက လွယ်အိတ်ကို စလွယ်သိုင်းလျက်...

“အဖေ ကျွန်တော့်ကို ရိုက်ဖို့မလိုဘူး”





“ဘာကွ”

“ဟုတ်တယ် ရိုက်ဖို့မလိုဘူး။

အပြစ်ပေးတယ်ဆိုတာ အပြစ်ကင်းတဲ့သူကမှ ပေးပိုင်ခွင့်ရှိတယ်၊ အဖေ့မှာ အပြစ်မကင်းဘူး။ အဖေ ကျွန်တော့်ကို ဆုံးမစရာလည်း မလိုဘူး။ ရိုက်စရာလည်း မလိုဘူး”

ထိုစကားကြောင့် ဦးအောင်သန်း ရှုံ့ရှုံ့ရှဲရှဲဖြစ်သွားသည်။

“ဟော့ကောင် ဂျော်နီ...။

မင်း လူပါးဝလှချည်လား ဟင်...။

မင်း ငါ့အိမ်ပေါ်က ဆင်းသွား”

ရဲဝံ့စွာ ကြည့်လိုက်သည်။

“အိမ်ပေါ်က နှင်ချရအောင် ဒီအိမ်က အဖေ့အိမ်မှ မဟုတ်ဘဲ၊ အမေ့အိမ်။ အမေနှင်ချရင် ဆင်းမယ်”

ဦးအောင်သန်း အနီးရှိ ကားကောက်တံကို လှမ်းဆွဲသည်။

“သား”

အမေ့အော်သံကို ကြားသည်။ ဂျော်နီ အိမ်အပြင်သို့ ပြေးထွက်၏။

ဦးအောင်သန်းက ဝုန်းခနဲ ပြေးထွက်၏။ မိခင်၏ အော်ဟစ်အားခဲ[illegible]သံ၊ ထားထား၏ အော်ဟစ်သံကို ကြားသည်။ ဂျော်နီသည် သမ်းထိ[illegible]သို့ တဟုန်ထိုး ထွက်ပြေးသွား၏။ အိမ်နီးချင်း[illegible] ဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေကြသည်။ ဂျော်နီကို 'ရိုင်းစိုင်းသော သား'ဟု ဝေဖန်ရှုံ့ချလိမ့်မည် မဟုတ်။

●

ထိုနေ့က ယုယုခိုင်၏အိမ်တွင် တစ်နေ့လုံး သွားနေသည်။ ယုယုခိုင်နှင့်အတူ ထမင်းစား၏။ ယုယုခိုင်အမေက မိဘအပေါ် ကိုယ်နှုတ်နှစ်ပါးဖြင့် မပြစ်မှားဖို့ ဆိုဆုံးမသည်။ ငြိမ်သက်စွာ နားခံနေရသော်လည်း ဆုံးမစကားတွေ အရာမဲ့မည်ဟု ကိုယ့်ကိုယ်ကို သိသည်။ မိဘနှင့်သားသမီးဟူသော ပညတ်ချက်ကို တွေးမိသဖြင့် မေကြီးကိုပင် စိတ်ချလက်ချ မနင်းဝံ့။ အိမ်တွင်းကိစ္စကို မေကြီးက တိကျစွာ သိလိမ့်မည် မဟုတ်ဟု တွေးသည်။ ညနက်သောအခါ အမေနှင့် မမထား လာခေါ်မှ သူ အိမ်ပြန်၏။ လမ်းတွင် အမေငိုပြန်သည်။

●●●



## အခန်း [၁၈]

ဦးအောင်သန်းသည် ယခုမှသာ လူရှိသေ ရှင်ရှိသေဘဝ ရှိလာခြင်းကို မေ့လျော့နေဟန် တူ၏။ (ထိုသို့ဆိုရသော်လည်း လောလောဆယ်တွင် အရှိအသေ အလေးအစား တန့်သွားသူတွေ ဘဝရှိနေချေ၏။ ဝန်းကျင်၏ တီးတိုးစကားဝိုင်းတွင် အရက်သေစာ သောက်စားသူ၊ လောင်းကစားသူ၊ အိမ်ထောင်ရေးဖောက်ပြန်သူဟု သတ်မှတ်ထားပြီး ဖြစ်သည်။)

မောင်အောင်သန်းဟူသော ဘဝငယ်စဉ်က ရန်ကုန်မြို့[illegible]ခြားတမျှ ဝေးလွန်းသော နေရာဟုသာ သိခွင့်ရ၏။ [illegible]ကုန်[illegible] ဝေါဟာရကို လူကြီးတွေပြောသော စကားဝိုင်း[illegible] တစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



တရုံမှသာ ကြားဘူးနားဝ ရှိခဲ့သူ ဖြစ်သည်။ ရန်ကုန်တွင် အခြေ နေထိုင်လိမ့်မည်ဟု မထင်မှတ်ခဲ့။ ရန်ကုန်မြို့ရှိ ကားပြင်ဆရာကြီး တစ်ဦး၏ တစ်ဦးတည်းသောသမီး (မအေးသန်း)နှင့် အိမ်ထောင်ကျ လိမ့်မည်ဟု အိပ်မက်ပင် မမက်ဖူးခဲ့။ တွေးတောသည့်အထဲတွင် ရန်ကုန်ကိုရောက်လျှင် ဟူ၍ပင် ပါဝင်မတွေးတောဖူးခဲ့သူ ဖြစ်လေ

မုံရွာခရိုင်၊ ဘုတလင်မြို့ အောင်ချမ်းသာရွာသည် အော သန်း၏ မွေးရပ်ဇာတီ။ မိဘဆွေမျိုးတွေ ချက်မြုပ်ရာ ဒေသ။

လူပျိုပေါက်အရွယ်တွင် မိဘနှစ်ပါး ဆုံးပါးသည်။ ဆွေမျိုး နီးစပ်တွေနှင့် ဝိုင်းလုပ်ဝိုင်းစား ရှာကြသည်။ ထနောင်းပင်၊ ထန်းတော ယာတောတို့သည် အောင်သန်းကြီးပြင်းရာ ဌာနေဒေသ။ ထိုသို့ နေထိုင်ကြီးပြင်းစဉ် ရွာချိန်တန် မရွာသွန်းသော မိုးကြောင့် သီးပင် စားပင်တွေ ပျက်စီးကြ၏။ စိုက်မည့်ပျိုးမည့် လုပ်ငန်းမှန်သ အချည်းနှီး။ သက်ကြီးရွယ်အိုတွေ ကလေးသူငယ်တွေ နာမကျန်း သူတွေအားလုံး နေပြင်းသည့်ဒဏ်ကို လူးလိမ့်၍ ခံစားကြရသည် တချို့သော အသက်တွေပင်လျှင် ဆုံးပါးကြရ၏။

ထို့ကြောင့် ပိုးကုန်း၊ ရုံးတော၊ ထနောင်းကုန်း၊ သ ရှည်ကန်၊ ရွာရှည်၊ အောင်ချမ်းသာ စသော ကျေးရွာတွေမှ ကာ သားတွေ၊ အိမ်ထောင်သည်တွေ၊ အရွယ်ရောက်သူတွေ အများစုသည် အောက်ပြည်အောက်ရွာသို့ စီးပွားရှာဖို့ ခရီးဆန့်ကြရာလေ သူတို့စီးပွားရှာရာအရပ်သည် ရန်ကုန်မြို့ ဖြစ်၏။

အောင်သန်းလည်း ရောသောပေါသောနှင့် ရန်ကုန်





ရောက်လာသည်။ ရန်ကုန်ဘူတာကြီး၏ မလှမ်းမကမ်းတွင် သိမ်ဖြူ ကျောင်းဝင်း ရှိသည်။ ထိုသိမ်ဖြူကျောင်းဝင်းနှင့် မီးရထားဝင်းအကြား တွင် လိပ်ပြာကန်ကျောင်း ရှိသည်။ ထိုလိပ်ပြာကန်ဘုန်းကြီးကျောင်း ဝင်းသည် အညာသူ အညာသားတို့၏ တည်းခိုရာဌာန။

ထိုသို့သော သာသနာ့ပိုင်မြေနှင့် မအပ်စပ်စွာ တည်ရှိနေ သည့်လူနေရပ်ကွက်မှ ထွက်ခွာနိုင်ခဲ့ခြင်းမှာ ကိုဆိတ်ညွှန့်တို့ လင်မယား ၏ အကြံဉာဏ်ကြောင့် ဖြစ်လေသည်။

❁

အိမ်ငှားပြီး နေထိုင်သည့်အခါမှစ၍ ကိုဆိတ်ညွှန့်သည် တို့ဟူးသုတ် မရောင်းတော့ဘဲ ကျောက်မီးသွေးဌာန။ ထို့နောက် ဆိပ်ကမ်းဌာနတွင် အလုပ်လုပ်သည်။ မောင်အောင်သန်းက ငါးဒိုင် တစ်ခုတွင် အလုပ်လုပ်၏။ အလုပ်အားရက်တွင် သူနှင့် ဆွေမျိုးနီးစပ် တော်သည်ဟူသော အိမ်တစ်အိမ်သို့ သွားရောက် လည်ပတ်လေ့ ရှိသည်။ ထိုအိမ်၏ မလှမ်းမကမ်းရှိ ကားဝပ်ရှော့လုပ်သည့် အိမ် တစ်အိမ်တွင် ဘောင်းဘီရှည်ဝတ်၍ ကားပြင်နေသော ကောင်မလေး တစ်ယောက်ကို မြင်တွေ့၏။

ထိုကောင်မလေးမှာ ဝပ်ရှော့ပိုင်ရှင်၏ တစ်ဦးတည်းသော သမီး မအေးသန်းဟု သိရသည်။ နောင်သော်…

သွားပါ၊ လာပါ၊ မြင်ပါ၊ တွေ့ပါများသဖြင့် အောင်သန်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



မအေးသန်းတို့ ရည်ငံခဲ့ကြသည်။ မအေးသန်းသည် မောင်အောင်သ
နှင့် ခိုးရာလိုက်သွားသောအခါ မိဘနှစ်ပါးမှာ ရင်ထုမနာ ဖြစ်ကြရှာ
သို့သော်...

သမီးဆိုးကို မစွန့်ပစ်ကြ။

အခြေအနေချင်း မတူညီသော်လည်း သမီး၏ သံယော
ဖြင့် သမက်ဖြစ်သူ အောင်သန်းကို အိမ်ပေါ်သို့ ခေါ်တင်ထားသည်
ငါးဒိုင်အလုပ်မှ ထွက်ခိုင်းပြီး ကားပြင်လုပ်ငန်းကိုသာ လုပ်ကိုင်စေသည်

ကိုဆိတ်ညွှန့်တို့ လင်မယားနှစ်ယောက်က ငှားနေသေ
အိမ်ကို ကိုယ် ပိုင်အဖြစ် ဝယ်ယူနိုင်သောအချိန်တွင် ကိုအောင်သ
သည်လည်း ကားပြင်သည့်ပညာကို လွန်စွာ ကျွမ်းကျင်နေပြီဖြစ်
မအေးသန်း၏ ဖခင်အပေါ် ကိုအောင်သန်းသည် ယော
လည်း ယောက္ခမ၊ ဆရာလည်း ဆရာဖြစ်သဖြင့် မိဘသဖွ
နေထိုင်ဆက်ဆံခဲ့လေသည်။ သားသမီးရသောအခါတွင်လည်း
ပင်ပင် မရှိခဲ့ရ။

ကိုဆိတ်ညွှန့်နှင့် မမြရွှေတို့ကလည်း ကြုံရင် ကြုံသ
အောင်သန်းကို ဆုံးမစကား ပြောသည်။ ဟုတ်ကဲ့တွေ အလိ
လိုက်၏။ ယခုသော်...

ဦးအောင်သန်းသည် ကိုယ့်ကိုယ်ကို မိုးကျရွှေကိုယ်
မှတ်ထင်နေပြီလား မသိ။

●●●





အခန်း [၁၁]

ဂျော်နီနှင့် ယှယှနိုင် အဌမတန်း တက်စနှစ်။ မမထား
ဒသမတန်း တက်ရောက်စနှစ်တွင် အဖိုးနှင့် အဖွားသည် ရှေ့ဆင့်
နောက်ဆင့် ဆုံးပါးကြ၏။ ယောက္ခမတွေ၏ နာရေးကိစ္စရှိသော်လည်း
အဖေသည် အသောက်အစားမပျက်။ အဖိုးအဖွား၏ နာရေးနှစ်ခုအပြီး
တွင် အမေ့ရှိသမျှတွေ တက်တက်စင်၏။ အသုဘရှင်ကိုယ်တိုင်က
ဖဲကို ဖိုင်ခံ၍ ရိုက်ခဲ့လေသည်။ ရင်တွင်းသောကတွေကြောင့် အမေ
တစ်ခွန်းတစ်ပါဒမျှ မဟခဲ့။

ပြုစုစောင့်ရှောက်ကျွေးသော အဖေ့ထမင်းကို မျက်ရည်ပေါက်တွေ
ဖြင့် ...းသောက်ခဲ့ရရှာသော ဘဝဆိုးမှ လွတ်မြောက်သွား...ကြသည်ဟု

www.burmeseclassic.com

အခိုးနှင့်အဖွားကိုယ်စား ခံစားသတ်မှတ်မိသည်။

အဖိုးအဖွားဆုံးပါးပြီး ကာလအတန်ကြာသောအခါ...

"သော့ပေး။ ဒီသေတ္တာထဲမှာ တစ်ခုခုရှိ
မယ်"

အဖေက အမေ့ထံတွင် သော့တောင်းနေသည်ကို တွေ့
သည်။ မမထားနှင့်သူက တိုင်အကွယ်မှနေ၍ ချောင်းကြည့်နေကြ
အငယ်နှစ်ယောက်မှာ ဘာကိုမှ မသိကြ။

"ကိုအောင်သန်း။ ရှင် အဓိပ္ပါယ်မရှိတာတွေ
မလုပ်နဲ့။ ဒါ...ရှင့်ပစ္စည်း မဟုတ်ဘူး။ ကျွန်
မိဘ ပစ္စည်းတွေ၊ ကျွန်မသားသမီးတွေရဲ့ ရှေ့
အတွက် သိမ်းထားရမယ်။ ကျွန်မလည်း မ
မထိဘူး။ ရှင်လည်း ပတ်သက်စရာ မလိုဘူး"

ရှေးဟောင်းသံသေတ္တာကြီးတစ်လုံးသည် မီးခံသေတ္တာ
နံဘေးတွင် ရှိ၏။ အရောင်အဆင်းပင် ကင်းမဲ့နေချေသည်။ မီး
သေတ္တာထဲတွင် တစ်စုံတစ်ရာမျှ မကျန်ရှိတော့သည်ကို အဖေအသ

ယခု ထိုရှေးဟောင်းသံသေတ္တာကြီးသည် အဖိုးနှင့်အဖွား
အမွေခံပစ္စည်း။ အထဲတွင် မည်သည့်ပစ္စည်းတွေ ရှိသည်ကို အ
တိတိကျကျမသိ။ တန်ဖိုးကြီးသောပစ္စည်းတွေ ရှိလိမ့်မည်ဟုတော့
ခန့်မှန်းသိဖြင့် သိလိမ့်မည်။ အဖိုးနှင့် အဖွား ဆုံးပြီးသည့်နောက်
အဖေမရှိသော နေ့တစ်နေ့တွင် ထိုသေတ္တာကြီးကို အမေဖွင့်လှစ်သည်
ထားထားနှင့် သူ့ကို အသိပေးပြသည်။ အတွင်း၌ ရွှေထည်ပစ္စည်း





တွေနှင့်အတူ စာရွက်ခေါက်တစ်ခုကို တွေ့သည်။

ဒေါ်အေးသန်းက ထိုစာရွက်ခေါက်ကို ထားထားနှင့် ဂျော်နီ
တို့ထံ ပေးဖတ်၏။ စာရွက်မှာ ဝါကျင်ကျင်ဖြစ်နေပေပြီ၊ အဖိုးလက်ရေး
ဟု သိ၏။

*သမီး မအေးသန်း...*

*မောင်အောင်သန်းနှင့် သမီးကို ပေးပေးလော မလှဘူး။*

*ဒါပေမဲ့ သမီးစိတ်ချမ်းသာစေချင်လို့ သဘောတူ ခဲ့ရပါတယ်။*

*မောင်အောင်သန်းရဲ့ နေ့ရည်ညရည်ကို ကြည့်ရှုစစ်ဆေးတဲ့*

*အခါ ပေးမှန်းသိလာတယ်။ ကျေးဇူးကန်းတတ်မည့် ခရိုက်လက္ခဏာ၊*

*သရွာမဲ့သူ၏ ခရိုက်လက္ခဏာများကို ကြိုတင်မြင်တွေ့ထားတယ်။*

*ဒါကြောင့် တစ်ချိန်ချိန်မှာ ပေးဖေတို့မရှိရင် သမီးဒုက္ခ*

*မရောက်ဖို့ ဤပစ္စည်းများကို လျှို့ဝှက်သိမ်းဆည်း ထားပါတယ်။*

...စသည်ဖြင့် ရေးသားမှာကြားခဲ့သည်။ သေတ္တာ၏သော့ကို
နာမကျန်းဖြစ်ကတည်းက ပေးအပ်ထားကြောင်း၊ မိဘနှစ်ပါးစလုံး
မရှိမှ ဖွင့်လှစ်စေလိုကြောင်း မှာကြားခဲ့သည်ဟု ဒေါ်အေးသန်းက
ပြောပြသည်။

ယခင်က သတိမပြုမိခဲ့သော်လည်း ဦးအောင်သန်းသည်
ယခု သတိထားမိဟန်တူ၏။ သေတ္တာကြီးသည် ရိုက်နှက်ချိုးဖျက်ချိုး၍
မရ။

www.burmeseclassic.com



"မအေးသန်း၊ နင် စကားရှည်လှချေလား
ပေးမလား မပေးဘူးလား၊ ပြော"

"မပေးဘူး"

အဖေ့လက် မြောက်တက်သွားသည်ကို တွေ့သည်။ စိတ်ထောင်း၍ ကိုယ်ကြေနေသော အမေ့ခန္ဓာကိုယ်မှာ နဂိုထက် တစ်ဝက်မျှပင် မတင်ရှိတော့ချေ။

ကြမ်းပြင်ပေါ်တွင် လဲကျသွားသော အမေ့ကို တွေ့သည်။ သူ့မျက်လုံးအစုံတွင် ဒေါသအနီတွေ လျှံတက်၏။ အဖေ့ကို အဖေ မမြင်တော့။ အနီးရှိ တံစည်းအချွန်ကို ဆွဲကိုင်လိုက်မိသည်။

"မောင်လေး"

မမထားက သူ့လက်ကို အားကုန်ဆွဲညှစ်ထားသည်။

အသားတွေ တဆတ်ဆတ်တုန်လျက် မမထားကို ငဲ့ကြည့်သည်။ မမထား၏ မျက်ဝန်းတွင် မျက်ရည်တွေကို တွေ့၏။ အံကြိတ်ထားသော်လည်း မျက်ရည်စက်တွေကို တားဆီးမရ။

"မဓိုက်ပါနဲ့ မောင်လေးရယ်၊ စိတ်ကို လျှော့
လိုက်ပါတော့"

မမထား ဆွဲညှစ်ထားသောလက်ကို ရုန်းလျက် သုံးမြှောင်တံစည်းကို ကြမ်းပြင်ပေါ်သို့ ဆောင့်ထိုးလိုက်၏။

အမေ့ပါးစပ်တွင် သွေးစက်တွေကို တွေ့ရသည်။

●●●





အခန်း (၁၂)

ယုယုနိုင်က လွယ်အိတ်ကို ဘုန်းခနဲ ပစ်ချလိုက်သည်။ လွယ်အိတ်သည် ကြမ်းပြင်ပေါ်တွင် အရုပ်ကြိုးပြတ်။ ယုယုနိုင်၏ အမေက ဆေးလိပ်ဖွာလျက်...။

"ဖြေနိုင်ရဲ့လား သမီး"

"ဖြေနိုင်ပါတယ်"

"ဖြေနိုင်ပါတယ်သာ ပြောတယ်၊ သမီး
မျက်နှာက ရှစ်ခေါက်ချိုး"

"ချိုးမှာပေါ့ အမေရဲ့၊ ဟို ကြိုလ်ကောင်လေး
ကြောင့် သမီးနဲ့ကျော်နိုင်ဘုရားမသွားဖြစ်တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် အိမ်ပြန်စောတာကိုး"ဟု အမေပြောသည်။

"ဘယ်သူ့ကို ပြောတာတုန်း။ ကြိုလ်ကောင်းဆိုတာ"

"ထွန်းထွန်းကို ပြောတာ။ သူရောက်လာတာနဲ့ပဲ သမီးကို မလိုက်ခဲ့နဲ့တော့တဲ့...ဂျော်နီက" နှုတ်ခမ်းစူ၍ ပြောသဖြင့် အမေပြောသည်။

"အတင်းလိုက်သွားလည်း မောင်ဂျော်နီက ခေါ်မှာ မဟုတ်လား။ မောင်ဂျော်နီက သမီးကို အရှုံးပေးပြီးသား"

"ဘယ်လိုလုပ် လိုက်လို့ရမှာလဲ အမေရဲ့၊ သူတို့နှစ်ယောက်က ကန်တော်ကြီးမှာ ရေသွားကူးမလို့တဲ့"

"သြော်..."ဟုပြောပြီး အမေ ရယ်လေသည်။ ယုယုခိုင်က နှုတ်ခမ်းအစူ မပျက်သေး။

"သမီးကို ထားခဲ့လို့ သူတို့နှစ်ယောက်တည်း သွားကြလို့ စိတ်ဆိုးတာမဟုတ်ဘူး။ ဒီနှစ်ကောင်က ဟိုတုန်းက ရန်ဖြစ်ပြီးတဲ့နောက်ပိုင်း တတွဲတွဲ အဲဒါကို မကြိုက်တာ"

"ကဲပါ...သမီးရယ်၊ အမောလေး ဘာလေး ဖြေပါဦး"

အမေက ကုန်ဆိုင်ပေါ်မှဆင်းပြီး လွယ်အိတ်ကို ကောက်





သည်။ အိမ်နံရံရှိ သံချောင်းတွင် ချိတ်သည်။ အငယ်နှစ်ယောက်က ကြက်သွန်ဖြူတွေကို အခွံနွှာနေ၏။

ယုယုခိုင်တို့နေအိမ်သည် ဈေးသို့ဖြတ်သွားသည့် လမ်းပေါ် ဒွင် ရှိ၏။ ဈေးသွားဈေးလာတွေက သူတို့ ကုန်စုံဆိုင်မှ လိုအပ်သည့် ည်၊ ကြက်သွန်၊ ဆီ၊ ဆား စသည်ဖြင့် ဝယ်ယူကြစမြဲဖြစ်သည်။ သားစု၏ ဝင်ငွေမှာ ဤကုန်စုံဆိုင်လေးတစ်ခုတည်းမှ ရရှိနေခြင်း ဒင်၏။

"ဒါနဲ့ မောင်ဂျော်နီက အိမ်ပြန်ပြီးမှ သွားတာလား၊ အိမ်ကနေ တန်းသွားတာလား"

"ကျောင်းကနေ တန်းသွားတာပေါ့ အမေရဲ့၊ သမီးကိုတောင် လမ်းထိပ်အထိ လိုက်မပို့ဘူး"

အမေက...

"ဒီကလေး ဒီနေ့အဖို့ အိမ်ပြန်ရောက်ရင် အမောဆို့မှာ ကျိန်းသေတယ်"

"ဘာဖြစ်လို့လဲ အမေ"

"ဈေးလာဝယ်တဲ့သူတွေ ပြောကြဆိုကြနဲ့၊ သူတို့အိမ်တွင်းရေးအကြောင်း။ ဒီနေ့မနက် ကြားရတာ သတင်းက မကောင်းဘူး သမီး"

ယုယုခိုင် မျက်လုံးလေး ဝိုင်းသွားသည်။ အပေါ်အင်္ကျီကို ဉ်ရင် ဟိုဒီအပြေးအလွှား တွေးကြည့်သည်။ ချွေးခံအင်္ကျီချိတ်ပ ပြီး သမီရင်လွှားလျက်...



www.burmeseclassic.com

www.burmeseclassic.com



"ဘာသတင်းကြားလို့လဲ အမေ"ဟု သူမေးသည်။ အမေ သက်ပြင်းချ၏။

●

"ငါ ရေမကူးချင်ဘူး ထွန်းထွန်း"

ထွန်းထွန်းက ရေကူးဖို့ပြင်ပြီးမှ ခြေတုန့်လျက်...

"မကူးချင်ဘဲနဲ့ ဒီကို လာရသလား ကျော်နီရာ...၊ တကူးတက"

"စောစောတုန်းကတော့ ကူးချင်သလိုပဲ၊ စိတ်ထဲမှာ ပေါ့ပေါ့ပါးပါး၊ ဒီရောက်တော့မှ ငါ့စိတ်ထဲလေးတေးတေးကြီး"

"စာမေးပွဲ မဖြေနိုင်လို့လား"

"ဖြေနိုင်ပါတယ်"

ထွန်းထွန်းက လုံချည်ကို ပြန်ဝတ်လျက်...

"ဒီလိုမှန်းသိ၊ ယုယုကို ခေါ်လာရင် ပြီးရော..."

ကျော်နီ မျက်ခုံးတွန့်သည်။

"သင့်တော်ပွဲမလားကွ၊ ယောကျ်ားလေးနှစ်ယောက်နဲ့ မိန်းကလေးတစ်ယောက်တည်း"

"ဘာဖြစ်လို့ မသင့်တော်ရမှာလဲ...သူငယ်





ချင်းပဲ"

ဟု ထွန်းထွန်းပြောသည်။ နောက်ကျိနေသော ကန်ရေပြင်ကို ကြည့်လျက်...

"ကျောင်းမှာရယ်၊ ရပ်ကွက်ထဲမှာရယ်သာ သူငယ်ချင်းလို့ သိကြမှာ။ ဝေးဝေးလံလံရောက်သွားရင်၊ ဟို...ဒီ အထင်မြင်ခံရရင် မကောင်းဘူး။ ယုရဲ့ ဂုဏ်သိက္ခာကို ထိခိုက်မှာစိုးတယ်။ ငါတို့က ကိစ္စမရှိဘူး။ သူက မိန်းကလေး"

ထွန်းထွန်းပြုံးသော မဲ့ပြုံးကို သူမနှစ်မြို့။

အမှန်တကယ် သူနှင့်ယုတို့ ဘုရားသွားကြဖို့ တိုင်ပင်ထားကြသည်။ ထွန်းထွန်းရောက်လာသောအခါ ဘုရားမသွားချင်တော့ကြောင်း ကျော်နီပြော၏။

"ကန်တော်ကြီးမှာ ရေသွားကူးမယ်"ဟု အလျင်စလို ပြောသည်။ ယုယုခိုင်၏ မကျေမနပ်မျက်နှာကို မသိဟန် ပြုထားရလေ၏။

ဘုရားသွားလျှင် ထွန်းထွန်းပါလာပေလိမ့်မည်။ အရမ်းခင်မင်သော သူငယ်ချင်းနှစ်ယောက်အကြားတွင် မခင်တခင် သူငယ်ချင်းတစ်ယောက်ကို ပါဝင်စေလိုသောဆန္ဒ သူ့တွင် မရှိ။ ထို့ကြောင့်... ယုယုခိုင်လိုက်ပါရန် မသင့်လျော်သော နေရာဒေသကို သွားမည်ဟု ပြောလိုက်ခြင်းဖြစ်၏။

(ထိုစဉ်က ကန်တော်ကြီး၏ဝန်းကျင်သည် ယခုကဲ့သို့ မဟုတ်သေး။ သစ်ပင်ချုံနွယ်တွေ ရှုပ်ထွေးလျက်ရှိ၏။)



www.burmeseclassic.com

www.burmeseclassic.com



ကန်တော်ကြီးမှအပြန်တွင် အိမ်ကိုမပြန်သေးဘဲ ယုယုနိုင်၏ အိမ်သို့ အပြေးဝင်သည်။ ယုကို တွေ့သောအခါ…

"ယု…ငါ့ကို ရေခပ်တိုက်ဟာ"

"မတိုက်ပါဘူး။ ဘာလို့ တိုက်ရမှာလဲ"

မျက်စောင်းဝင့်လျက် ပြောသည်။

"ငါ မောလာတယ်ဟ"

"သေလိုက်"

သောက်ရေအိုးစင်ရှိရာသို့ ကျော်နီ ခြေလှမ်းသည်။ ယုက ကျော်နီ့လွယ်အိတ်ကိုဆွဲလျက် တန်းလျားပေါ်တွင် ထိုင်နိုင်းသည်။ သောက်ရေအိုးစင်သို့သွားလျက် ရေတစ်ခွက်ခပ်၏။

"ရော့…သောက်"

စိတ်ဆိုးဟန် မပြေသေး။ ဖြစ်ကတတ်ဆန်း လိမ်းခြယ်ထားသော သနပ်ခါးရေကျဲသည် အလှမျက်နှာကို ဖယ်ဖျောက်နိုင်ခြင်းမရှိ။

သောက်ပြီးသော ရေခွက်ကိုယူပြီး ဆိုင်ပေါ်တွင် တင်သည်။

"တော်တော်ပျော်ခဲ့လား"

ကျော်နီက ပြုံးလျက်…

"ဘယ်ပျော်မလဲ၊ နင်မှ မပါတာ"

"ပါပဲ့မလားဟဲ့ ကောင်စုတ်ရဲ့။ မလိုက်စေချင်လို့ တမင်ထားခဲ့ပြီးတော့"

ခြေဆောင့်လျက် ဆိုင်ပေါ်တွင် တက်ထိုင်သည်။ တိမ်းစောင်းစဆည်းဆာနေခြည်သည် ဆိုင်အတွင်းသို့ တစ်ပိုင်းတစ်စ





က်နေ၏။ နေရောင်ခသော ပါးပြင်သည် ရွှေအိုရောင် ဝင်းပနေသည်။

"ယု"

လှည့်မကြည့်သဖြင့် အနားတွင် တိုးရပ်သည်။

"နင်နဲ့ငါနဲ့နှစ်ယောက်တည်းသွားမှာ ဘယ်ကိုလဲ။ ဘုရားမှီလား"

"အဲဒါ ဘာဖြစ်လဲ"ဟု ယုက လှည့်မကြည့်ဘဲ ပြောသည်။

"နင်နဲ့ငါနဲ့ နှစ်ယောက်တည်း သွားမယ့်နေရာကို ဘယ်သူ့မှ မခေါ်ချင်ဘူး"

"အပိုတွေပြောမနေပါနဲ့။ မခေါ်ချင်ရင် ထွန်းထွန်း မင်းမလိုက်ခဲ့နဲ့လို့ ပြောလိုက်ပေါ့"

"အဲလိုပြောတော့ ဘယ်ကောင်းမလဲ၊ ရှိင်းရာကျတာပေါ့။ အဲဒါကြောင့် နင်လိုက်ဖို့ မသင့်လျော်တဲ့နေရာကို သွားမယ်လို့ ပြောတာ။ တခြားနေရာဆို နင် လိုက်လို့ ရနေဦးမယ်"

ငုံကြည့်မျက်စောင်းသည် အမောအပမ်းတွေပင် ပြေစေသည် ထင်၏။

"ဟိုတုန်းကလည်း သုံးလေးငါးယောက် ဒီလိုစုသွားနေကြပဲဟာ၊ အခုမှ ဘယ်လိုဖြစ်တာလဲ"

ကြည့်လျက် မေးသည်။

"နင့်စိတ်ထဲမှာတော့ မသိဘူး။ ငါ့စိတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ...ငါ့ကိုခင်တဲ့ ခင်မင်မှုမျိုးနဲ့ တခြားသူတ ယောက်ကို ခင်သွားမှာ စိုးတယ်၊ အဲဒါကြောင့်

ပြောပြီး အိမ်အပြင်သို့ လှည့်ထွက်သည်။ ရင်တွင်း မမြင်သာသင့်သေး။

“အဲဒါ ဘယ်သွားမလို့လဲ”

“ပြန်မယ်”

“မပြန်နဲ့ဦး၊ နင့်ကို ငါ ပြောစရာရှိတယ်”

“ဘာပြောမှာလဲ”

“နင်တို့အိမ်အကြောင်း ဟုတ်မဟုတ် မသိဘူး၊ ကောလဟာလတွေ ကြားရလို့”

ယုယုနိုင်က ဂျော်နီ့အနားသို့ တိုးကပ်သည်။ လေသံ သဲ ဖြင့် ပြော၏။ ဂျော်နီ့မျက်နှာတစ်ခုလုံး တင်းမာသွားလေသည် “နင့်ကို ငါ ပြောထားတယ်နော်...ဂျော်နီ၊ နင်ဘာလုပ်လုပ် နင့်အ မျက်နှာ၊ နင့်အစ်မမျက်နှာ၊ ပြီးတော့ ငါ့မျက်နှာကို မြင်ယောင်ပါ” ယုယုနိုင်က မှာကြားသည်။ ဂျော်နီ ခေါင်းညိတ်၏။ ယုယုနိ အိမ်နှင့်မလှမ်းမကမ်းရောက်တော့မှ အိမ်သို့ သုတ်ခြေတင်သည်

နေရောင်ခြည်သည် အနောက်ဘက်သို့ လွန်စွာနစ်မြ သွားသည်။ အမှောင် မသည်းသေး...။

●





“အမေမရှိတော့ဘူး”ဟု ဇာနည်ပြောသည်။

“သေတာတော့ မဖြစ်နိုင်ဘူး”ဟု တစ်ကိုယ်တည်း တွေး၏။ ားပစ္စည်းတွေ ထားရှိသည့် ကွပ်ပျစ်ပေါ်တွင် လှဲချလိုက်သည်။ ပေါ်ထပ်မှဆင်းလာသော အမေနှင့် မမထားကို တွေ့၏။ ဂျော်နီက နေရာမှ ငုတ်တုတ်ထထိုင်သည်။

မမထားက...

“အမေတော့ အိမ်မှာရှိသမျှပစ္စည်းတွေ အကုန် မ,သွားပြီ”

အရိပ်အခြေကို ချက်ချင်းတွေးသည်။ ဟန်နဲ့မြိုင်နဲ့ လိုက်ပြေး သွားပြီဟု ကျိန်းသေတွက်၏။

အသက်မဲ့သူပမာ ငြိမ်သက်စွာထိုင်နေရှာသော အမေ့ကို ကြကွဲစွာကြည့်မိသည်။ ဖြေသိမ့်စကားကို မည်သို့ ပြောဆိုရမည် သိ၊ မျက်ရည်မဲ့သူ၏ ရင်တွင်း၌ မျက်ရည်တွေ ဆူပွက်နေလိမ့် ည်ဟု သိသည်။ ဆူပွက်နေသော ရင်တွင်းမျက်ရည်စက်တို့၏ ငွေ့အသက်များသည် အမေ့မျက်ဝန်းကို မည်သို့မျှမထိပါ။ အမေ န်ဆောင်ကောင်းလွန်း၏။ မျိုသိပ်နိုင်စွမ်းကို တအံ့တသြ ဖြစ်ရ သည်။

“အမေ ဝမ်းနည်းနေသလား”

ခေါင်းခါသည်။

“ဝမ်းမနည်းပါဘူး သားရယ်...၊ အတွင်း ပစ္စည်းတွေ အကုန်ပါသွားတော့ နှမြောတာ



www.burmeseclassic.com

www.burmeseclassic.com



အမှန်ပဲ။ တစ်ပြားတစ်ချပ်မှကို မကျန်တော့...
သားတို့အဖေ သိပ်ရက်စက်တာပဲကွယ်''

အမေ့နားတွင် နားကပ်မရှိတော့ချေ။ လက်ဝတ်လက်... အားလုံးသည် မိသားစု၏ ဝမ်းသမုဒ္ဒရာအတွင်းသို့ အရည်... စီးမျောသွားပြီကို သိ၏။ မမထားတွင်လည်း နားကပ်တစ်ရံမျှ... ...တော့သည်။ ဂျော်နီတွင် လက်စွပ်ငယ်တစ်ကွင်း။

အိုစာမင်းစာ သို့တည်းမဟုတ် တစ်ချိန်ချိန်အတွက် ... အသုံးပြုဖို့ ပစ္စည်းတွေသည် အဖိုးထားခဲ့သည့် သေတ္တာထဲတွင်... ရှိ၏။ ယခုတွင်မူ...

ထိုသေတ္တာသည် အခွံချည်းသက်သက်...။

ဂျော်နီက...

''ရဲစခန်းသွားမယ်အမေ၊ အမှုဖွင့်မယ်''

ထိုင်နေရာမှ ထရင်း ပြော၏။

''နေပါစေတော့ သားရယ်...။ ဘယ်... နဲ့မှ မပတ်သက်ချင်တော့ဘူး။
အမေ့မှာ လုပ်စရာ တစ်ခုပဲ ရှိတော့တယ်။ ...
ဘာလဲဆိုတော့ အမေ့သားသမီးတွေ မျ...
မငယ်ရဖို့ဘဲ''

နံရံတွင်ချိတ်ထားသော အဖေ့ဓာတ်ပုံကို မော့ကြည့်... ကွပ်ပျစ်ပေါ်တွင်ရပ်လျက် မမီမကမ်း လှမ်းယူ၏။ လက်ထဲသို့ ... မှန်ဘောင် ရောက်လာသောအခါ မြေကြီးပေါ်သို့ ချသည်။ ...





ခြောက်ပေါင်တူကို ယူ၏။ မျက်နှာတည့်တည့်သို့ ထုချလိုက်သည်။ 'ခွမ်း'ခနဲဟူသော အသံနှင့်အတူ မှန်စတွေ ကြေမွကုန်၏။ သို့တိုင် အောင် မရပ်တန့်သေး။ ဓာတ်ပုံကြေပျက် စုတ်ပြတ်သွားသည်အထိ ထုနက်နေချေ၏။

အမေက ကျောက်ရုပ်ပမာ ငြိမ်သက်လျက်၊ သူပြုသမျှကို ငေးကြည့်နေသည်။ မမထား၏ ငိုရှိုက်သံကို ကြားရ၏။

●

ရှိသမျှအတွင်းပစ္စည်းတွေကို ယူပြီး အဖေ အိမ်ပေါ်မှ ဆင်းသွားခြင်းသည် နောက်အိမ်ထောင်ကို ပေါ်ပေါ်ထင်ထင် ပြုလိုက်ပြီမှန်း နားလည်ကြ၏။ ''အောင်သန်းတစ်ယောက် ဆေးမိသွားပြီနဲ့ တူတယ်၊ ကလေးငါးယောက်အမေနဲ့မှ လိုက်ပြေးရတယ်လို့''ဟု ပတ်ဝန်းကျင်က ထင်မြင်ချက် ပေးသည်။

''ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ခြင်း''သတင်းသည် ရက်ပိုင်း အတွင်း သတင်းစာမှာ ပါလာ၏။ ဦးဆိတ်ညွန့်နှင့်ဒေါ်မြရွှေတို့ ရောက်ရှိလာကြ၏။ ဖြစ်ကြောင်းကုန်စင်ကို ထားထားက ပြောပြသည်။ အမေက တစ်ခွန်းစ နှစ်ခွန်းစသာ ပြော၏။

စိတ်မကောင်းစကား၊ အားပေးစကား ပြောကြသည်။ ဦးဆိတ်ညွန့်တို့ လင်မယားက ဂျော်နီကို လိမ်လိမ်မာမာနေရန် ဆုံးမစကား ဆိုသည်။

www.burmeseclassic.com



"အောင်သန်း မယားငယ်ရဲ့ မိသားစုက ဘာမှ လာမပြော ကြဘူးလား"ဟု ဒေါ်မြရွှေက မေးသည်။

ဒေါ်အေးသန်းက…

"မမြရွှေရယ်…သူတို့ကိုယ်တိုင်က အလိုတူ အလိုပါပဲ ဥစ္စာ။ ကိုအောင်သန်းက မ,စိတ်မွှန် နေလို့သာ မတွေးမိတာ"

ဟုပြောသည်။ "တော်တော်ယုတ်မာတာပဲ"ဟု ဒေါ်မြရွှေ ပြောသည်။ "ဟိုကောင် သေန်းကလည်း အသုံးမကျတာ…တောက်" ဦးဆိတ်ညွှန့်က နာကျင်စကားဆို၏။

'တက်'ခေါက်ရုံ၊ သက်ပြင်းချရုံမှတစ်ပါး မည်သို့မျှ ပြုပြင် ဖန်တီး၍ မရ။

●●●



အခန်း [၁၃]

မမထား ဒဿမတန်းစာမေးပွဲကို ဘာသာစုံ မဖြေဆို ိုက်ရချေ။ စာမေးပွဲရက်အတွင်း အမေ့ကို ဆေးရုံတင်ရ၏။

"ဘယ်လိုဖြစ်တာလဲ ကျော်နီရယ်"ဟု ယုယုခိုင်က ငိုမဲ့မဲ့ဖြင့် မေးသည်။

"အဲဒါတော့ သေသေချာချာ မပြောတတ် ဘူးဟ။ မျက်လုံးကြီးပွင့်ပြီး သတိလစ်နေတာ။ အခုတော့ သတိရပါပြီ"

"ဘာရောဂါတဲ့လဲဟင်"

"လောလောဆယ် သိထားရတာကတော့

www.burmeseclassic.com

www.burmeseclassic.com



နှလုံးရောဂါ၊ ဒါပေမဲ့ တွဲဖက်ဖြစ်နေတာက စိတ်
ရောဂါ''

''စိတ်ရောဂါ...ဟုတ်လား''

''ဟုတ်တယ်...ယု''

''တစ်ခါတစ်ခါ စကားမှန်တယ်။ တစ်
တစ်ခါ စကားမမှန်ဘူး။ ဒါပေမဲ့ စကားပြောတ
ပြုံးပြီး ပြောတယ်။ ရယ်ပြီးပြောတယ်။ တစ်
တလေ စကားတစ်လုံးမှ မပြောဘဲ ငူငူ
ထိုင်နေတယ်''

သက်ပြင်းချသံ မျှင်းမျှင်းလေးကို ယုယုနိုင်ထံမှ ကြား
သည်။

''စိတ်ရောဂါအထူးကုဆေးရုံ ပို့မှာလား''

''ငါ့အနေနဲ့တော့ မပို့ချင်ဘူးဟာ၊ သိပ်ဆိုး
ရွားရွားမှ မဟုတ်တာဘဲ၊ နှလုံးရောဂါသက်သာ
အိမ်မှာပဲ ပြန်ခေါ်ထားချင်တယ်။

စိတ်ချမ်းသာမှုမရှိခဲ့လို့ဖြစ်တဲ့ရောဂါကို တ
ဆေးတွေနဲ့ ကုလည်း၊ ထူးမှာ မဟုတ်ဘူး
ငါ ယူဆတယ်''

ရင်တွင်း ဆို့နင့်နေချေ၏။

''ရော့...ကျော်နီ''

လေးငါးရာခန့်ရှိမည့် ပိုက်ဆံတွေကို ယုယုနိုင် ပေးသည်





ကျော်နီ ညင်သာစွာခေါင်းခါယမ်းလျက်...

''ငါ့မှာ ရှိတယ်ယု''

''နင်က ဘယ်ကရလို့ ရှိရမှာလဲ ကျော်နီရယ်၊
ငါ့ကို မညာပါနဲ့''

''ညာတာ မဟုတ်ဘူးယု၊ တကယ်ပြောတာ၊
လက်စွပ်ရောင်းထားတဲ့ ပိုက်ဆံတွေရှိတယ်။ ပြီး
တော့...ကားပြင်လို့ ရထားတာလည်း ရှိတယ်''

''နင့်အဖေမှ မရှိဘဲ၊ နင်က ဘယ်လိုလုပ်
ပြင်သလဲ''

''ဦးမြတ်သောင်းနဲ့ အတူတူပြင်တာပေါ့...။
ဒါတောင် အမေက သူပါ ကူပြင်မယ်လို့ ပြော
သေးတာ။ ငါနဲ့ မမထားနဲ့ တားလို့။

ကားမပြင်ရရင် ပေါ့ပေါ့ပါးပါးပြင်မယ်ဆိုပြီး
လျှပ်စစ်မီးဖိုတို့ လျှပ်စစ်မီးပူတို့ ပြင်ပါလေရော။
ဟိုအိမ်သွားပြင် ဒီအိမ်သွားပြင်နဲ့''

ယုက ခေါင်းတညိတ်ညိတ်နဲ့ နားထောင်ပြီး...

''ဘာပဲဖြစ်ဖြစ်ဟာ ငွေဆိုတာ ပိုတယ်မရှိ
ဘူး။ ငါပေးတာကို ယူထားပါ''

''နင်က သူဌေးမှ မဟုတ်ဘဲ ယုရယ်၊ ငါ
မလိုချင်ဘူး''

''ငွေကို ရေလိုသုံးခဲ့တဲ့သူမို့ ...ကြီးတာလား



www.burmeseclassic.com

www.burmeseclassic.com



ဂျော်နီ။ မာနကြီးချင် ကြီးပါ။ ဒါပေမဲ့ တခြားသူ
အပေါ်မှာသာ ကြီးပါ။ ငါ့အပေါ်မှာတော့ မာနစိတ်
မထားပါနဲ့ ဂျော်နီရယ်…။ နင်နဲ့ငါနဲ့ သူငယ်ချင်း
လေဟာ၊ မေ့နေပြီလား''

''ဘယ်လိုလုပ် မေ့မလဲ''

အကြည့်ချင်း ဆုံသည်။ ဂျော်နီက မျက်နှာအလျင်လွှဲသည်။ ငယ်သူငယ်ချင်းမျက်နှာကို တမင်ငေးကြည့်ချင်သော်လည်း အားနာစိတ်ကြောင့် မဝံ့ရဲ။

''ဒါဆို…ယူ''

''တစ်ချိန်ချိန်မှာ ငါပြန်ဆပ်တဲ့အခါ လက်ခံ
ပါ့မယ်ဆိုမှ ယူမယ်''

''မာနမပါဘဲ စကားမပြောတတ်ဘူးလား
ဂျော်နီ''

''သူများ အားမကိုးတတ်တာကို မာနလို့
ခေါ်သလား''

''သူများဆိုတဲ့ စာရင်းထဲမှာ ယုယုနိုင်ပါတယ်
ပေါ့၊ ဟုတ်လား…''

စိတ်ဆိုးဟန်ပြ၍ မေးသည်။

''ငါကလွဲရင် တခြားသူဟာ သူစိမ်းပဲ''

''ငါလည်း သူစိမ်းပေါ့''

''ဟုတ်တယ်၊ ဒါပေမဲ့ နင်က ငါ့ရဲ့အရင်းနှီး



ဆုံး သူစိမ်း''

ယုယုနိုင် မျက်လုံးလေးဝိုင်းသွားသည်။

''ဟဲ့ အရင်းနှီးဆုံး သူစိမ်းဆိုတာ လင်မယား
ကို ပြောတာဟဲ့ ကောင်စုတ်ရဲ့''

''ဟာ…ဟုတ်လား''

ဂျော်နီက ရှက်ရွံ့အားနာစွာ ရယ်မောသည်။

''ရော့…''

ယုယုနိုင်က ပိုက်ဆံတွေကို လှမ်းပေးသည်။ 'ငါပြန်ဆပ်မှာနော်' ဟုပြောပြီး ဂျော်နီယူသည်။

''ကမ္ဘာပေါ်မှာ နင့်ကို အခင်မင်ဆုံး…လို့
ငါပြောတာ ယုံရဲ့။ ဘယ်လိုက ဘယ်လို အရင်းနှီး
ဆုံး သူစိမ်းတွေ ဘာတွေဖြစ်ကုန်မှန်း မသိဘူး''

''ကဲပါ…ဒါပဲပြောလို့ ကောင်းနေ''

မျက်စောင်းလှလှလေး ဝင့်သည်။ ရင်ငြိမ်းရ၏။

●

ဆေးရုံမှဆင်းပြီးသည့်နောက်တွင် အမေသည် လူကောင်း
ပကတိ။

ကာလအတန်ကြာသော် အမေ့စကားတွေ၊ အပြုအမူတွေ
သည် မသိမသာ ယိုယွင်းလာလေ၏။

www.burmeseclassic.com



"အမေပြောတာ မဖြစ်နိုင်ဘူးလား သား"

အမေ့စကားကို မည်သို့မျှ မတုံ့ပြန်မိ။

"မဖြစ်နိုင်ပါဘူး အမေရယ်"ဟုလည်း မပြောရက်။

"ဖြစ်နိုင်တယ် သား…။ ကိုအောင်သန်းက လူရှိုးလူအ။ လူရှိုးလူအကို ဖောက်ပြန်အောင် လုပ်တဲ့နည်းက ဒါပဲရှိတာ။ အင်းပြားချတဲ့နည်း ရယ်၊ ဆေးခပ်တဲ့နည်းရယ်။ ဒီမှာ တွေ့လား သား။ အမေ အိမ်ရှေ့ကရတဲ့ အင်းပြားတွေ"

ဟုတ်မဟုတ်တော့ မသိ။

အမေ့လက်ထဲတွင် အမည်မသိသော သတ္တုပြားတွေကို တွေ့ရသည်။ ကိုယ်ထိလက်ရောက် ယူငင်၍ မကြည့်မိသော်လည်း ထိုသတ္တုပြားတွေပေါ်တွင် ဇယားကွက်တွေ၊ ကိန်းဂဏန်းတွေကို တွေ့သည်။

"အမေ ဘယ်လိုလုပ် ရတာလဲ"

"ဆရာတစ်ယောက်ဆီမှာ သွားမေးတာလေ၊ အဲဒီဆရာက ပြောတယ်။ ဟန်နွဲ့မြိုင်က အမေ့တို့ အိမ်ရှေ့မှာ အင်းမြှုပ်ထားတယ်တဲ့။ ဆရာပြောတဲ့ နေရာမှာ ရှာကြည့်လို့ ဒီအင်းပြားတွေကို တွေ့တာ"

"ဟုတ်ပါ့မလား အမေရယ်"

"ဟုတ်တာမှ သိပ်ဟုတ်။ ဟန်နွဲ့မြိုင်က





အမေ့ကို မနာလိုနေတာ ဟိုတုန်းကတည်းက၊ အခုတော့ သူနိုင်သွားပြီပေါ့ သားရယ်"

မျက်ရည်တွေ စီးကျလာသည်။

"လူတစ်ယောက်ရဲ့ စိတ်နေစိတ်ထားကို အသက်မဲ့တဲ့ ဒီအင်းပြားတွေက ဘယ်လိုလုပ် ပြောင်းလဲနိုင်မှာလဲ အမေရယ်…"

အမေ ခေါင်းယမ်းသည်။

"ပြီးတော့ ဒီအင်းပြားတွေကို ဒေါ်ဟန်နွဲ့မြိုင် ချထားတာပါလို့ ဘယ်လိုလုပ်ပြောနိုင်မှာလဲ၊ ကိုယ်ကိုယ်တိုင် မြင်ရတာမှ မဟုတ်တာ"

"မမြင်ရပေမယ့် သိတာပေါ့ သားရဲ့၊ အင်းပြားတွေကို တွေ့တွေ့ချင်း အမေက သစ္စာဆိုတာ။ ဒီအင်းပြားတွေဟာ ဟန်နွဲ့မြိုင်လက်ချက်ဆိုရင် အရှေ့အနောက် ခုနစ်အိမ် ပန်းရနံ့တွေ မွှေးပါစေလို့ အဓိဋ္ဌာန်ပြုတာ။ အိမ်နီးချင်းတွေ ပြောသံ မကြားဘူးလား။ ပန်းရနံ့တွေ မွှေးလိုက်တာ ဘယ်အိမ်က ပွင့်နေသလဲ မသိဘူးတဲ့"

လွန်ခဲ့သော လေးငါးရက်က ပန်းရနံ့တွေ မွှေးပျံ့နေသည်ကို ပြုခဲ့မိသည်။

"နောက်ပြီး ပန်းရနံ့တွေ ပြီးရင် အပုတ်နံ့တွေ ထွက်ပါစေဆိုတော့ ကြွက်သေကောင် လိုက်ရှာနေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့သူတွေတောင် ရှိတာယ်လေ။ သား မျက်မြင်ပဲ

နှုတ်ဆိတ် နေလိုက်ရတော့သည်။

အမေပြောသမျှသည် မတိကျ မရေရာသော်လည်း တိကျ ရေရာစွာ တိုက်ဆိုင်နေသည့်ကိစ္စ။

အမေ့ထံမှ အင်းပြားတွေကို တောင်းယူသည်။ အမေ ဘာလုပ်မလို့လဲဟု မေးသောအခါ လွှင့်ပစ်မလို့ဟု သူပြောသည် လမ်းထိပ်ရှိအမှိုက်ပုံသို့ သူသွားလွှင့်ပစ်၏။ ရင်ထဲတွင် ဆို့နစ်ရသည်

●

အခါတိုင်း မမထား ဈေးသွားနေကျ။

သည်နေ့မနက် အမေဈေးသွားသည်ဟု မမထားပြောသည် "ကျန်းမာရေးမကောင်းတဲ့သူကို ဘာဖြစ်လို့ တစ်ယောက်တည်း လွှတ်လိုက်တာလဲ"ဟု မမထားကို သူအပြစ်ဖို့သည်။ "အမေ ထမင်းအိုးတည်ခိုင်းခဲ့လို့"ဟု မမထား ပြောသည်။

ယိုင်လဲလုလုခန္ဓာကိုယ်ဖြင့် ဈေးခြင်းကို မနိုင်မနင်းဆွဲ သော အမေ့ကို လှမ်းတွေ့သည်။ အမေ့ထံသို့ တဟုန်ထိုး ပြေး ကြ၏။

"ဟင်"

အမေ့ဈေးခြင်းတောင်းထဲကို ကြည့်လျက် ဂျော်နီ မျက် ဝိုင်းသွားသည်။ မမထားနှင့် အကြည့်ဆုံ၏။





"ကြက်သားတွေက များလှချည်လား အမေ"

မမထား၏အမေးကို အမေ မဖြေကြားသေး။ ဂျော်နီက ကြက်သားတွေကို လက်ညှိုးဖြင့်ထောက်လျက်...

"တစ်ကောင်၊ နှစ်ကောင်၊ သုံးကောင်၊ လေး ကောင်၊ ငါးကောင်...ဟာ ကြက်ငါးကောင် တောင်၊ ဆွမ်းတွေဘာတွေ ကျွေးဖို့လား အမေ"

အမေက မျက်မှောင်ကြုံ့လျက် ခေါင်းယမ်း၏။

"သားတို့ သမီးတို့ကို အဝကျွေးချင်လို့လေ၊ ဟင်းကောင်းမစားရတာ ကြာပြီမို့လား။ အမေ့ရှိ သမျှ ပိုက်ဆံအကုန်ပဲ။ သားတို့လည်း ကြက်သား တွေကို အကုန်စားရမှာနော်...ဒါပဲ"

အမေက ပြုံးရွှင်ရယ်မောစွာ ပြောနေပါလျက် သူတို့ ောင်နှမနှစ်ယောက် ပြုံးပြနားထောင်ဖို့ ခက်ရချေသည်။ "သော အဏ်ကို မခံစားနိုင်တော့ဘူးလား အမေ"ဟု မေးလိုက်ချင်သည်။ ်ဘွင်းကို မြင်နေရသဖြင့် မမေးဖြစ်။

●●●



www.burmeseclassic.com

www.burmeseclassic.com





အခန်း [၁၄]

ဂျော်နီ နဝမတန်းတက်ရောက်စတွင် မမထားသည် ဒသမ[illegible]န်းစာမေးပွဲကို လုံးဝမဖြေဆိုတော့ဟု ဆုံးဖြတ်၏။

"ကျွန်တော် ကျောင်းထွက်ပါရစေ မမထား ရယ်။ မမထားက ဆယ်တန်း တက္ကသိုလ်ရောက်ဖို့ အနီးကပ်ဆုံး။ ကျွန်တော်က အခုမှ ကိုးတန်း။ ထွက်ချင်းထွက် ကျွန်တော်ထွက်ရမှာ"

ညင်သာစွာ ခေါင်းခါယမ်းသည်။

မမထားက...

"မောင်လေးပြောတဲ့ အဓိပ္ပါယ်ကို မမထား နားလည်ပါတယ်။ ဒါပေမဲ့ အိမ်ရဲ့အခြေအနေက မောင်လေး သိတဲ့အတိုင်းပဲ၊ လုံးဝ ယိုယွင်းနေပြီ။ အမေ့ကိုကြည့်...သားသမီးတွေကို ဆုံးမ

www.burmeseclassic.com



စကားတောင် မပြောနိုင်ရှာတော့ဘူး။ သူနေချင်သလို နေတတ်နေပြီ။ အိမ်ရဲ့ ဝင်ငွေဆိုလို့ မောင်လေးနဲ့ ဦးမြသောင်းတို့ ကားပြင်ခပဲရှိတယ်...။

ဒါတောင် မောင်လေးက မတတ်တတတ်။ ဦးမြသောင်းက မကျွမ်းမကျင်။ အမေ့ရဲ့ဝေယျာဝစ္စ၊ အငယ်တွေရဲ့ ဝေယျာဝစ္စ၊ အိမ်ရဲ့ ဝင်ငွေထွက်ငွေ။ အဲဒါတွေကို သုံးသပ်ပြီး မမထား ကျောင်းစာကို ကျောခိုင်းလိုက်ရတာ''

မမထား၏ စကားသံ တုန်ယင်သွားသည်။ ဂျော်နီက မေးကျောတွေတင်းလျက်...

''ဘာပဲဖြစ်ဖြစ် ကျွန်တော်က ယောကျ်ားလေး။ ဒေါင်ကျကျ ပြားကျကျ ကိစ္စမရှိဘူး မမထားက...''

လက်ကာသဖြင့် နှုတ်စကား တန့်ရလေသည်။ မမထားသည် အားမဲ့စွာပြုံးရင်း...

''မမထားက အစ်မကြီးလေ မောင်လေးရဲ့ အစ်မကြီး အမိရာဆိုတဲ့ စကားကို မောင်လေးမေ့သွားပြီလား။ အမေ့ကိုယ်စား တစ်အိမ်လုံးရဲ့ တာဝန်ကို မမထား ယူရတော့မယ်။ အမေက သက်ရှိထင်ရှား ရှိနေသေးပေမဲ့ ဘဝသေနေပြီလေ။





အမေသာ အကောင်းပကတိဆိုရင် ကျောင်းထွက်ဖို့ ကိစ္စကို မမထား ဘယ်လိုလုပ်စိတ်ကူးရဲပါ့မလဲ၊ ကျောင်းထွက်မယ် ဆိုတာနဲ့ အမေရိုက်မှာကျိန်းသေ။

အခုတော့ အမေ့အသိဉာဏ်တွေကို သောကတွေက ဝါးမျိုသွားကြပြီ''

မျက်ရည်ဝဲတွေကို တွေ့သည်။

အဖေ့ရုပ်သွင်ကို မတမ်းတပါဘဲလျက် ထင်လင်းစွာ မြင်ယောင်သည်။

''ဒီလောကကြီးထဲမှာ အဖေ့လောက် ရက်စက်တဲ့ ဖအေမျိုး နောက်ထပ် ရှိတော့မယ် မထင်ဘူး''

ပြောပြီး တက်ခေါက်မိသည်။

''အဖေ့စိတ်၊ အဖေ့ကိုယ်မှ ဟုတ်ပါ့မလား မသိဘူး။ အမေပြောသလို ဆေးမိတာတို့ အပြုစားခံရတာတို့ကြောင့်များလား''

''အာ...မမထားကလည်း၊ အတွေးအခေါ်ခေတ်မမီလိုက်တာဗျာ၊ ယောကျ်ားရင့်မာကြီး တစ်ယောက်ရဲ့ သမာဓိကို ဘာမဟုတ်တဲ့ အင်းပြားလေးတစ်ပြား၊ ဆေးမှုန့်လေးတစ်မှုန့်က အနိုင်ယူသွားရောတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါမျိုးသာ လုပ်လို့ရမယ်ဆိုရင် ဒီနေ့ ကမ္ဘ ခေါင်းဆောင်တွေ တစ်ယောက်နဲ့တစ်ယော စစ်မတိုက်ကြဘဲနဲ့တစ်ယောက်ဓာတ်ပုံတစ်ယော ကြည့်ပြီး ပြုစားကြပါလား။ ဓာတ်ရိုက်ဓာတ်ဆ လုပ်ကြပါလား။ ကိုယ်မလိုလားတဲ့ နိုင်ငံပေါ် အင်းပြားတွေ သွားချပါလား၊ သေနပ်တစ်ချ တောင် ဖောက်စရာမလိုတော့ဘူးလေ။ ဘယ့်န လဲ''

မမထား လက်ခံသွားပုံရ၏။

''လူတွင်ပါလို့ နွားကျားကိုက်ရတာပါ မ ထားရယ်။ အမေကိုယ်နှိုက်က စိတ်ပါလို့ဖြစ်တာ အဓိကတရားခံက အမေပဲ။ ဟန်နွဲ့မြိုင်က ဒုတိ တရားခံ''

''အမေတွေ့တဲ့ အင်းပြားတွေကို မောင်သေ သေသေချာချာကြည့်မိသေးလား''

ခေါင်းယမ်းလျက်...

''ဘာဖြစ်လို့ ကြည့်ရမှာလဲ''

''အင်းပြားရဲ့ နောက်ကျောမှာ ရှုး–သေ ရေးထားတယ်''

''အဲဒါ ဘာဖြစ်လဲ''ဟု ဂျော်နီ ပြောလိုက်၏။

''အမေ့စိတ်တွေ မူမမှန်တော့တာ၊ 





ကြောင့်များလားလို့''

''ပြောရခက်လိုက်တာ မမထားရယ်၊ အမေ အခုလိုဖြစ်တာ သောကတွေကြောင့် ဖြစ်ရတာ။ အမေရှုးနေပြီလို့ပဲ ဆိုပါတော့၊ အဲဒါ အဖေ့ကြောင့် ဖြစ်ရတာ''

မမထား ခေါင်းငုံ့သွားလေသည်။ မျက်ရည်တွေကို မမြင် ချင်သဖြင့် မျက်နှာလွှဲလိုက်ရသော်လည်း မျက်ရည်မကင်းစင်သော က်ဝန်းကို ပိုင်ဆိုင်နေရသူဟု ကိုယ့်ကိုယ်ကို သိ၏။ သောကနေ့ဆိုး တွေ ရှည်ကြာလွန်းလှသည်။

''မျက်နှာကြီးကလည်း စုပုတ်နေတာပဲ၊ ဘာ ဖြစ်လို့လဲ''

ယုက နှုတ်ခမ်းတွန့်ရုံမဲ့သည်။ တုန့်ပြန်စကား မဆိုသေး။ လေအသွေ့ကြောင့် ကောသာရှည်တွေ ယိမ်းနွဲ့သည်။ နံ့သာ ပြင်မှာ တင်းမာလျက် ရှိနေ၏။

''ပြောလေ ယု။ နင်...ဘာဖြစ်နေတာလဲ''

သူ့ဘက်သို့ ဆတ်ခနဲလှည့်သည်။ ဆံနွယ်စတွေ ဖွာခနဲ

''နင် နေခြည်ဦးရဲ့ အော်တိုစာအုပ်ထဲမှာ ကဗျာရေးပေးတယ်ဆို''

www.burmeseclassic.com



"ဩော်…ဒါလား၊ ငါက ဘာများလဲ
သူငယ်ချင်း အချင်းချင်း ရေးပေးတာပဲဟာ"
မျက်စောင်းတစ်ပွင့် လှစ္စာဝင့်သည်။

"အော်တိုရေးတာတို့ အချစ်တော် ထား
တို့က စာမေးပွဲကျမယ့် လမ်းစပဲ။ သီလာ‌းဂျော်
ကျောင်းကြိုကားတစ်စီးက နံဘေးမှ ဖြတ်သွားသည်။
ထိုကား၏နောက်တွင် ကိုယ်ပိုင်ကားတစ်စီး။
နေခြည်ဦး၏ကားမှန်း သိကြ၏။ ကားအတွင်းမှ နေခြည်
က လက်ပြနှုတ်ဆက်သည်။ ယုယုခိုင်ရော ဂျော်နီပါ လက်
နှုတ်ဆက်ကြ၏။

နေခြည်ဦးတို့ကားလေး ခပ်လှမ်းလှမ်းသို့ လွန်သွားသော
အခါကျမှ…

"ဒီ့ပြင်လူဆို ငါ ဘယ်ရေးပါ့မလဲ ယု
နေခြည်ဦးမို့လို့"
ငဲ့ကြည့်လျက် ပြောပြသည်။ ယုယုခိုင်က…

"ငါလည်း နေခြည်ဦးနဲ့ သူငယ်ချင်းပါ။
မဲ့ နင်နဲ့ငါလောက် တရင်းတနှီးမရှိလို့ နင့်ကို ငါ
ရတာ။

ပြီးတော့ နင်ကယောက်ျားလေး၊ ဟိုရော
ဒီရောရော မနေစေချင်လို့ ပြောတာ"
လက်ျာဘက်သို့အကွေ့တွင် ခြင်းအားကစား [illegible] ရုံကို





သည်။ ထိုမှလွန်သော် ကျောက်ပိုက်လုံးတွေ စီရီထားသည့် ကွင်းပြင်ကြီးအနီးသို့ ရောက်လာကြ၏။ ကုက္ကိုရိပ်တွေကြောင့် နေပျောက်သည် မပြန့်တပြန့်။

"ငါ သဘောပေါက်ပြီ ယု"

"ဘာသဘောပေါက်တာလဲ"

"နင်က ငါတခြားမိန်းကလေးတွေနဲ့ ရော
တာ မကြိုက်ဘူးဆိုပါတော့ ဟုတ်လား"
ယုယုခိုင် အံ့ကြိတ်သည်။

"ပွင့်ပွင့်လင်းလင်း ပြောရောပေါ့ ယုရယ်"
ရယ်မောလျက် ပြောသည်။ ပန်းနုရောက်သွယ် မျက်နှာပြင်တွင် သွေးမျှင်သော ဒေါသရိပ်လေး ပြေးလွှားသွားချေ၏။

"ဂျော်နီနော်…ကောင်းစုတ်။ ငါ စကား
အကောင်းပြောနေတာ"
ဂျော်နီက ရယ်မောလျက်…

"နင့်ကိုလည်း ငါရေးပေးပါ့မယ်"

"မလိုပါဘူး။ ငါတို့လို အဆင့်အတန်းမျိုးက
အော်တိုစာအုပ်မပြောနဲ့ ကျောင်းသုံးစာအုပ်တောင်
အနိုင်နိုင်"

"သိပ်မညည်းပါနဲ့၊ နင့်ပိုက်ဆံငါးရာ ပြန်ပေး
နိုင်တော့မှာပါ"

"ပြန်ယူမယ်လို့ နင့်ကို ဘယ်သူပြောလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပိုက်ဆံဆိုတာ ချွေးနဲ့ရင်းပြီး ရှာဖွေရတဲ့ အရာဆိုတာ နင် နားလည်ရဲ့လား ယု"

ယုယုခိုင်မည်သည့်စကားမျှမတုံ့ပြန်ဘဲ နားစွင့်နေလေသည်။

"ဒီလောကကြီးထဲမှာ ဘာမှ အလကားမရဘူး။ အဲဒါကြောင့် နင့်ဆီက ငါ ဘာမှ အလကား မယူချင်ဘူး...။

တကယ်ပြောတာ ယု၊ နင်ပေးတဲ့ပိုက်ဆံ ငါ အခုထိ မသုံးရသေးဘူး။ စိတ်ဆိုးမှာစိုးလို့ ပြန်မပေးသေးတာ"

"စကားလမ်းကြောင်း မလွှဲနဲ့နော် ဂျော်နီ"

"ကဲ...မလွှဲဘူးဟာ ဆက်ပြော"

"ပြောမယ်"

အိမ်နှင့် နီးလာသည်။ စကားစ မပြတ်မှာစိုးသဖြင့် ခြေလှမ်းတွေကို ကိုယ်စီနှေးလိုက်ကြ၏။

"ဟိုရောရော ဒီရောရောနေတာ ငါမကြိုက်ဘူး။ နေခြည်ဦးစာအုပ်ထဲတွင်မကဘဲ တခြားကောင်မလေးတွေရဲ့ စာအုပ်ထဲမှာ ကဗျာယောင်ယောင် စာယောင်ယောင် ရေးပေးမိရင် နင်ငပေါကြီး ဖြစ်နေလိမ့်မယ်။

အထူးသဖြင့် ကဗျာရေးတယ်ဆိုတာ စိတ်ကူးယဉ်ကိစ္စ။ ဘဝကို လက်တွေ့ကျကျ ရင်ဆိုင်တာ





မျိုးပဲ ဖြစ်စေချင်တယ်။ စိတ်ကူးထဲမှာ တိုက်အိမ်ဆောက်တဲ့သူ ဖြစ်မှာစိုးရိမ်တယ်။ နင့်ကို"

"နင်မှားသွားပြီ ယု"

"ကဗျာရေးတယ်ဆိုတာ စိတ်ကူးယဉ်ကိစ္စလို့ ပြောတာလည်း မှားတယ်။

ငါ့ကို ကဗျာယောင် စာယောင်လို့ ထင်တာလည်း မှားတယ်။ ဒီမယ် ယု၊ ကဗျာရေးတယ်ဆိုတာ စိတ်ကူးယဉ် မဟုတ်ဘူး။ ကဗျာရေးတဲ့သူရဲ့ ဝေဒနာ၊ ကဗျာရေးတဲ့သူရဲ့ ထွက်ပေါက်တစ်ခုလို့ ငါနားလည်ထားတယ်။

ပြီးတော့ ငါဘယ်တော့မှ ကဗျာဆရာဖြစ်မှာ မဟုတ်ဘူး။ ငါ့ဘဝက ကဗျာမဆန်ပါဘူး ယုရယ်။ ဘဝကို လက်တွေ့ကျကျရင်ဆိုင်ရမယ်ဆိုတာ ငါနားလည်ပါတယ်။ ဒါပေမဲ့ ဝေဒနာကြောင့် ရေးဖွဲ့လိုက်မိတာတွေဟာ တစ်ခါတစ်ခါမှာ ကဗျာ ဖြစ်သွားတတ်တယ်"

မဲ့ပြုံး ပြုံးသည်ကို နီးကပ်စွာ တွေ့ရ၏။

အနောက်ဘက်သို့ တိမ်းကာစနေရောင်အောက်တွင် ရတနာတစ်ပါးကို တောက်ပစွာမြင်ရသည်။ သူငယ်ချင်းဟူသော သိဒ္ဓေ၏။

●



www.burmeseclassic.com

www.burmeseclassic.com



ယုယုနိုင်၏ ပိုက်ဆံငါးရာကို ဂျော်နီပြန်ပေးသည့်နေ့က ဂျော်နီ့ကို ယုယုနိုင်က မုန့်[illegible]င်းခါး ဝယ်ကျွေးသည်။

ထိုနေ့ ညနေစောင်းတွင် ဂျော်နီနှင့်ယုယုနိုင်၏ အိမ်သို့ နေခြည်ဦး ရောက်လာသည်။ အောင်စာရင်းထွက်ခါနီးပြီဟု ပြော၏

နေခြည်ဦးဝယ်ကျွေးသော ရှမ်းခေါက်ဆွဲကို အားနာစိတ်ကြောင့် စားပြီးသည့်နောက် ယုယုနိုင်၏ မကြည်မလင် အကြည့်ကို တွေ့မြင်ရလေသည်။ နေခြည်ဦး သတိမထားမိသဖြင့် တော်သေး၏

●●●



အခန်း (၁၅)

နေခြည်ဦးနှင့်ယုယုနိုင်က ဂုဏ်ထူးနှစ်ဘာသာဖြင့် အောင်သည်။ ထွန်းထွန်းနှင့်ဂျော်နီက ရိုးရိုးသာ အောင်မြင်သည်။ "ဆယ်တန်းအောက်ရင် ကျူရှင်ယူမှ ဖြစ်တော့မယ်"ဟု ထွန်းထွန်းပြော၏။

ယုယုနိုင်က...

"သူဌေးသားတွေ ယူကြပေါ့၊ ငါတို့ကတော့ ကျောင်းကသင့်သမျှ အကုန်ကျက်ရုံပဲ"

"ဟုတ်တယ်"ဟု ဂျော်နီပြော၏။

နေခြည်ဦးက...

"ဒို့အိမ်မှာ လာသင်ပါလား။ ဒို့က [illegible]ရာခေါ်



www.burmeseclassic.com

www.burmeseclassic.com



သင်တာ''

ဂျော်နီက လက်ညှိုးနှင့်လက်မကို ဝိုင်းလျက် လက်ခါပြသည်။ ထိုအခါ နေခြည်ဦးက ''ကျူရှင်လခ ဒိုစိုက်ပေးမယ်လေ၊ သူငယ်ချင်း အချင်းချင်းပဲ''ဟု ပြော၏။

''ကျေးဇူးပဲ ကျူရှင်တက်ဖို့ ဝါသနာလည်း မပါလို့ပါ''ဟု ဂျော်နီ ပြောသည်။ ယုယုခိုင်၏အကြည့်ကို သူတစ်ယောက်တည်းသာ နားလည်သိမြင်လိုက်၏။

ကျောင်း၏ ဝန်းကျင်တွင် ကျောင်းသားကျောင်းသူတွေ ဟိုတစ်စု သည်တစ်စု။ ကျောင်းတော်ကြီးသည် ဝင်သူ ထွက်သူ သွားလာသူတွေဖြင့် ပြန်လည်ရှင်သန်ရတော့မည်။

ပျိုးခင်းသစ်ကြီးပမာ စည်ကားစွာ အသက်ဝင်နေ၏။

ထွန်းထွန်းက လက်ဖက်ရည်ဆိုင် ထိုင်ဦးမည်ဟု ပြောသည်။ ဂျော်နီက...

''ငါမထိုင်တော့ဘူး။ အိမ်မှာ အမေသိပ်နေမကောင်းဘူး''ဟု ပြောသဖြင့် ထွန်းထွန်းတစ်ယောက်တည်း ထွက်သွားသည်။

ခပ်လှမ်းလှမ်းတွင် နေခြည်ဦး၏အိမ်မှ ကားကို တွေ့၏။ နေခြည်ဦးက...

''ဒို့ကားနဲ့လိုက်ခဲ့ပါလား၊ လမ်းကြုံသားပဲ''

ဂျော်နီက...

''ရပါတယ် နေခြည်ဦး။ ကိစ္စမရှိဘူး။ ငါတို့ နှစ်ယောက်က လမ်းလျှောက်ပြန်နေကျ''





နေခြည်ဦးက ယုယုခိုင်၏လက်ကို ဆွဲလျက် ကားတံခါးကို ဖွင့်ပြီး...

''လာပါ၊ တစ်ခါတလေ လိုက်ပို့ပါရစေ''

ကားအတွင်းမှ အမျိုးသမီးကြီးတစ်ယောက်က အပြင်သို့ ခေါင်းပြူလျက်...

''သမီးသူငယ်ချင်းတွေနဲ့ တူတယ်။ လာကြ လေကွယ်၊ လိုက်ခဲ့ကြပါ''

ယုကို ကြည့်မိနေစဉ်၌ ယုက ကားထဲသို့ ရောက်နှင့်နေပေပြီ။

ယုယုခိုင်၏ နံဘေးတွင် ဝင်ထိုင်လိုက်ရ၏။

ကားတံခါးကိုပိတ်ပြီး ဝဲဘက်သို့ငဲ့အကြည့်တွင် လှို့ဝှက်စွာ ပိတ်ဆိုးနေသော နှုတ်ခမ်းပါးလေးတစ်စုံကို ရှင်းသန့်စွာ မြင်တွေ့ရသည်။ လွတ်လပ်မှုမရှိသည့်ကြားက လျှင်မြန်သော မျက်စောင်းတစ်စုံကိုလည်း တိတ်တဆိတ် ရရှိလိုက်လေသည်။

...ငါဘာလုပ်လို့လဲ...ယု။

●

ကားကို လမ်းထိပ်တွင်သာ ရပ်ခိုင်းရသည်။ နေခြည်ဦးနှင့် သူ့မိခင်က အိမ်ရှေ့အထိလိုက်ပို့မယ်လေဟု ပြောသေး၏။ ''ဒီမှာပဲ ဆင်းပါ့မယ်''ဟု နှစ်ယောက်သား ပြောရသည်။ ကျေးဇူးတင်စကား



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးသောအခါ နေခြည်ဦးက လက်ပြသည်။ ယုယုခိုင်နှင့်အတူ ဂျော်နီကလည်း လက်ပြသည်။

နေခြည်ဦး၏ကား ခပ်လှမ်းလှမ်းသို့ရောက်သောအခါကျမှ နှစ်ဦးသား ခြေရွေ့ကြ၏။

"ယု"

"ဘာလဲ"

"နင်ငါ့ကို အဲဒီလို မျက်စောင်းတထိုးထိုး မလုပ်နဲ့ဟာ"

"မျက်စောင်းထိုးတာ မထိုးတာ အသာထားပါ။ နင်ကိုယ်တိုင်က အဲဒီကားပေါ်မှာ ထိုင်ချင်နေတာမို့လား"

"စကားကို ဆင်ခြင်ပြောနော် ယု၊ နင့်စကားကြီးက ငါ့မာနကို ထိတယ်။ ငါ သူများကားပေါ်မှာ အလကားမစီးချင်ဘူး။ နင် အရင်ဝင်ထိုင်လို့ ငါဝင်ထိုင်ရတာ"

"ငါ့ကို နေခြည်ဦး ဆွဲထားလို့ဟဲ့"

"ဆွဲထားထား မထားထားလေ၊ နင်ဝင်ထိုင်နေပြီးသားကို ငါက အတင်းပြန်ဆွဲထုတ်ပြီး လိုက်မပို့နဲ့လို့ ပြောလို့ ကောင်းပါ့မလား။ တစ်တန်းတည်းသားချင်း"

"ထားပါတော့"



ယုယုခိုင်က လေသံပျော့သွားသည်။

"ထားပါတော့ မလုပ်နဲ့၊ ငါ့ကို ဟိုမိန်းကလေး ဒီမိန်းကလေးနဲ့ ထင်သလိုလို ဘာလိုလို မပြောနဲ့၊ ငါ မကြိုက်ဘူး။

ငါ့ဘဝမှာ ငါသံယောဇဉ်အရှိဆုံးက နင်ပဲ"

"လေသံက မာလှချည်လား"

"မာမှာပေါ့၊ နင် ငါ့ကို စိတ်ဆိုးအောင် လုပ်တာကိုး"

စိတ်ဆိုးဟန်ပြ၍ ပြောရသည်။

"ဟဲ့...စောစောက စိတ်ဆိုးနေတာ ငါပါ၊ ဘယ့်နှယ့် နင်ကပြန်ပြီး စိတ်ဆိုးနေရတာလဲ"

"ဟုတ်တယ် ငါအခု စိတ်ဆိုးနေတယ်၊ နင် ပြန်ချော့"

"ချော့မယ်...အားကြီး"

ထိုစဉ် အိမ်ရှေ့အိမ်မှ လူတစ်ယောက်က ဂျော်နီထံသို့ ပြေးလာသည်။

"ဂျော်နီ"

"ဗျာ...ဦးလေး"

"မင်းအမေ ဆုံးပြီကွဲ့၊ မင်းမသိသေးဘူးလား"

ခေါင်းကို တွင်တွင်ခါယမ်းမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာကြီး ပြိုပျက်သွားပြီဟု ခံစားလိုက်ရ၏။ နှလုံးသည်း ခြေသည် တစ်စစ ကြေပျက်သွားပြီထင်၏။

"ယု"

ယု၏လက်ကို တုန်ယင်စွာ ဆုပ်ကိုင်လိုက်မိသည်။

"ယု. အမေဆုံးပြီတဲ့"

လှိုက်ဖိုစွာ ထွက်ပေါ်လာသော စကား။

ယုမျက်ဝန်းတွင် မျက်ရည်တွေ ဝေ့၏။

အမေရှိရာအရပ်သို့ မှန်းဆကြည့်လိုက်သည်။

"အမေ"

ကျယ်လောင်စွာ ဟစ်အော်လိုက်သည်။ အမေ ကြားနိုင်လိမ့်မည် မထင်တော့။ ယုလက်ကို ဆွဲလျက် တဟုန်ထိုး ပြေးထွက်လာသည်။ ထိုခြေလှမ်းများသည် စကြာနံ့ပိုင်းအတွင်း ကမ္ဘာကိုပတ်၍ ပြေးနိုင်စွမ်းရှိသည့်တိုင် အမေထွက်ခွာသွားရာ အရပ်သို့ ဘယ်သောအခါမှ လိုက်၍ မီနိုင်တော့မည် မထင်တော့။

❁

အိမ်ရှေ့သို့ရောက်ရောက်ချင်း ဇာနည်နဲ့ အောင်ထွေး တွေ့သည်။ အောင်ထွေးက သူ့လက်ကို ပြေးဆွဲလျက်...

"ကိုကို အမေသေသွားပြီ"

ဖိတ်လျှံနေသော မျက်ရည်တွေကြားမှ ပြောသည်။ အ





အဝသို့ ရောက်သော် ဇာနည်နှင့် အကြည့်ဆုံသည်။ မျက်ဝန်းသို့ ဝေ့လာသောမျက်ရည်တွေကြောင့် အရာရာကို ဝိုးတဝါးသာ မြင်ရသည်။ ယုက သူ့လက်မောင်းကိုတွဲလျက် ညှိုးငယ်စွာ လိုက်ပါလာသည်။ ယုယုခိုင်၏ မျက်ဝန်းသည်လည်း ပုတ်ခတ်လျက် ရှိ၏။

အိမ်ပေါ်တွင် အိမ်နီးချင်းတွေ လေးငါးဆယ်ယောက် ရှိနေ၏။ 'ကျော်နီလာပြီ'ဟူသော အသံကြောင့် အနီးအပါးမှ လူတွေက နေရာဖယ်ပေးကြသည်။ ငိုနေသော မမထားကို အမေ့အနီးတွင် ခင်ဆိုစွာ မြင်ရ၏။

"မမထား"

မမထားနံဘေးတွင် ထိုင်လျက် အမေ့မျက်နှာကို ငေးကြည့်မိသည်။

"မောင်လေး"

ထားထားက ကျော်နီနှင့်ယုယုခိုင်ကို ဖက်၍ ငိုပြန်သည်။

"အမေ မရှိတော့ဘူး မောင်လေးရယ်"

ရှိုက်ငင်ငိုကြွေးလျက် ပြောသည်။ ရှိုက်သံတို့သည် နှလုံးသည်းခြေကို ကြေမွစေ၏။ နားအာရုံတွင် ရင်ကွဲပုရစ်တို့၏ အော်သံဆက် စူးနင့်ရသည်။ ယုယုခိုင်သည် စီးကျနေသော မျက်ရည်စတွေကို လက်ကိုင်ပဝါဖြင့် တို့၏။

အမေ့ဆံနွယ်စတွေကို လက်ဖဝါးဖြင့် ပင့်တင်မိသည်။

အမေ့ကိုယ်ငွေ့သည် နွေးထွေးဆဲ ရှိနေသေးသည်။ ကြွင်းကျန်သော မေတ္တာရင်ငွေ့ဟု ထင်မြင်သည်။ သောကအရိပ်အမှောင်တွေ



www.burmeseclassic.com

www.burmeseclassic.com



ရင်တွင်းရှိ ဝေဒနာတွေကို မျက်နှာပေါ်တွင် ချန်ထားရစ်သည့် ထင်၏။ အမေ့ရုပ်ခန္ဓာသည် သောကတွေ၏ ရုပ်ကြွင်း။

ဒဏ်ရာဒဏ်ချက်များစွာကို ခံစားသွားရရှာသည်။ ခံစားရသမျှကို ကုန်စင်အောင် ဖွင့်ဟမသွားခဲ့။

"အမေ..."

မကြားနိုင်မှန်းသိလျက်နှင့် ခေါ်မိပြန်သည်။ ဘာဆက်ပြော မည်မှန်း မသိ။ ရင်စည်း မျိုသိပ် ခံစားခဲ့သမျှကို လှုပ်နှိုးဆွဲခါ မေးလိုက်ချင်သည်။ လောကကို နာကျင်ခဲ့လေသလား။ နာကျင်စွာ မှေးမှိတ်ခဲ့သည့် အမေ့မျက်လုံးတွေ၊ ခေတ္တခဏ ဖွင့်လှစ်စေချင် ပြန်ပါသည်။ နှုတ်ဆက်စကား ပြောသွားစေချင်၏။

မမထား၏ရှိုက်သံတွေ ပိုမိုကျယ်လောင်လာ၏။ ရှိုက်သံ သော်လည်း မျက်ရည်စတွေကို ထိန်း၍မရမှန်း ကိုယ့်ကိုယ်ကို သိ သည်။ အောက်နှုတ်ခမ်းကို နာကျင်စွာ ကိုက်ထားမိသည်။ နှလုံး အသည်းတွင်သာ စူးနင့်၏။ နံရံတစ်ခုခုကို ဦးခေါင်းနှင့် ပြေးတိုက် လိုက်ချင်သည်။ ထိုနံရံတွင် အဖေ့ရုပ်ပုံတွေ ထင်ဟပ်နေလျှင် ဦးခေါင်း ကြေမွသွားသည်အထိ တွန်းတိုက်လိုက်ချင်၏။ ငြိမ်သက်စွာ နာကျ နေသော အမေ့၏ ဆန္ဒနောက်ဆုံးစကားကို ကြားနာချင်သည် မှာတမ်းချွေလုလုတွင် အမေဆုံးပါးသွားဟန်တူသည်။ အမေ့နှုတ်ခမ်း ပါးသည် ယဲ့ယဲ့မျှ ပြုံးနေ၏။ မိုနာလီဇာကိုပင် စိမ်ခေါ်သွားဟန် တူသည်။

မြင့်မိုရ်ထိပ်ရှိ ကြာပန်းတစ်ပွင့် ရင်နင့်စွာ ကြွေပျက်သွား





သည်။ ရနံ့တွေသာ ကျန်ရစ်ခဲ့လေ၏။

❀

အမေ့ဈာပနကို လှပစွာပင် မြေမချခဲ့ရ။ မျက်စိသူငယ် နားသူငယ်ဘဝ၏ အစကာလဟု ကိုယ့်ကိုယ်ကို သိခဲ့သည်။ ပူဆွေး သောက ရောက်ချင်သော်လည်း အချိန်မလပ်။

ကုန်းကောက်စရာပင် မရှိတော့သောဘဝကို ပြန်လည် တွေးကြည့်တိုင်း ရင်နင့်ရသည်။ နီးစပ်သူတွေ၏ အကူအညီဖြင့် အမေ့ဈာပနသည် အထီးကျန် အကျည်းတန်စွာ မီးခိုးငွေ့ ဖြစ်ခဲ့ရ သည်။ အဖေ့ကို နာကျင်၏။

အဖေမရှိခြင်းသည် မြင့်မိုရ်တောင်ကို မထိပါး။ အမေ မရှိခြင်းသာလျှင် မြင့်မိုရ်တောင် ပြိုပျက်ရသည်သို့ ခံစားကြရ၏။

နှောင်းဘဝ၏ ဝဋ်ကြွေးကြမ္မာအတွက် အမေသည် အသက် ကို ပေးဆပ်ခဲ့လေသည်လား မသိ။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com





## အခန်း [၁၆]

"ဘာပြောတယ် ဂျော်နီ၊ ကျောင်းမတက်
တော့ဘူး ဟုတ်လား"

ထားထား၏ စိတ်ဆိုးမာန်ဆိုးမျက်နှာကို ဂျော်နီသည် ယခုမှသာ မြင်ရဖူး၏။ ငိုမဲ့မဲ့မျက်နှာကို ကြည့်မြင်လျက် စိတ်မကောင်းဖြစ်ရသည်။ မည်သို့သော အကြောင်းပြချက်ဖြင့် နားလည် လက်ခံအောင် ရှင်းပြရမလဲ တွေးသည်။ မည်သို့မျှ လက်ခံလိမ့်မည်မဟုတ်ခန်း လက်ရှိမျက်နှာထားကြောင့် သိနေ၏။ သို့သော် ဂျော်နီက ကြားဆက်ကြည့်သေးသည်။

"ဟုတ်တယ် မမထား။ ကျွန်တော် ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



တက်နေရင် အလုပ်ကောင်းကောင်း လုပ်လို့ရမှာ မဟုတ်ဘူး။ ကျောင်းစရိတ်လည်း တက်ဦးမယ်။ အဲဒါကြောင့်ပါ။

ကျွန်တော် ကျောင်းတက်မယ့်အစား အငယ် နှစ်ယောက်ကို ထွန်းထွန်းပေါက်ပေါက်ဖြစ်အောင် ဖေးမချင်တယ်''

မမထား ခေါင်းခါသည်။ ဂျော်နီလက်ကာလျက်...

''အပျိုလေးတန်မဲ့နဲ့ မမထားရုန်းကန်တာကို လည်း ကျွန်တော်မလိုချင်ဘူး။ ကျွန်တော်လည်း အရွယ်ရောက်ပါပြီ မမထားရယ်။ ကျောင်းစာ ဆက်သင်နေလို့လည်း ဘာမှထူးမှာ မဟုတ်ပါဘူး။ ကားပြင်တဲ့အလုပ်ကိုပဲ ဇောက်ချလုပ်မယ်၊ တစ်နှစ် အတွင်း ကျွန်တော်တို့စီးပွားရေး ပြန်ထောင်လာ စေရမယ် မမထား၊ အာမခံတယ်''

''ဒီမယ် ဂျော်နီ''

စိတ်ဆိုးသောအခါတွင် သူ့ကို ဂျော်နီဟု ခေါ်နေကျ အမှန်တကယ် မမထားသည် စိတ်ဆိုးခဲ၏။ ကရုဏာဒေါသဟု သိသည်။

''ငွေဆိုတာ ဘယ်အချိန်ရှာရှာ ရှာလို့ရတယ်၊ ပညာဆိုတာ ငယ်ရွယ်တုန်း ရှာထားမှ ပိုကောင်း တာ၊ လောလောဆယ် အိမ်တွင်းရေးအဆင်ပြေ





စေရုံ တစ်ခုတည်းအတွက်နဲ့ ပညာရေးကို ကျော မခိုင်းစေချင်ဘူး။

မမထားပြောစကားကို နားထောင်စမ်းပါ။ ကျောင်းကို ဆက်တက်၊ အလုပ်သိပ်လုပ်ချင်သပ ဆိုရင် ကျောင်းပိတ်ရက်တွေမှာလုပ်၊ ကျောင်း အားချိန်မှာလုပ်။ မင်းရဲ့ပညာရေး ဆုံးခန်းမတိုင် ခင်အထိ မမထား အလုပ်လုပ်မယ်''

ငြင်းပယ်စကား ပြောချင်သည်။

''မဖြစ်နိုင်ဘူးထင်တယ် မမထား။ ကျွန်တော် မမထားကို သနားတယ်''

မမထား ပြုံးသည်။ ပြုံးနေသူ၏ မျက်ဝန်းတွင် မျက်ရည် တွေ ဝေ့လျှံလာ၏။

''မဖြစ်နိုင်ဘူးဆိုတဲ့ ထင်မြင်ချက်ဟာ ယောကျ်ားလေးတစ်ယောက်မှာ မထားသင့်ဘူး။ ပြီးတော့ မမထားကိုလည်း သနားစရာ မလိုပါ ဘူး။

တစ်ခုတော့ ရှိတာပေါ့။ မမထားကို သနားရင် မမထားစကားကို နားထောင်၊ မမထားကို ချစ်ရင် စာကြိုးစား။

အစ်မကြီး အမိရာတဲ့။ အမေ မရှိတော့ပေမဲ့ ဘာမှအားမငယ်နဲ့ မမထားရှိတယ်။ ထယ်ချိန်ချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း အစ်ကိုကြီးအဖရာဆိုတဲ့တာဝန်ကို မောင်
လေး ယူရလိမ့်မယ်။ နော်...မောင်လေး"
စိတ်ဆိုးပြေလုပြီဟု သိ၏။
မမထားက စကားဆက်၏။

"အမေလည်း ခေတ်ပညာတတ်တစ်ယောက်
မဖြစ်ခဲ့ဘူး။ အဖေလည်း ဒီအတိုင်းပဲ။ အဲဒီတော့
ပညာနည်းပါးတဲ့မိဘရဲ့ သားသမီးတွေဟာ ပညာ
ဖြစ်ရတယ်ဆိုတဲ့ပုံစံမျိုးကို မမထား လက်မခံဘူး
ဘဝအခြေအနေကြောင့် မမထား ကျောင်း
ထွက်ရပေမဲ့ မောင်လေးထွက်စရာ မလိုလူး
မောင်လေးက ယောကျ်ား။ ဘဝဟာ ဒီထင်
ဆိုးဂျာခဲ့ရင်တောင် မရမကကို ရုန်းကန်ရမယ်
မိုးလေငြိမ်မှ ငါးရှာထွက်ကြမယ်ဆိုရင် တံငါသည်
ဆိုတာ နည်းနည်းပဲ ရှိတော့မှာပေါ့။
ရေသောမှာ သီချင်းဆိုပြီး လှေလှော်နေတာ
ထက် လှိုင်းတွေ လေတွေကြားမှာ အားကြိုး
မာန်တက် ညာသံပေးပြီး လှော်လှော်နေတာ ပို
တန်ဖိုးရှိတယ်။ ဆင်းရဲတယ်ဆိုပြီး ငွေကိုပဲရှာ
ပညာရှာဖို့မကြိုးစားခဲ့သူဟာ ရေသောမှာ သီချင်း
ဆိုပြီး လှေလှော်ချင်တဲ့သူနဲ့ အတူတူပဲ"
ရင်ထဲသို့ ထိုစကားတွေ စိမ့်ဝင်သည်။





မမထားသည် အရင် မမထားမှ မဟုတ်တော့ဘဲ။

●

"ဆက်ပြောလေဟာ"ဟု ယုယုခိုင်မေးသည်။
သူက ကုက္ကိုပင်မြစ်ရင်းတွင် ထိုင်ရင်း...
"ပြောမှာပေါ့ဟ၊ ထိုင်ပါရစေဦး"
ယုက သူထိုင်ဖို့ နေရာပေးသည်။ ယုယုခိုင်နံဘေးတွင်
ထိုင်သည်။ လွယ်အိတ်ကို ပိုက်လျက်...
"မမထား ပြောသေးတယ်။ ဆိုက်ကားသမား
သား ဆိုက်ကားသမားဖြစ်တာ၊ ဈေးသည်ရဲ့ သား
သမီး ဈေးသည်ဖြစ်တာ၊ သူ လက်မခံချင်ဘူးတဲ့"
ယုက စိတ်ဝင်တစား နားထောင်သည်။
"ရှင်းရှင်းပြောရရင်ဟာ ငါ့ကို အဖေ့လိုလူမျိုး
မဖြစ်စေချင်ဘူးတဲ့။ လောကမှာ အမျိုးယုတ်တဲ့
သူရဲ့သား ဖြစ်ပေမဲ့လည်း မင်းရဲ့အမတ်ဖြစ်တတ်
တယ်တဲ့၊ လူမိုက်ရဲ့သား ဖြစ်ပေမဲ့လည်း ပညာရှိ
ဖြစ်တတ်တယ်တဲ့၊ အဖေတူသားမျိုး မဖြစ်စေချင်
ဘူး ဆိုပါတော့ဟာ..."
"နင်က မဖြစ်စေရဘူးလို့ ကတိပေးလိုက်တယ်ပေါ့၊ ဟုတ်
သား" ဟု ယုယုခိုင်က မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့ဟာ"

"ငါကတော့ မယုံဘူး"

ဂျော်နီ မျက်လုံးဝိုင်းသွားသည်။ ယုယုခိုင်က...

"နင့်မျက်နှာကြည့်ရတာ ရည်းစားတောင် သုံးလေးယောက်ထားမယ့်ရုပ်"

"ငါ အဲဒီလောက်ထိ ရုပ်မချောဘူး ထင်ပါတယ် ယုရယ်။ သုံးလေးယောက် မပြောနဲ့ တစ်ယောက်တည်းတောင် ဘယ်သူ့ရွေးရမှန်း မသိဘူး။ များနေလို့"

အရွှန်းစကား ဆိုသည်။ ယုယုခိုင်က ဂျော်နီ့ဗိုက်ကို လိမ်ဆွဲသည်။ မျက်နှာကို ရှုံ့မဲ့နေမိသော်လည်း ရင်၌...

တစ်ခုခုကို ကျေနပ်ကြည်နူးသကဲ့သို့ ဖြစ်ရ၏။

သူငယ်ချင်း အချင်းချင်း...

ရင်တွင်းစကားတွေ မကြားစကောင်း...။

❁

"မောင်လေး ဘာတစ်ခွန်းမှ ဝင်မပြောနဲ့နော်"ဟု မမထားက သူ့ကို မှာကြားသည်။ ခေါင်းကို မညိတ်ချင် ညိတ်ချင်နှင့် ညိတ်လိုက်ရ၏။ ခပ်ဝေးဝေးတွင် ဇိမ်ခံကားတစ်စီး ရပ်တန့်ထားသည်ကို တွေ့သည်။ အမဲနက်လုံးအသည်းနှင့် လဲဖယ် ဝယ်ယူထားဟန်တူသောကား ။



"ရော့"

မမထားက ငွေထုပ်ကို အဖေ့လက်ထဲသို့ ထည့်သည်။ အဖေ့မျက်ဝန်းတွင် ကြေကွဲရိပ်ကို သူတွေ့၏။

နီးစပ်သူတစ်ဦးမှတစ်ဆင့် အဖေက အိမ်ကို ငွေထုပ် ပို့ခိုင်းလိုက်သည်။ သားသမီးတွေကို တွေ့ချင်သဖြင့် လမ်းထိပ်တွင် စောင့်နေကြောင်း စကားပါး၏။ လမ်းထိပ်သို့ တဟုန်ထိုး လျှောက်ခဲ့ကြသည်။

"အမေသေတာ အဖေ သိပြီးရောပေါ့"

မျက်နှာထားကို တင်းလျက်မေးသော မမထား၏ စကားသံကို ကြား၏။ ငိုသံမကင်း။

သူက အဖေ့ကို ဘုကြည့်ကြည့်သည်။ မျက်နှာအလွှဲတွင် အဖေ့အသံကို ကြား၏။

"ဘာ...

မအေးသန်း သေပြီ၊ ဟုတ်လား...သမီး"

အံ့ဩစွာမေးသော်လည်း ဝမ်းနည်းသံမပါဟု သူထင်၏။

"ဝမ်းမနည်းပါနဲ့ အဖေရယ်။ စိတ်မကောင်း မဖြစ်ပါနဲ့၊ ပြီးတော့ သမီးတို့မောင်နှမတွေကိုလည်း အဖေ ဘယ်လို အထောက်အပံ့မျိုးမှ လာမပေးပါနဲ့။ သမီးတစ်ယောက်တည်း အငယ်တွေကို ကျွေးမွေးနိုင်ပါတယ်။ အဖေ့ပိုက်ဆံတွေ အဖေ

www.burmeseclassic.com

www.burmeseclassic.com



ပြန်ယူသွားပါ''

ပြောပြီး မမထားက သူ့လက်ကိုဆွဲကာ လှည့်ထွက်လာခဲ့ကြသည်။ အဖေ့လက်ထဲမှ ပိုက်ဆံထုပ် ပြုတ်ကျသံကို ကြားခဲ

''သမီး''

မမထား၏မျက်ရည်တွေကို ဂျော်နီ ငဲ့ကြည့်သည်။

''သား''

ခေါ်သံကိုကြားလျက် ကျောခိုင်းရသော ဝေဒနာကို သောကဟု မခံစားချင်ခဲ့ပေ။

●

''မောင်လေး''

''ဗျာ...မမထား''

''အဖေ့ကို မုန်းသလား'' -

''ငရဲမကြီးဘူးဆိုရင် မုန်းတာထက် ပိုချင်တယ်''

''မမုန်းပါနဲ့ မောင်လေးရယ်။ ဘယ်လိုစိတ်ထားမျိုးနဲ့မှ မပြစ်မှားပါနဲ့၊ မိဘဟာ မိဘပဲနော်...မောင်လေး။

အိမ်ရောက်ရင် ကလေးတွေကိုလည်း ဆုံးမ အဖေ့ကို မမုန်းရဘူး၊ အဖေ့ကို မပြစ်မှားရဘူး





ကြားလား''

ခေါင်းညိတ်လိုက်ရပြန်သည်။

နာကျင်စွာခံစားနေရသူကိုယ်တိုင်က ဆုံးမစကား ဆိုနိုင်ပေသေးသည်။ ခန္တီပါရမီနည်းပါးသူဟု ကိုယ့်ကိုယ်ကို သိထား၏။ အားလုံးကို ကြိုးစားမေ့နိုင်လျှင် ကောင်းလွန်းစွ။

●●●

www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၇)

အစပထမပိုင်းတွင် မမထား ဆီးထုပ် ထုပ်သည်။ နောင် သ် အထည်တွေ ချုပ်လုပ်၏။ ကျော်နီက အဖေ့တပည့် ဦးမြသောင်း ကားပြင်အလုပ်ကို ကူလုပ်သည်။ ကျောင်းတက်ရက်တွင် ညဦး အထိ ကားပြင်၏။ ရုံဖန်ရုံခါတွင် ညလုံးပေါက်။

ညဘက်ကားပြင် ညဥ့်နက်လျှင်၊ ကျောင်းမှာ အိပ်ငိုက်စမြဲ။ ာင်းပိတ်ရက်တွင် တစ်နေ့လုံး ပြင်ရလေ၏။ ထိုအတောအတွင်း ားက စာကျက်ဖို့ သတိပေးလေ့ရှိသည်။ အမြဲတစေ တတွတ်

မမထား၏ ပညာတတ်တစ်ယောက်ဖြစ်စေလိုသောဆန္ဒသည် အသိတွေကို ပိုမို၍ လင်းလဲ့စေ၏။ စာမကျက်ချင်သော်လည်း က်ချင်စိတ် ဖြစ်ရသည်။ မလိမ္မာချင်သော်လည်း လိမ္မာချင်စိတ် ၏။ မမထား၏ စက်ချုပ်သံသည် ဘဝ၏ အသိပေး ချက်ပြ

www.burmeseclassic.com

www.burmeseclassic.com



သော အရာ။

●

ဥသျှစ်ပင်၊ ကသစ်ပင်၊ ချယ်ရီပင်၊ စွယ်တော်ပင်တွေကို ဟိုသည်အနှံ့ တွေ့သည်။ နေခြည်သည် မြေပြင်သို့ တစ်စက် တစ်ပြောက်မျှ မထိုး။ အဝင်လမ်းသည် ပိတောက်ပင်တွေ တစ်ဘက် တစ်ချက် ရံထားသည့်သို့ ရှိ၏။

"ပိတောက်တွေ ပွင့်တော့မယ်နော်" ဟု ယုက ပြောသည်။

သူက...

"ပိတောက်ပွင့်ရက်တွေမှာ ဟောဒီလမ်း တစ်လျှောက် ပိတောက်ခင်းလမ်းပဲ။ တစ်လမ်း လုံးကို ထိန်လို့"

"ရန်ကုန် ကရင်နှစ်ခြင်းခရစ်ယာန်အနီ သာသနာပြု အသင်းတော်များအဖွဲ့"၏ အဆောက်အဦရှေ့သို့ ရောက်လာသည်။ ဒန်းပင်ပျိုတွေဘက်သို့ ငေးကြည့်ရင်း၊ ယုက...

"နေစမ်းပါဦး ဂျော်နီ။ ဒီနေရာကို ရွက်ကြွေ တောလို့ ဘယ်သူခေါ်တာလဲ"

ဂျော်နီက ကိုယ့်ကိုယ်ကို လက်ညှိုးညွှန်လျက်...

"ငါခေါ်တာ"

"သိပ်ကြောင်တာပဲ"ဟု ယုယုနိုင် ပြောသည်။

"ဘာဖြစ်လို့ ကြောင်ရမှာလဲဟ၊ ဟို



မတွေ့ဘူးလား၊ သစ်ရွက်တွေ ကြွေနေတာ၊ ဒီဘက်မှာလည်း ကြည့်၊ ရွက်ကြွေတွေ ခြောက် တောင် ခြောက်နေပြီ"

ရွက်ကြွေတို့သည် နေရာအနှံ့ဖြန့်ကျက်ထားသည်သို့ ရှိ၏။ ကျွန်းပင်ကြီးတွေကိုလည်း တွေ့၏။ အမှတ်(၁) အခြေခံပညာအထက် တန်းကျောင်း၏ ရှေ့တည့်တည့်တွင် သစ်ပင်ကြီးနှစ်ပင်သည် ထီးထီး မားမား။ မော့အကြည့်တွင် အင်ရွက်တချို့ကို လေတွင် ဝဲနေဆဲ တွေ့၏။

အင်ပင်ကြီး၏အောက်တွင် စမ်းချောင်းအသင်းတော် နှစ်ခြင်း ...။ ယာဘက်တွင် အဆောက်အဦပျက်ကြီးတစ်ခုကို တွေ့၏။ အင်ပင်အောက်သို့ ရောက်သောအခါ ဘုရားရှိခိုးကျောင်းကြီးကို ...သည်စွာ တွေ့မြင်ရ၏။ ဝန်းကျင်အနှံ့သည် စိမ်းသန့်လျက် ရှိချေ သည်။

"ငါဆို ပျင်းရင် ဒီအင်ပင်ကြီးအောက်မှာ လာလာထိုင်နေတာ တစ်ယောက်တည်း"

"အဲဒါနဲ့ပဲ ရွက်ကြွေတော ဖြစ်သွားသတဲ့ လား"

"ဟုတ်တယ် ဖြစ်သွားရော။ အပင်တွေရဲ့ အောက်ခြေမှာ မြေကြီးအစား သစ်ရွက်ခြောက် တွေချည်းပဲ။ မြင်ပါ တွေ့ပါများတော့ ငါ့စိတ်ထဲ ရွက်ကြွေတောကြီးလို့ ထင်လာတယ်လေ...။

www.burmeseclassic.com



ဒါကြောင့်မို့ ရှက်ကြွေတောထဲ ရောက်ဖူးလား လို့မေးပြီး နင့်ကို ခေါ်လာတာ။ ရောက်ဖူးတယ် ရှိအောင်လေ။ ဘယ်လိုလဲ သာယာတယ်မို့လား"

ဘုရားရှိခိုးကျောင်းကြီး၏ နောက်ဘက် ဘောလုံးကွင်းတွင် နေရောင်ပြင်းစွာ ကျလျက်ရှိသည်။ အတန်းတင်စာမေးပွဲတွေအားလုံး စစ်ဆေးပြီးဖြစ်သဖြင့် တူရှုရှိ အထက်တန်းကျောင်းမှာ စာအံသံကို မကြားရ။

"နင့်ကိုယ်နင် ကဗျာဆရာလို့များ ထင်နေ သလား၊ နေရာဒေသတစ်ခုကို ဟိုနာမည်ပေး ဒီနာမည်ပေးနဲ့"

ယုယုခိုင်၏ စကားကြောင့် သူပြုံးသည်။

"စာနာစိတ်ရှိတဲ့ နှလုံးသားပိုင်ရှင်တိုင်း ကဗျာ ဆရာဖြစ်ဖို့ အလားအလာရှိတယ်လေ"

စကားတန့်လျက်၊ အင်္ကျီအိတ်ထဲသို့ လက်နှိုက် ပြီး...

"ဒီမှာတွေ့လား ကဗျာ"

ယုယုခိုင်က ကဗျာစာရွက်ကို ဆတ်ခနဲလှမ်းယူသည်။ အ[illegible] ထွက်၍ ဖတ်၏။

**'ဒုက္ခနှင့် တစ်ခါကြုံတိုင်း**
**ချစ်သူလက်ကို**
**တစ်ခါကိုင်ပါရစေ...''**





ဖတ်ပြီး မဲ့ပြုံးပြုံးလျက် ဂျော်နီကို ငဲ့ကြည့်သည်။

"အလဲ့...တယ်ဟုတ်ပါလား ဂျော်နီ။ ဒါ နင် ရေထားတာလား"

"ဟုတ်ပ"

"ဘယ်လိုခံစားချက်မျိုးနဲ့ ရေးတာလဲ။ ရှင်းပြ ပါဦး၊ ကဗျာရဲ့စကားပြေကို"

အင်ပင်၏ ပင်စည်ကို မှီလျက်ရပ်သည်။

"ငါက ကဗျာတော်တော်များများကို ရှာ ဖတ်တယ်။ တစ်နေ့ကျတော့ ငါဖတ်တဲ့ကဗျာထဲ မှာ အိုမာခရမ်ရဲ့ ကဗျာတစ်ပုဒ်ကို တွေ့တယ်။ နင့်လက်ထဲက ကဗျာက အဲဒီထဲက ကူးလာ တာ"

ယုယုခိုင် မျက်ခုံးတွန့်သည်။

"ခုနပြောတော့ နင်ရေးထားတာဆို"

"ဟုတ်တယ်လေ၊ အဲဒီလက်ရေးက ငါရေး ထားတဲ့ လက်ရေးပဲ"

"ကောင်စုတ်"ဟု ပြုံးလျက်ပြောသည်။ တူယှဉ်ရယ်မော [illegible]ကြ၏။ ရယ်သံတွေ လေမှာပျံ့သည်။

●



www.burmeseclassic.com

www.burmeseclassic.com



"ဆယ်တန်းအောင်ပြီးရင် နင်ကျောင်းဆ
တက်မှာလား"

ယုက ပုန္နရိပ်ပွင့်တွေကို လှမ်းခူးရင်း ပြောသည်။

"ဒေးတော့ တက်ဖြစ်မယ်မထင်ဘူး။ စာ
စာယူတက်မယ် စိတ်ကူးတယ်။ မမထားက
ငါ့ကို အိုက်တင်တစ်ခွဲသားနဲ့တက်တဲ့ တက္ကသို
ကျောင်းသားကြီး ဖြစ်စေချင်တာ"

ယုယုနိုင်က လက်ထဲမှ ပုန္နရိပ်ပွင့်တွေကို ယူသည်။ တ
ချင်းခွဲလျက် ယုခေါင်းပေါ်သို့ တင်၏။

"နင်ကို့ ငါတို့ဘ၀က ရေမိုးချိုး အ
အစားလဲပြီး ကြော့ကြော့လေး ကျောင်းသွား
ဘ၀မျိုး မဟုတ်ဘူးဟ။

မမထားကိုတော့ ပြောထားတာပဲ။ နေ့
ဘက် တက္ကသိုလ်ကျောင်းသွားတက်ရမှာ
ကျောင်းသားတွေအတွက် အဆင်ပြေ
ကျွန်တော်တို့လိုဘ၀မျိုးအတွက် အဆင်မ
လို့"

ယုယုနိုင်က ပန်းပွင့်တွေကို ခေါင်းပေါ်မှ ပုတ်ချ၏။
နေသော ပန်းပွင့်တွေကို မကောက်တော့ဘဲ သူ့စကားကို
သည်။

"နေ့ခင်းဘက် ကျောင်းသွား။ အား





ကျမှ ကားပြင်။ ကျောင်းပိတ်ရက်ကျမှ တစ်နေ
ကုန်ပြင်။ ရတာပဲပေါ့။

ဒါပေမဲ့ မမထားကို ငါ အားနာတယ်။ မသိ
တတ်ရာ ကျမယ်။ စာပေးစာယူတက်၊ တစ်နေ့လုံး
ကားပြင်၊ အဘက်ဘက်က အဆင်ပြေတယ်။
ဝင်ငွေလည်း ပိုတိုးလာမှာ ကျိန်းသေ။

ငါတစ်ယောက်တည်းဆို ကိစ္စမရှိပါဘူး။ ငါ
သိတတ်ရမယ်လေ။ အငယ်နှစ်ယောက်ကလည်း
ရှိသေးတယ်"

"ငါလည်း နင့်လိုပဲ"ဟု ယုယုနိုင်က ပြော၏။

"အမေက ဘွဲ့ရတဲ့အထိ ငါ့ကို ကျောင်းထား
မယ်တဲ့။သူများတွေလိုအလှတွေပြင်ပြီး တက္ကသိုလ်
ကျောင်းကို နေ့ဘက် တက်စေချင်တယ်လေ။

ဒါပေမဲ့ ငါတွေးတယ်ဟ။ တကယ်တမ်း
စဉ်းစားကြည့်ရင် ငါက မမထားလို တာဝန်မျိုးယူ
ထားပြီး အမေ့ကို လုပ်ကျွေးသင့်တာ…။

အစ်မကြီးအမိရာလေ။ ငါ့မှာလည်း အငယ်
တွေနဲ့၊ အဲဒါကြောင့် အမေ့ကို ငါပြောပြထား
တယ်၊ ဆယ်တန်းအောင်ရင် အလုပ်လျှောက်
မယ်လို့။ အလုပ်လုပ်ရင်း လုပ်သားကောလိပ်
တက်မယ်"

www.burmeseclassic.com



လေပူတစ်ချက် မှုတ်ထုတ်လိုက်မိသည်။ သက်ပြင်းဟ ကိုယ့်ကိုယ်ကို သိ၏။

❁

ဆယ်တန်းအောင်စာရင်းထွက်ပြီး မကြာခင်တွင် ထွန်းထွန်းတို့မိသားစု ရွှေတောင်ကြားသို့ ရွှေ့ပြောင်းသွားကြသည်၊ လေးယောက်စလုံး စာမေးပွဲအောင်ကြသော်လည်း နေခြည်ဦးနှင့် ထွန်းထွန်းတို့နှစ်ယောက်သာ တက္ကသိုလ်တက်ဖြစ်ကြသည်။ သူနှင့်ယုယုနိုင်က စာပေးစာယူတက်ဖို့ ဆုံးဖြတ်ကြ၏။

ယုယုနိုင်က လုပ်သားကောလိပ်တက်ဖို့ စဉ်းစားသော်လည်း ကျောင်းသွားဖော်မရှိသဖြင့် ကျော်နီကဲ့သို့ စာပေးစာယူသာ တက်သည် အဓိကဘာသာတွဲချင်း တူညီစွာ ယူကြ၏။

"နင့်ကို နေခြည်ဦးက စိတ်ဝင်စားနေသလား မသိဘူး"

ယုယုနိုင်၏ စကားကို အံ့သြစရာဟု မထင်မိ။

"ယုရယ်…ငါမသိဘဲ ရှိပါ့မလား"

"သိလျက်နဲ့ မျိုသိပ်ပြီးနေတယ်ဆိုတော့ နိ တော်တော်ခံစားရမှာပေါ့နော်"

အခန့်စကား။

"ငါ့ဘဝမှာ ဒီလိုဝေဒနာမျိုးခံစားဖို့ အခွင့်





မပေးနိုင်ဘူး။ အထူးသဖြင့် နေခြည်ဦးတို့လို လူကုံထံ အသိုင်းအဝိုင်းထဲမှာ ငါ့အသည်းနှလုံးကို မာန ခွာပြီး မထားချင်ဘူး။

လောကမှာ တန်ရာတန်ရာဆိုတဲ့ စကားရှိတယ်။ ဘုရင့်သမီးနဲ့ သူတောင်းစား ဇာတ်လမ်းတွေက ပုံပြင်ထဲမှာကျန်ခဲ့ပြီ၊ ယောက္ခမအိမ်တက်မျက်နှာငယ်ဆိုတဲ့ သူတွေထဲမှာ ကျော်နီ မပါဘူး၊ သိလား ယု"

"ဒါဆို နေခြည်ဦးလို ချမ်းသာတဲ့လူမျိုးကို နင်မရွေးဘူးပေါ့"

"လှေနံဓားထစ်တော့ မဟုတ်ဘူး၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ်။ ငါ ဘယ်ဘဝရောက်ရောက် ကိုယ်နဲ့တန်းတူရည်တူကိုပဲ ရွေးမယ်။ တန်းတူရည်တူဆိုတာ ဂုဏ်အရှိန်အဝါ၊ ဥစ္စာပစ္စည်းကို ပြောတာမဟုတ်ဘူး။ အတွေးအခေါ်ချင်း ဘဝချင်းကို ပြောတာ"

အကြည့်ချင်းဆုံသဖြင့် မျက်နှာလွှဲလိုက်ရသည်။ ယုကပြုံးလျက်…

"အတွေးအခေါ်ချင်း ဘဝချင်းတူရင် ပြီးရော။ ချစ်တာတွေ မေတ္တာတွေ မပါတော့ဘူးပေါ့….။ အဲဒီလို ဆိုလိုတာလား"



www.burmeseclassic.com

www.burmeseclassic.com



ဂျော်နီက ခေါင်းခါလျက်…

"ချစ်ခြင်းမေတ္တာမပါတော့ ဘာအဓိပ္ပါယ်
ရှိတော့မှာလဲ ယုရဲ့…။ ငါပြောတဲ့ဘဝဆိုတာ
စကားလုံးထဲမှာ ချစ်ခြင်းမေတ္တာ ပါပြီးသွားပြီ
တစ်ယောက်ဘဝကို တစ်ယောက် နားလည်
ချစ်ခြင်းတရား၊ ဘဝဆိုတာကို အခြေခံထား
မေတ္တာတရား အဲဒါတွေကိုပဲ ငါလိုချင်တယ်။

မတူညီတဲ့ဘဝကို ထူထောင်၊ မဖြစ်နိုင်
သိလျက်နဲ့ လက်တွဲပြီး ကြေကွဲရမဲ့အဖြစ်ကို
တထင့်ထင့်နဲ့ စောင့်စားနေရတဲ့ဘဝမျိုး ငါမ
ချင်ဘူး။ သုညနဲ့ တစ်နဲ့ ပူးပေါင်းတဲ့ သု
တစ်လည်း မဖြစ်ချင်ဘူး။ တစ်နဲ့သုညနဲ့ပေါင်း
တစ်ဆယ်လိုလို ဘာလိုလိုလည်း မဖြစ်ချင်ဘူး
တစ်နဲ့တစ်ပေါင်း နှစ်ပဲ ငါဖြစ်ချင်တယ်"

"မဆိုးပါဘူး"ဟု ယုယုခိုင်က မျက်ခုံးပင့်လျက် ပြောသည်

"သိပ်တော်တာပဲလို့ ချီးကျူးရင် နင်ဘာဖြစ်သွားမှာ မို့လို
ဟု ဂျော်နီက ရယ်လျက်ပြောသည်။

"နင့်ကို သိပ်တော်တယ်လို့ ငါပြောရင် ငါ
သိပ်ညံ့တဲ့သူ ဖြစ်သွားမှာပေါ့"

ခေါင်းကလေးငဲ့၍ ပြောသည်။ မြတ်နိုးစရာအမူအရာ
သိ၏။ ထိုအချိန်အထိ သူတို့နှစ်ယောက်သည် တစ်ဦးကို တစ်





စူးစိုက်စွာ မကြည့်ဖြစ်ကြသေး။ အကယ်၍ ကြည့်မိကြမည်ဆိုလျှင် အသံမဲ့သော ရင်တွင်းစကားတွေကို မျက်ဝန်းထဲမှာ ကိုယ်စီ တွေ့မြင် ကြလိမ့်မည်ထင်၏။

●●●

www.burmeseclassic.com

www.burmeseclassic.com





## အခန်း [၁၈]

အိမ်ရှေ့တွင် ရပ်ထားသောကားကို ခဲဖြင့် ထုပစ်လိုက်ချင်သည်။ ရင့်ကျက်သူတစ်ဦးဟု ကိုယ့်ကိုယ်ကို နားလည်ထားပါလျက် ဒေါသစိတ်တွေ တလိပ်လိပ် တက်ရချေသည်။ မမထား၏ တောင်းပန်ကြည့်ကြောင့် ဒေါသကို မျိုသိပ်ထားရ၏။

အိမ်ရှေ့ကွက်လပ်တွင် ပြင်ပြီးစ ကားနှစ်စီးကို တွေ့၏။ ကားနှစ်စီးအနက် တစ်စီး၏နောက်ခန်းတွင် ဦးမြသောင်း ဝင်ထိုင်နေသည်။ အိမ်တွင်းရှိအဖြစ်အပျက်ကို မသိဟန်ဆောင်ထားသော်လည်း အမှန်တကယ် အရိပ်အခြေ စောင့်ကြည့်နေသည်မှန်း သူသိ၏။

ဇာနည်က ရေပုန်းလွှတ်တစ်ခုကို ဝုန်းခနဲ ကန်ကျောက်သွား

www.burmeseclassic.com

www.burmeseclassic.com



သည်။ အောင်ဝေ့းကလည်း သူ့ကို ငဲ့ကြည့်ပြီး အိမ်ပြင်သို့ ထွက်သွား၏။ မမထားကမူ မလှုပ်မယှက်။

"မမထား"

သူ့ခေါ်သံကြောင့် မမထား ငဲ့ကြည့်သည်။

"မမထားဘာသာ ကိစ္စဝိစ္စတွေကို ဆွေးနွေးဆုံးဖြတ်ရစ်တော့။ ကျွန်တော်ကတော့ ဒီအိမ်မှာ မနေတော့ဘူး။ အရှက်မရှိတဲ့ လူတွေရဲ့ မျက်နှာကိုလည်း လုံးဝမကြည့်ချင် မမြင်ချင်ဘူး၊ ဒါပဲ"

ဦးအောင်သန်းနှင့် ဒေါ်ဟန်နွဲ့မြိုင်တို့ကို ငဲ့မကြည့်ဘဲ သူပြောသည်။

"သိသိကြီးနဲ့ ခံနေရတာတော့ ရင်နာတယ်ဗျာ"

ပြောပြီး လှည့်ထွက်ခဲ့သည်။ လောက၌ 'လူ'ဟု ခေါ်တွင်သော ရုပ်ခန္ဓာတိုင်းတွင် လူမဆန်သောလူတွေကို ကြုံတွေ့နေရသေးသည်။ လက်တုံ့ပြန်ဖို့ စဉ်းစားမိတိုင်း ဘာသာတရား၏ ဆုံးမခြင်းက အစဉ်ဟန့်တားလျက်ရှိ၏။ ရင်နာရုံမှတပါး တခြားမရှိပြီ၊ မမြင်သာရာ အရပ်သို့ ထွက်ခွာသွားခြင်းသာ အကောင်းမွန်ဆုံးနည်းလမ်း။



ယုယုနိုင်နှင့် လမ်းမှာတွေ့သည်။

"ဟဲ့ ဘယ်သွားမလို့လဲ၊ အထုပ်အပိုးတွေနဲ့"

"အိမ်ကဆင်းလာတာ"

"ဒီနေ့ ပရယ်တီကယ် ရှိတယ်လေ"

လွယ်အိတ်ကို ပြင်လွယ်လျက်...

"နင်မလာလို့ ငါလာခေါ်တာ"ဟု ယုယုနိုင်က ပြောသည်။

"လာလည်း မခေါ်နဲ့တော့၊ သွားလည်းမသွားတော့ဘူး။ နင့်ဘာသာ တစ်ယောက်တည်းပဲ သွားတော့"

နားမလည်ဟန်ကို တွေ့သည်။

"ဘယ်လိုဖြစ်လာတာလဲ၊ ငါ့ကို ပြောစမ်းပါဦး မမထားနဲ့ စကားများလာလို့လား"

"မသိချင်ပါနဲ့ဦးဟာ နောက်မှ ငါပြောပြမယ်။ နင် ကျောင်းသွားတော့"

"ဟင့်အင်း မသွားတော့ဘူး။ နင်ဘာဖြစ်လာတယ်ဆိုတာ ငါ့ကိုပြော၊ ငါကူညီမယ်"

ဂျော်နီက မဲ့ခနဲပြုံးသည်။

"နင်က ကူညီမယ်ဆိုတာတောင် ငါက နင့်ဆီမှာ ဘာအကူအညီတောင်းရမှန်း မသိဘူး။ အဲဒီတော့ နင်ကျောင်းသွားတက်၊ ငါလည်း ခြေဦးတည့်ရာ လိမ့်တော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ခြေလှမ်းရွေ့သည်။

"ဂျော်နီ"

လက်မောင်းကို လှမ်းဆွဲထား၏။

"သူစိမ်းဆိုတဲ့ စာရင်းထဲမှာ ငါ့ကိုထည့်မထားပါနဲ့ ဂျော်နီရယ်...၊ ငါ နင့်သူငယ်ချင်းပါ။ နင်ဘာလုပ်လုပ် ငါ့ကို တိုင်တိုင်ပင်ပင်တော့ ရှိသင့်တယ်။ ဘာဖြစ်လာတယ်ဆိုတာ ငါ့ကိုပြောသွား၊ ပြောမသွားရင် ငါပါလိုက်မယ်"

မျက်ဝန်းချင်း ဆုံသည်။ ရင်တွင် အေးမြသွားစေ၏။

"နင့်ကို လေးစားသွားပြီ ယုရယ်၊ ငါ ဘာဖြစ်လာတယ်ဆိုတာ နင့်ကို ပြောပြပါတော့မယ်။ လာ...ရွက်ကြွေတောထဲ သွားရအောင်"

ယုဦးတွဲ၍ လှမ်းခဲ့သည်။

ဒေါသနှင့်တစ်ခါကြုံတိုင်း အပါးတွင် ငြိမ်းချမ်းရေးပန်းတစ်ပွင့် လန်းစွင့်နေစေချင်၏။

"အိမ်ရှေ့မှာ ကားတစ်စီး ထိုးရပ်တယ်။ ဦးအောင်သန်းနဲ့ ဒေါ်ဟန်နွဲ့မြိုင် ဆင်းလာတယ်လေ။ ပတ်ဝန်းကျင်ကလူတွေ ဝိုင်းကြည့်နေတာ



မရှက်တဲ့ပုံ။ ပြီးတော့ ငါတို့ကို ဂရုမစိုက်တဲ့ပုံ...။

ဦးအောင်သန်းက ဘာပြောတယ် မှတ်သလဲ၊ ငါတို့အိမ်ကို ရောင်းမလို့တဲ့၊ ကန်ထရိုက်ကို ရောင်းမှာ၊ ကန်ထရိုက်က ဆယ်သိန်းပေးမယ်တဲ့၊ ပြီးရင် အိမ်နေရာမှာ တိုက်ခန်းတွေ ဆောက်မယ်၊ စပေါ်ငွေတွေကို ကန်ထရိုက်ကို ပေးရမယ်တဲ့။ တိုက်ခန်းတွေရဲ့ လခကိုတော့ အိမ်ရှင်ယူမယ်တဲ့။ ပြီးတော့ ငါတို့အတွက် တိုက်ခန်းနှစ်ခန်း ရမယ်တဲ့။

တစ်ခန်းကို ငါတို့မောင်နှမတွေ နေရမယ်တဲ့၊ ကျန်တဲ့တစ်ခန်းကိုတော့ သူတို့လင်မယား နှစ်ယောက် နေမယ်တဲ့...ထွီ"

"ဒါဆို ခေါင်းရင်းက ဒေါ်ဟန်နွဲ့မြိုင်မိသားစုကကော"ဟု ယုခိုင်က မေးသည်။

"ပြောင်းသွားကြတာ ကြာပြီလေ၊ ရှက်သလို ရှုံ့သလိုနဲ့ ပြောင်းသွားကြတာ။ အမှန်က သူတို့လည်း တစ်တက်လှည့်နဲ့ရိုက်နေကြမှာ ကျိန်းသေ"

"အခု နင်က ဘာဖြစ်လို့ အိမ်ကဆင်းလာတာလဲ"

"ဟဲ့ အိမ်ကမဆင်းလို့ ငါ ဒီမျက်နှာကြီး ဘယ်သွားထားရမလဲ"

"မဟုတ်ဘူးလေ...၊ ငါဆိုလိုတာက အဲဒီ

www.burmeseclassic.com



အိမ်ကိစ္စကို ဒီအတိုင်းပစ်ထားခဲ့ရသလားလို့ မေ
တာ"

"ငါမှ မပတ်သတ်ချင်ဘဲ။ ပစ်ထားခဲ့တာ
ပေါ့၊ မမထားရှိသားပဲ။ တကယ်တော့ အဲဒီအိ
က အမေ့အိမ် ဦးအောင်သန်းနဲ့ ဘာမှမဆိုင်ဘူး
လာပတ်သက်စရာအကြောင်း မရှိဘူး။

တရားဥပဒေနဲ့ ဘာနဲ့ ပြောရရင်တော့ ရတ
ပေါ့ဟာ။ ဒါပေမဲ့ ဒီမျက်နှာ ငါလုံးဝမကြည့်ချ
တော့ဘူး။ ဟိုမိန်းမကြီးကိုလည်း အစိမ်းလိုက်
ဝါးစားပစ်ချင်တယ်။

အဲဒီနှစ်ယောက်က အောင်ချမ်းသာရွာ
သွားကြသေးတယ်တဲ့၊ ငါသတင်းကြားတာ"

"အောင်ချမ်းသာဆိုတာက…"

"အဲဒါ ဦးအောင်သန်းရဲ့ ဇာတိ…ဟိုလည်
ရောက်ရော သူ့ဆွေမျိုးနီးစပ်တွေ ရွာသားတွေ
ဝိုင်းသတ်မလို့တဲ့။ အပြေးကောင်းလို့ ရန်ကုန်ပြ
ရောက်လာတာ…"

မဲ့လိုက်၊ ရွဲ့လိုက်ပြောနေသည်ကို ကြည့်လျက် ယုယု
ပြုံးမိသေးသည်။

"ဒါဆို အခု နင်ဘယ်သွားမလဲ"

ယခုမှ စဉ်းစားမိချေသည်။



"ယောက်ျားပဲဟာ၊ ပလက်ဖောင်းခေါင်းအုံး
လည်း ကိစ္စမရှိပါဘူး"

"အကောင်းမေးနေတာ၊ အခြေတကျမရှိမယ့်
အလုပ်ကိုတော့ နင် မလုပ်နဲ့"

ပြောရင်း နံဘေးမှ အိတ်နှစ်အိတ်ကို ကြည့်လျက်…

"ဘာအိတ်တွေလဲ"

"တစ်အိတ်က အဝတ်အစားအိတ်၊ တစ်
အိတ်က ပွင်းတွေ၊ ဂွတွေ၊ တူတွေ၊ ဂျိုက်တွေ
ငါ့ လုပ်ဖော်ကိုင်ဖက်တွေပေါ့"

"ထမင်းမငတ်အောင်တော့ ပြင်ဆင်တတ်
သားပဲ။ ဒါနဲ့ ကျောင်းစာအုပ်တွေ စာစဉ်တွေ
ကော"

"အဝတ်အစားအိတ်ထဲမှာပဲ"

ယုက အိတ်ကိုစမ်းလျက်…

"တော်သွားပြန်ပြီ"

ဂျော်နီကပြုံးလျက်…

"နင် ငါ့ကို တော်တယ်လို့ပြောတာ ဒါပထမ
ဦးဆုံးပဲ။ နင် မဆိုးဘူး၊ လောကကြီးကို အမှန်
အတိုင်း မြင်တတ်လာပြီ"

ရွှင်ပြုစွာ ပြောသည်။

"ဂျော်နီရယ်…နင်ဟာလေ လောကခံကို

www.burmeseclassic.com

www.burmeseclassic.com



မထေမဲ့မြင်ပြုနေတဲ့ သူလိုပဲ။ သိပ်မတုန်လှုပ်ဘူး"

"တုန်လှုပ်စရာမှ မဟုတ်တဲ ယုရယ်...အ ငါကြုံရတာ ဒုက္ခလို့ပဲဆိုပါတော့။ စစ်ဘေးဒုက္ခ ရေဘေးဒုက္ခ၊ မီးဘေးဒုက္ခ အဲဒါတွေနဲ့ စာလိုက် ရင် ငါ့ဒုက္ခဟာ အသေးစား မူလီလေးတစ်ခုပ"

"လောလောဆယ် နင် ဘယ်မှာသွားနေ မလဲ"

"အဲဒါ ငါလမ်းလျှောက်ရင်းနဲ့ စဉ်းစားလာ တာဟ၊ နင်နဲ့တွေ့လို့ ဆက်မစဉ်းစားဖြစ်တော့တာ နေဦး ငါ ဆက်ပြီးစဉ်းစား..."

"ကဲ...ကဲ ဆက်ပြီးစဉ်းစားတာတွေ ဘာတွေ လုပ်မနေနဲ့တော့၊ နင် အိမ်ကိုလိုက်ခဲ့။ အမေ့ ငါပြောမယ်။ အိမ်မှာ လိုက်နေနော်"

"ဖြစ်မယ်မထင်ဘူး"

"ဘာလို့ မဖြစ်ရမှာလဲ"

"ငါ ထမင်းစားကြီးတယ်ဟ"

"ကောင်စုတ်"

ယုမျက်နှာကို ကြည့်လျက် ဂျော်နီရယ်မောသည်။

"ကဲ...ထ အိမ်ပြန်မယ်။ ငါလည်း စာ တွေ ဖြေစရာ ရှိသေးတယ်"

ယု၏ကမ်းပေးသောလက်ကို ဂျော်နီ လှမ်းဆွဲသည်။ နေရာ





ရွေးသေးဘဲ အင်ပင်ကြီးကို ကျောမှီ၏။ ယုယုနိုင်၏လက်ကို မလွှတ် သေး။

"ယု"

"ပြော...ဘာလဲ"

"ငါ တစ်ခါတည်း နင့်ကို ရည်းစားစကား ပြောတော့မယ်ဟာ"

"ဟယ်...ကောင်စုတ်"

ယုက လက်ကို ရုပ်သည်။ သို့သော် လွတ်ထွက်သွားခြင်း ...။

"တကယ်ပြောတာယု၊ အိုမာခယမ်ရဲ့ ကဗျာ လေးကို နင် သတိရလား။ ဒုက္ခနဲ့တစ်ခါကြုံတိုင်း ချစ်သူလက်ကို တစ်ခါကိုင်ပါရစေဆိုတာလေ...။ အခု ငါ ဒုက္ခနဲ့ကြုံတယ်။ ငါကိုင်တွယ်ဖို့ ချစ်သူ လက်ကို ငါ ကမန်းကတန်း ရှာကြည့်မိတယ်။ ငါ့ဘဝထဲမှာ အခုချက်ချင်း နင့်ကို တွေ့တယ်။ ယု...ငါ နင့်ကို ချစ်တယ်"

အလှမျက်နှာတွင် ရှက်ခြင်းတရားတွေ ဖုံးလွှမ်းနေချေ၏။

"ချစ်တယ်လို့ပြောတဲ့ ငါ့စကားဟာ ဖွဲ့ဖွဲ့နွဲ့နွဲ့ ဖြစ်ချင်မှဖြစ်မယ်၊ နားဝင် ရိုင်းချင်ရိုင်းနေလိမ့်မယ်၊ ငါ နင့်ကို တကယ်ချစ်တယ်၊ ဘုရားသွားကျောင်း တက် လက်ချင်းဆက်ပြီး ရုပ်ရှင်ကြည့်ဖို့ ဟိုပန်းခြံ



www.burmeseclassic.com

www.burmeseclassic.com



ဒီပန်းခြံတွေမှာ ထိုင်ပြီး မရေရာတဲ့ ရသစကား...
ပြောဖို့ နင့်ကို ငါ ချစ်တာမဟုတ်ဘူး။

နင့်ကို ငါ လက်ထပ်မယ်။ အခု...
မဟုတ်ဘူး။ ငါ့မောင်နှမတွေ အခြေတကျ...
အောင် ငါကြိုးစားလိုက်ဦးမယ်။ နင့်မှာလည်း...
အငယ်တွေရဲ့တာဝန် ရှိသေးတယ်။ အဲဒီတာ...
တွေ ကင်းလွတ်သွားတဲ့အချိန်ကျရင် နင့်ကို ...
လက်ထပ်မယ်။

တခြားသူတွေပြောကြသလို အတူ...
အဓိကမဟုတ်ဘူး။ ငါက ကားပြင်တဲ့ကော...
ဆိုတော့ ကားနဲ့ပဲ ဥပမာပေးမယ်။ ကားတစ်...
ခရီးတွင်ဖို့ ဘီးလိမ့်ရုံနဲ့ မရဘူး။ ကျန်တဲ့အစ...
အပိုင်းတွေ အကုန်ကောင်းရမယ်။ နောက်တစ်...
ဥပမာပေးရရင်...အဆောက်အဦဆောက်တဲ့အ...
ဖောင်ဒေးရှင်းကောင်းဖို့ အရေးကြီးတယ်။ ဒါ...

"နေပါဦးဂျော်နီ...၊ နင့်ကို ဘယ်သူက ...
တယ်ပြောလို့ အဲဒါတွေ ပြောနေရတာလဲ"

"ပါးစပ်ကပြောမှ ချစ်တယ်လို့ သိ...
ဆိုရင် စကားမပြောတတ်တဲ့ လူတွေခမျာ ...
တော်ခံစားရမှာပဲ"

လှပစွာထိုးသောမျက်စောင်းကို နီးကပ်စွာ တွေ့သည်...





"ပေါက်ကရတွေ မပြောနဲ့တော့ဂျော်နီ၊ ငါ
နားရက်တယ်။ ကဲ...လာ အိမ်ပြန်မယ်"

အင်ပင်ရိပ်မှ ထသည်။ ရွက်ကြွေနင်းသံ ဖွဖွကြား၏။
...တောက်ပင်တန်း၏အရိပ်တွေအောက်သို့ရောက်သော် ယုယုခိုင်က
...သူ့အဝတ်အစားအိတ်ကို ကူဆွဲသည်။ ငဲ့ကြည့်ပြီး သူပြုံး၏။ ယုက
...တ်ခမ်းကိုက်လျက် ကြိတ်ပြုံးသည်။ တစ်လောကလုံးကို လွှမ်းခြုံထား
...ာန်တူသည့်...အပြုံး။

❁❁❁

www.burmeseclassic.com

www.burmeseclassic.com





## အခန်း [၁၉]

ယုယုခိုင်၏မိခင်က ဂျော်နီကို ကရုဏာသက်စွာ ကြည့်သည်။ ကြည့်လျက် ယုယုခိုင်ပြောသမျှကို ခေါင်းတညိတ်ညိတ်နားထောင်၏။

ယုယုခိုင်၏မောင်အငယ်က ဂျော်နီအိတ်နှစ်အိတ်ကို မနိုင်တနိုင် မရွေ့သည်။ ယုယုခိုင်၏အောက် အလတ်ကောင် သော်နိုင်က...

"ကိုဂျော်နီ အိမ်က ဆင်းလာတာကလည်း
ကုန်းတစ်တန် ရေတစ်တန်၊ ဒါတောင် မမနဲ့အတူ
လို့ လေယာဉ်ပျံမငှားရတာ တော်သေးတယ်"

ရယ်မောစရာစကားကြောင့် စိတ်ထဲတွင် ရှင်းလင်းသွားသကဲ့

www.burmeseclassic.com

www.burmeseclassic.com



သို့ ဖြစ်ရသည်။ ရယ်မောသံတွေကြားတွင် အစဉ်တည်ရှိနေချင်မိ၏။

ယုယုနိုင်၏မိခင်က ဆေးလိပ်ဖွာလျက်...

"ဒီမှာပဲနေပေါ့၊ အခြား ဘယ်မှလည်း မသွားနဲ့တော့။ ပြီးတော့ စိတ်လိုက်မာန်ပါလည်း ဘာမှ မလုပ်နဲ့။ ကြားလား...မောင်ဂျော်နီ"

သူ..."ဟုတ်ကဲ့"ဟု ပြော၏။

•

ဦးမြသောင်းက ဂျော်နီရှိရာသို့ လမ်းညွှန်သည်။

အလုပ်အပ်မည့်သူများ သူ့ထံသို့ လာကြ၏။ သူက ပစ္စည်းပစ္စယတွေ ယူဆောင်ပြီး ကားပျက်သည့်နေရာသို့ အိမ်တိုင်ရာရောက် သွားပြင်သည်။

မနက်စာထမင်းကို ကြိုသလိုစားသည်။ ယုယုနိုင်တို့ အိမ်တွင် ညနေစာ စား၏။ ညဘက်တွင် ယုယုနိုင်နှင့် အတူစာကျက်သည်။ စာစဉ်တွေကိုဖြေသည်။ လက်တွေ့သင်ခန်းစာများအတွက် တက္ကသိုလ် ကျောင်းထဲသို့ သွားရောက်လုပ်ကိုင် ကြရသည်။

"ငါ မလိုချင်ဘူး ဂျော်နီ"

"မလိုချင်လို့မဖြစ်ဘူး ယု၊ နင့်အမေကို ပေးရင် ငြင်းမှာစိုးလို့ နင့်ကို ပေးတာ"

"ငါတို့မိသားစုရဲ့ စေတနာကို စော်ကားတာလား"ဟု ယုယုနိုင်



က မေးသည်။

"နင်က ဘယ်လောက်ချမ်းသာနေလို့လဲ"

"မချမ်းသာပေမဲ့ လူတစ်ယောက်ကို တင်ကျွေးထားနိုင်ပါတယ်"

"နင်ကျွေးထားနိုင်ပေမဲ့ ငါမစားဘူး။ နင့်ကို ငါပြောဖူးသားပဲ။ လောကကြီးမှာ ဘာကိုမှ အလကားမရဘူး ဆိုတာ၊

အဲဒီတော့ ငါ့လုပ်အားခကို နင်ယူရမယ်။ မယူဘူးဆိုရင် ငါ့ဘာသာငါ အပြင်မှာပဲ ဝယ်စားတော့မယ်"

မျက်နှာကို တမင်တည်၍ ပြောရသည်။

"ဒီနေ့ အင်ဂျင်ချတာ ရှစ်ရာရတယ်။ လေးရာကို ဦးမြသောင်းက တစ်ဆင့် မမထားဆီကို ပေးခိုင်းလိုက်ပြီ။ ကျန်တဲ့လေးရာကို နင်ယူရမယ်။

နင့်လခလေး မဖြစ်စလောက်နဲ့ မကြီးကျယ်စမ်းပါနဲ့ဟာ။ နင့်မှာလည်းအငယ်တွေနဲ့ ငါပြောတာကို လက်ခံစမ်းပါ"

ယုက ခေါင်းကို တွင်တွင်ခါယမ်းသည်။

"နင့်ကိုကူညီတာ ဂျော်နီ...နင်ပြောသလိုဆိုရင် ငါပေးတဲ့အကူအညီက ဘာအရာရောက်တော့မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"စကားမရှည်ပါနဲ့ ယုရယ်"

ပြောပြီး ယုယုခိုင်၏လွယ်အိတ်ထဲသို့ ပိုက်ဆံတွေကို ထည့်သည်။

"နင် လခထုတ်တဲ့နေ့ကျရင် ငါ့ကို မုန့်ဝယ်ကျွေး…ဟုတ်ပြီလား"

ငြင်း၍ရမည်မဟုတ်တော့မှန်း သိသဖြင့် ခေါင်းညိတ်လိုက်ရလေသည်။ လှည်းတန်းမီးပွိုင့်သို့ရောက်သော် ကားလမ်းကူးဖို့ပြင်၏။ တစ်ယောက်လက်ကို တစ်ယောက် ဆုပ်ကိုင်လိုက်ကြလေသည်။

❀❀❀



အခန်း [၂၀]

ကြက်သွန်အိတ်နှစ်အိတ်ကို ပွဲရုံရှေ့တွင် ထပ်ထားသည်။ "ဘယ်သွားမလို့လဲ"ဟု ယုယုခိုင်ကို ကျော်နီမေး၏။ ယုက "ကားသွားငှားမလို့"ဟုပြောသည်။

"ကားငှားရင် ဈေးကြီးတယ်၊ ဘတ်စ်ကားနဲ့ပဲ တင်မယ်။ မြတ်မယ့်ပိုက်ဆံက ကားခနဲ့တင် ကုန်နေမယ်"

"ရပါတယ်၊ ခါတိုင်းလည်း ငှားနေကျ"

"အခါတိုင်းငှားပေမဲ့ အခု မငှားနဲ့။ လာ… ငါ့ကို ပင့်ပေး၊ ဟိုမှာ ကားမှတ်တိုင်"

www.burmeseclassic.com

www.burmeseclassic.com



ညောင်ပင်လေးဈေးဘက်ကို လက်ညှိုးညွှန်ရင်း ပြော၏။ ယုယုခိုင်က အားနာကြည့်ဖြင့် ကြည့်၏။

"ဟဲ့ ပင့်လေဟာ"

"ငါတစ်ယောက်တည်း မနိုင်ဘူးဟ"

အနီးရှိ အလုပ်သမားတစ်ဦး၏ အကူအညီဖြင့် ကြက်သွန်အိတ်ကို ဂျော်နီပခုံးပေါ်သို့ တင်သည်။ ကြက်သွန်အိတ်နှစ်အိတ်စလုံး ကားမှတ်တိုင်သို့ ရောက်သော်...

ဂျော်နီက...

"မောမောနဲ့ ပြောရဦးမယ်"

"ဘာပြောမှာလဲ"

အသက်ကို တဝရှူပြီး...

"နင် ငါ့ကို အဖြေမပေးသေးဘူးလား"

"ဟယ်...ဂျော်နီ တိုးတိုးပြောပါဟယ်...။ ဘေးမှာ လူတွေနဲ့"

ဂျော်နီက ဝဲယာသို့ ငဲ့ကြည့်သည်။ ပြီးမှ... ယုယုခိုင်ကို မျက်လုံး ဝိုင်းပြသည်။

"အို"

ယုယုခိုင်၏လက်ကို ဆတ်ခနဲ ဆွဲယူထားလိုက်သည်။ ဈေးသွားဈေးလာတွေ၊ လမ်းသွားလမ်းလာတွေ တစ်ဦးတစ်ယောက်မျှ သတိမထားမိကြ။

"ဂျော်နီ"





ယုယုခိုင်က မျက်လုံးဝိုင်း၍ အမည်ကို ခေါ်သည်။ ဂျော်နီက မေးဆတ်ပြသည်။

"လွှတ်ဟာ"

ခေါင်းယမ်းသည်။ ယုယုခိုင်က အံကြိတ်၏။ တင်းမာဟန်မပါမှန်း ကိုယ့်ကိုယ်ကို သိသည်။

"နင် ငါ့ကို ချစ်ပါဟာ...။

နင်သာ ငါ့ကို ချစ်တယ်လို့ပြောရင် ဒီ ကြက်သွန်အိတ်နှစ်အိတ်ကို ဘယ်သူ့အကူအညီမှ မယူဘဲ ငါ့ဘာသာ ကားပေါ်ကိုရောက်အောင် တင်ပေးမယ်"

မျက်နှာတည်တည်ဖြင့် ပြောသည်။ ယုက မျက်ဝန်း ထောင့်ကပ်လျက်...

"တော်တော်ကြီးမားတဲ့ အချစ်သက်သေပဲ"ဟု ပြော၏။

"ဒီ့ထက်လက်တွေ့ကျတဲ့သက်သေ ရှိသေးလား...။ ငါတစ်ယောက်တည်း အချိန်သုံးဆယ်အိတ်ကို မနိုင်မနင်း မ,ရမှာဟ...။ လောလောဆယ် ပြလို့ရနိုင်တာက ဒါပဲလေ"

ယုယုခိုင်က မဲ့ပြုံးသည်။

"ဟုတ်တယ်ယု...။ ပင်လယ်သမုဒ္ဒရာကို လက်ပစ်ကူးပြီး သက်သေပြရအောင်ကလည်း ငါက ဇနက္ကမင်းသားမှ မဟုတ်ဘဲ။

www.burmeseclassic.com



မဖြစ်နိုင်တာတာတွေနဲ့ မရှိုးချင်ဘူး။ ဖြစ်နိုင်တာနဲ့ပဲ ရှိုးချင်တယ်။ အဲ..သက်သေပြချင်တယ်"

ယုက ကြိတ်ပြုံးသည်။

ရင်သို့ အေးမြစေသော အပြုံး။

ထိုစဉ် ရှေ့တည့်တည့်သို့ ဘတ်စ်ကားတစ်စီး ထိုးရပ်၏။ စကားစ ပြတ်သွားရလေသည်။ ကြက်သွန်အိတ်တွေကို ကားနောက်ပေါက်သို့ ဒရွတ်ဆွဲပြီး ပို့သည်။ ယုယုခိုင်က မနိုင်မနင်း ကူမ၏။

ကားသည် တစ်ခဏအတွင်း ကျပ်သိပ်လာ၏။

သူတို့နှစ်ယောက် တစ်နေရာတည်း၊ တစ်ခုံတည်းတွင် အတူထိုင်ခွင့်မရ။ အပြေးအလွှားပြောရသော ချစ်စကားစတွေကို ပို၍နမြောမိသူမှာ ဂျော်နီတစ်ယောက်တည်းတော့ ဖြစ်ဟန်မတူချေ။

❋

"ရေချိုးပြီးမှ ထမင်းစား"ဟု ယုက ပြောသဖြင့် သူရေချိုးသည်။ ဆီချေးပေနေသော နေရာတိုင်းကို ဆပ်ပြာဖြင့် အထပ်ထပ် ပွတ်တိုက်၏။ ဆံပင်တွေ မျက်နှာတွေမှာ ဆပ်ပြာမြှုပ်တွေ ဗလပွ။

ဦးခေါင်းပေါ်သို့ ရေလောင်းချပြီး မျက်စိတွေစပ်နေသည့်ကြားမှ အနားတွင် ယုယုခိုင်ကို တွေ့သည်။ ရေကို တဗွမ်းဗွမ်း လောင်းချ၏။





ယုက မျက်နှာသုတ်ပုဝါနှင့် လုံချည်ကိုကြိုးတန်းပေါ်တွင် [illegible]င်သည်။ အိမ်ထဲသို့ ဝင်မည်အပြု…

"ယု"

ယုယုခိုင် ငဲ့ကြည့်သည်။

"နင့်အမေကော…"

"ထမင်းရှုးနေတယ်"

"ဒါဆို အတော်ပဲ"

စကားအဓိပ္ပါယ်ကို ချက်ချင်းနားမလည်မိ။

ဂျော်နီက ရေခွက်ကို တိုင်ကီထဲသို့ ပစ်ထည့်လိုက်သည်။ [illegible]မှ…ယုယုခိုင်အနားတွင် သွားရပ်၏။ တစ်ကိုယ်လုံးတွင် ချိုးရေတွေ [illegible]စိုလျက် ဆက်လက်ရှိသေးသည်။

"နင် ငါ့ကို အဖြေပေးဦးလေဟာ…။ မနေ့က ဆိုင်အတွက် ဈေးဝယ်ပေးရတာနဲ့ တစ်နေကုန်တယ်။ ဒီနေ့လည်း ဂိယာပေါက်ချတာနဲ့ ညနေစောင်းသွားပြီ။ မနက်ဖြန်အထိ ငါ မစောင့်နိုင်တော့ဘူးဟာ"

ယုက ကြိုးတန်းပေါ်မှ မျက်နှာသုတ်ပုဝါကို လှမ်းဆွဲပြီး [illegible]ော်နီကို ပေး၏။ ဂျော်နီက…

"ရေချိုးလို့ မပြီးသေးဘူး"ဟု ပြော၏။

ဂျော်နီသည် ယုယုခိုင်၏လက်ကို လှမ်းဆွဲလိုက်သည်။ ညနေစောင်းစ မှောင်ရီရီဖြစ်နေသဖြင့် အိမ်ရှေ့အိမ်နောက်



www.burmeseclassic.com

www.burmeseclassic.com



လူလုံးမသဲကွဲ။

"ကောင်စုတ် နင်ဘယ်လိုဖြစ်နေတာလဲ"

"ဘယ်လိုဖြစ်နေတာလဲတွေ ဘာတွေ လုပ်မ နေနဲ့။ ပြောဟာ…ငါ့ကို ချစ်တယ်လို့"

"ပြောမယ်…လက်ကိုလွှတ်"

"မလွှတ်ဘူး…ပြောမှလွှတ်မယ်"

"ကဲ…ပြောမယ် ပြောမယ်"

"ပြော"

ယုက ဂျော်နီကို အသေအချာကြည့်လျက်…

"ငါ့ကို ချစ်တယ်။ ကဲ…လွှတ်တော့"

"ဘာလဲ…ငါ့ကိုချစ်တယ်"

"ဟင်…နင်ပဲပြောခိုင်းပြီးတော့ ငါ့ကိုချစ် တယ် ပြောဆို"

ယုယုခိုင်က မျက်နှာတည်တည်ဖြင့် ပြောသည်။ ဂျော်နီက မျက်နှာရှုံ့လျက်…

"ငါဆိုတာ ဂျော်နီ့ကို ပြောတာ၊ ဟောဒီ… ဂျော်နီ့ကို ချစ်တယ်လို့ ပြောခိုင်းတာ"

"နောက်မှပြောမယ်ဟာ…လွှတ်တော့"

"မလွှတ်ဘူး"

"ငါ အော်လိုက်မှာနော်"

"အော်"





"အမေရေ…"

ဂျော်နီ မျက်လုံးဝိုင်းသွားသည်။ လက်ကို မလွှတ်သေးချေ။

"အမေ့"

"ဟဲ့ ဘာဖြစ်နေတာလဲ တမေ့ထဲမေ့နေတာ"

မီးဖိုချောင်မှ ကြားရသောအသံ။

"ဟောဒီမှာ…"

ဂျော်နီသည် လက်ကို လုံးဝမလွှတ်သေး။

"ဂျော်နီရယ်"

ပိုမိုတင်းကျပ်စွာပင် ဆုပ်ကိုင်လိုက်သေးသည်။

"သမီးကို"

ဂျော်နီက နောက်ဖေးမီးဖိုချောင်ကို ငဲ့ကြည့်သည်။

"လက်ဆွဲထားတယ်"

"ဟာ…ခွေးမ"

ပြောပြီး ဂျော်နီ ဆင်းပြေးသည်။

ရေတိုင်ကီထဲမှ ရေတွေကို အဆက်မပြတ် လောင်းချိုး၏။

"လက်ဆွဲတာတွေ၊ ခြေဆွဲတာတွေ လုပ်မ နေနဲ့ဟေ့။ ထမင်းရှူးပြီးပြီ၊ ဂျော်နီ ရေမြန်မြန်ချိုး"

ယုက ဂျော်နီ့ကို လှမ်းထုတ်ပြသည်။

ဂျော်နီ အံကြိတ်၏။ စိတ်ထဲတွင် ပြုံးချင်နေသည်။

❁❁❁



www.burmeseclassic.com

www.burmeseclassic.com





## အခန်း [၂၁]

''ထွက်တွေ့လိုက်ပါ ဂျော်နီရယ်''

ယုယုနိုင်က တောင်းပန်စကား ဆိုသည်။

ယုယုနိုင်၏အမေက...

''ဟုတ်သားပဲ မောင်ဂျော်နီရယ်...၊ မိဘပဲ မခေါ်ချင်သာ ရမယ်၊ မတော်ချင်လို့ မရဘူးလေ။ မတော်ချင်လို့ မရမဲ့အတူတူ ခေါ်လိုက်တာ အကောင်းဆုံးပဲ။

ထွက်တွေ့လိုက်ပါ။ ကိုယ့်ကိုယ်ကို လူရိုင်းလေး မဖြစ်စေနဲ့။ မှားမှားမှန်မှန် မိဘဟာမိဘပဲ။ အငြိုးအတေး မထားရဘူး။ ဒေါ်ဒေါ်စကားကို

www.burmeseclassic.com

www.burmeseclassic.com



နားထောင်ပါကွယ်''

အားတုန့်အားနာ ဖြစ်ရချေသည်။

''သူတစ်ယောက်တည်းလား''ဟု ဂျော်နီမေးသည်။

ယုယုခိုင်က…

''ဘယ်သူမှ မပါဘူး။ တစ်ယောက်တည်းပဲ ဒီကိုလာတာ၊ မမထားတောင် သိလိမ့်မယ် မထင်ဘူး''

အရာရာကို ဆင်ခြင်ကြည့်မိသည်။

ဘယ်အရာကို ဘယ်သို့နားလည်ရမည် မသိ။

တစ်လသာသာအတောအတွင်း မမထားပင်လျှင် တစ်ခေါက်တစ်ခါမျှ သူ့ထံသို့ မရောက်ရှိသေးချေ။ ကားစက်စမ်းသောအခါ အလုပ်သွားသောအခါ၊ ကျောင်းသွားသောအခါတွင် လမ်းမှာကြုံသည့်အခါရှိသည်။ မမထားက အိမ်မှာ ပြန်လာနေဖို့အကြောင်း အားလပ်ချိန်မရသဖြင့် ယုတို့အိမ်ကို မရောက်နိုင်ကြောင်း တဖွဖွပြောသည်။

ဤသို့သော အတောအတွင်း အဖေရောက်လာလိမ့်မည်ဟု မတွေးထင်မိခဲ့။ ဘာကြောင့် လာတာလဲ၊ ဘာကိစ္စလဲတွေ မေးမြန်းရမလား တွေးသည်။ မျက်နှာချင်းမဆိုင်ချင်ကြောင်းကို ထိထိမိမိ ပြောလိုက်ချင်ပြန်သည်၊ တချို့သောကိစ္စများတွင် ဘာသာတရားသည် မိဘနှင့် သားသမီးအကြား၌ အဟန့်အတား။

ယုယုခိုင်၏မိခင်နှင့်ယုယုခိုင်က အိမ်နောက်ဘက်တွင် နေရင်း





ခဲ့သည်။ အိမ်ရှေ့ခုံတန်းလျားတွင် ထိုင်နေသော အဖေ့ကို အနားသို့ မရောက်ခင် ကြုံမြင်၏။ ခုံတန်းလျား၏အစွန်တွင် ဝင်ထိုင်လိုက်သည်။ အဖေ သူ့ကို ငုံ့ကြည့်နေမှန်း သိသည်။ အသက်အရွယ်ထက် ပိုမို အိုစာသွားသည်ဟု အဖေ့ကို တစ်ချက်ဝေ့ကြည့်ရုံနှင့် သိသည်။ သောကနှင့်ဒေါသကို ဒွေးရောယှက် တင်ခံစားနေရပြီဟု ကိုယ့်ကိုယ်ကို သိလိုက်၏။ ရင်နှင့်နာကျင်ခဲ့ရသော နေ့ရက်တွေကို ပြန်လည်မြင်ယောင်နေပါလျက် ဘာကြောင့် ဒေါသစကားတွေ ပြောဖို့ ခက်နေရတာလဲ။

''သား''

နှလုံးသည်းခြေတွင် တုန်ဟည်းသွားသည်ဟု ခံစားလိုက်ရသည်။ ခေါ်သံကိုကြားပါလျက် စဉ်းငယ်မျှ ငုံ့မကြည့်ဖြစ်။ တူရူရှိ ဘုရားစင်ကို ငေးကြည့်နေမိသည်။ ဘုရားရုပ်ပွားတော်၏ အရှေ့တွင် ရှိသော ပန်းပွင့်ပန်းခက်တွေမှာ လန်းဆန်းနေဆဲ ရှိချေ၏။ ရနံ့တွေ မပြယ်သေး။

''အဖေ့ကို ခွင့်လွှတ်ပါ သားရယ်''

(မတောင်းပန်နဲ့လေ၊ ဘာဖြစ်လို့ တောင်းပန်ရတာလဲ။ အမှားလုပ်ပြီး တောင်းပန်စကားဆိုလိုက်တာနဲ့ အပြစ်တွေ ကျေပျက်သွားရောတဲ့လား။ သားသမီးတွေအနေနဲ့ မကျေနပ်ဖူးလို့ ပြောမိရုံအပြင် တခြား ဘာမှ တုံ့ပြန်နိုင်မှာ မဟုတ်ပါဘူး အဖေရယ်…။)

ရင်တွင်းစကားတွေကို သွန်ထုတ်လိုက်ချင်သည်။ တစ်ခွန်း တစ်ပါဒမျှ မဖွင့်ဟဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



"အဖေမှားပါတယ်။ ဒီအမှားနွံထဲက ရုန်းထွက်နိုင်အောင် အဖေကြိုးစားပါ့မယ်။ ဒါပေမဲ့ သားရယ် အရာရာဟာ ကျွံခဲ့ပြီ"

သဲ့သဲ့မျှပြောသောစကားသည် လိုဏ်သံပါသွားမှန်း သိ၏။ ငုံ့အကြည့်တွင် အဖေ့မျက်နှာကို နီးကပ်စွာတွေ့သည်။ ဝေ့ဝဲနေသောမျက်ရည်တွေကို မကြုံစဖူး တွေ့မြင်၏။ ရင်ထဲတွင် လှပ်ခနဲဖြစ်သည်။ ဒေါသဟူသမျှသည် တစ်နေရာရာသို့ အငွေ့ပျံသွားပြီထင်၏။ မည်သည့်အရပ်တွင် တွယ်ကပ်ပျောက်ပျက်သွားသည်ကိုလည်း မည်သို့ ခန့်မှန်းရမည် မသိ။

"သားတို့မောင်နှမတွေ အဖေ့အပေါ်မှာ နာကြည်းနေမယ်ဆိုတာ အဖေ သိပါတယ်။

မီးတောက်တွေ တလိမ့်လိမ့်တက်နေတုန်းကတော့ အဖေဟာ ဘာမှမသိခဲ့ဘူး။ ကိုယ့်ကိုယ်ကို ပြန်သုံးသပ်မိတဲ့အခါကျမှ အဖေဟာ လူမိုက်ကြီးလုံးလုံး ဖြစ်ခဲ့တယ်ဆိုတာ သိခဲ့ရပြီး သား…။ ဟန်နွဲ့မြိုင်ရဲ့ ပိုက်ကွန်ကို အဖေ အခုမှမြင်တယ်။ စည်းစိမ်ဥစ္စာတွေကို အကုန်သိမ်းပိုက်ဖို့ ကြံရွယ်ထားတဲ့ မိန်းမယုတ်ပဲ။ အဖေ သူနဲ့ ကွာရှင်းလိုက်ပြီ"

အံ့သြချင်စရာ စကား…။

ဝမ်းမြောက်စရာ အကြောင်းအချက်။





သို့သော်…

"လောကထဲတွင် အမေမှမရှိတော့ဘဲ"ဟု တွေးမိသဖြင့် ရင်၏ တုန်လှုပ်ခြင်းသည် ပြင်ပသို့ မရောက်။

"အဖေတို့အိမ်ကိုပါ အပိုင်စီးတာကိုး…။ ဒါကို အဖေ သေသေချာချာတွေးကြည့်တော့မှ သိတာ…။

ဒါနဲ့ပဲ ကန်ထရိုက်နဲ့ဆောက်မယ့်အစီအစဉ်ကိုဖျက်၊ ပြီးတော့ အဖေ့ကားကို ရောင်း၊ ရတဲ့ငွေတစ်ဝက် ဟန်နွဲ့မြိုင်ကို ပေးလိုက်တယ်။ ကျန်တဲ့တစ်ဝက်ကို သားအတွက် လာပေးတာ။ သားတို့မောင်နှမတွေ သုံးဖို့"

ခံစားရလွန်းအားကြီးသဖြင့် အောက်နှုတ်ခမ်းကို ဖိကိုက်မိသည်။ မျက်ရည်စို့နေသည်ကို အဖေမြင်လိမ့်မည် ထင်၏။

ရွှေတွေ၊ ငွေတွေထက် အဖေအမေစုံညီသော ဘဝကိုသာ သို့ချင်တပ်မက်ခဲ့ကြောင်း အဖေ့ကို ပြောပြလိုက်ချင်သည်။ မပြောဘဲသည်း သိနေလိမ့်မည် ထင်၏။

"ကျွန်တော့်အတွက် ငွေမလိုပါဘူးအဖေ။ လုံလောက်ပါတယ်။ အဖေပဲ ပြန်ယူသွားပါ"

တည်ငြိမ်အေးဆေးစွာ ပြောသည်။

"မယူလို့ မဖြစ်ဘူး သား…။ အဖေက ရွာမှာ သွားနေတော့မှာ…။ ဒီအရပ် ဒီဒေသမှာ



www.burmeseclassic.com

www.burmeseclassic.com



အဖေနေလည်း မနေရဲတော့ပါဘူး။ သားတို့
မောင်နှမတွေကိုလည်း အားနာတယ်၊ အဖေ့ကိုယ်
အဖေလည်း ရှက်တယ်။ ပြီးတော့...''

စကားတစ်ဝက်တစ်ပျက်တွင် အသံတုန်ယင်၏။

ဝေ့ဝဲသောမျက်ရည်တွေ မျက်ဝန်းတွင် လျှံပြည့်နေရာသည်။ အဖေ ဘာဆက်ပြောမည်ကို သိသည်။ နားခံနိုင်စွမ်းမရှိသော်လည်း မဟန့်တားရက်။

''သားတို့အမေအတွက် အဖေ ဘယ်လိုမှ ယူကျုံးရတော့မှာ မဟုတ်ဘူး''

''ဒီအကြောင်းတွေကို မပြောပါနဲ့တော့ အဖေ၊ ကျွန်တော် ကြားလည်း မကြားချင်ဘူး ပြန်လည်း မတွေးချင်ဘူး။ တွေးမိတိုင်း ရင်နာတယ်။ အမေနဲ့ ကျွန်တော်တို့မောင်နှမတွေရဲ့ ဝဋ်ကြွေးပဲလို့ ကျွန်တော် သတ်မှတ်ခဲ့တယ်။ အဖေ ဝဋ်ကျွတ်သွားပါပြီ အဖေရယ်...''

မျက်ဝန်းကို ပုတ်ခတ်လျက် ပြောရသည်။

''အဖေ့ကို ခွင့်လွှတ်ပါသားရယ်''

ဒုတိယမြောက် တောင်းပန်စကား။

''ကျွန်တော်ရော မမထားရော အငယ်နှစ်ယောက်ကပါ အဖေ့ကို ခွင့်လွှတ်ပြီးသားပါ။ အမေ ခွင့်လွှတ်တာ မလွှတ်တာတော့ ကျွန်တော် မသိဘူး။

အမေက အဖေ့ကို ဒီဘဝမှာ ခွင့်လွှတ်ချင် ခွင့်လွှတ်လိမ့်မယ်။ ဒါပေမဲ့ သံသရာတစ်ခုလုံးမှာတော့ ခွင့်လွှတ်လိမ့်မယ် မထင်ဘူး။ အမေ့မှာ ဝေဒနာတွေပါသွားတယ် အဖေ''

အဖေ့ ဦးခေါင်းငိုက်စိုက် ကျသွားသည်။

အဖေ့နံဘေးမှ လွယ်အိတ်ကို ကြည့်လျက်...

''အဖေပေးမယ့် ပိုက်ဆံတွေ အဖေပြန်ယူသွားပါ။ အဖေပြောတဲ့အတိုင်း ဒေါ်ဟန်နဲ့မြိုင်နဲ့ ရှင်းရှင်းလင်းလင်း ဖြစ်ပြီဆိုရင် ကျွန်တော်တို့နဲ့ အတူ လာနေစေချင်ပါတယ်။ ကျွန်တော်လည်း အိမ်ပြန်မှာပါ။ အဖေ့အနေနဲ့ အောင်ချမ်းသာမှာ နေချင်တယ်ဆိုလည်း နေပေါ့။ ဟိုမှာ နေဖို့ထိုင်ဖို့ အတွက် ပိုက်ဆံတွေကိုတော့ ယူသွားလိုက်ပါ''

အဖေက သူ့ကို တစိမ့်စိမ့်ကြည့်သည်။

အကြည့်ဆုံသောအခါ အမေ့ကို သတိရ၏။

အဖေ့မျက်နှာထားမှာ ယခင်ကနှင့် လွန်စွာခြားနားခဲ့ပေပြီ။ နောင်တတို့ကို လွန်မြောက်ရာအရပ်သို့ ရောက်ရှိနေသူဟု မြင်၏။ ဟန်စွယ်ကျိုးသော ကျား၊ သို့တည်းမဟုတ် အမောက်မဲ့သွားသော ဒေါင်းဟု သညာတတ်ချင်သည်။ သို့တည်းမဟုတ် အစွယ်မဲ့သော မြွေ၊ အဆိပ်မဲ့သောမြား။







www.burmeseclassic.com

www.burmeseclassic.com



မိုက်မှားခြင်းတို့၏ တိုက်စားဒဏ်ကြောင့် အဖေ့ဟန်ပန်သည် နေထိပန်းပမာ နွမ်းဖတ်မှိုင်းမှုံနေချေ၏။

"နော်...အဖေ ကျွန်တော်ပြောတာ လက်ခံပါ"

ခေါင်းညိတ်သည်ကို တွေ့၏။

"သား"

"ပြောပါအဖေ"

"အဖေ့ကို စိတ်မနာဘူးလား"

မဲ့ခနဲပြုံးလိုက်သည်ကို အဖေမြင်လိမ့်မည် ထင်၏။ ထိုသို့ပြုံးလျက်...

"ကျွန်တော် ကလေးမဟုတ်တော့ဘူး အဖေ အရာရာကို ခွင့်လွှတ်နားလည်နိုင်အောင် ကြိုးစားနေပါပြီ။

အဖေ့ကိုတင် မကဘူး၊ တခြားဘယ်သူကိုမဆို ဖြစ်ဖြစ် သည်းခံခွင့်လွှတ်နိုင်စွမ်းရှိသူတစ်ယောက် ဖြစ်အောင် ကျွန်တော် ကြိုးစားနေမှာပါ"

အဖေသည် ဂျော်နီကို ဖက်၍ငိုသည်။

ရှိုက်သံတွေကိုပင် နီးကပ်စွာ ကြားရသည်။ အဖေ့မျက်ရည်တွေသည် မပြိုသင့်တော့သည့် နှောင်တလွန်မိုး။

●●●





## အခန်း (၂၂)

အဖေပေးသော ပိုက်ဆံတွေကို မယူဖို့ မမထားထံသို့ ... ကြဲဖြင့် မှာကြားသည်။ ရက်ပိုင်းအတွင်း သူ့ထံသို့ မမထား ...ရောက်လာသည်။

"အိမ်မှာ လာနေပါတော့ မောင်လေးရယ်၊ ယုတို့မိသားစု ...သည်း အားနာစရာ"ဟု မမထားပြောသည်။

သူ ခေါင်းညိတ်သည်။

"အဖေနဲ့ ဟိုမိန်းမကြီး အိမ်ပေါ်တက်ဖြစ်လိမ့်မယ်ထင်လို့ ကျွန်တော် အိမ်ပေါ်က ဆင်းလာတာ။ အခုတော့ ကျွန်တော် အိမ်ပြေးလုပ်စရာမလိုတော့ဘူးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



မမထားက နွမ်းနွမ်းလေးပြုံးလျက်…

"မောင်လေးမရှိတော့ ဇာနည်နဲ့အောင်ထွေးက စာကျက် မမှန်ချင်ကြဘူး။

မမထားကို သူတို့က သိပ်ကြောက်ကြတာမှ မဟုတ်ဘဲ။ ငေါက်ရငမ်းရသေးတာ။ မင်းကိုကျတော့ သူတို့ လေးစားပြီးသား။ မျက်လုံးနဲ့ ကြည့်လိုက်တာနဲ့ ငြိမ်းသေပြီးသားလေ"

အဖေပေးသောပိုက်ဆံတွေကို မယူကြောင်း၊ အဖေသည် အောင်ချမ်းသာရွာတွင် သွားရောက် ဇာတ်မြှုပ်နေပြီဖြစ်ကြောင်း မည်သို့မျှ တားဆီး၍မရကြောင်း မမထား ပြောပြသည်။

"ဦးမြသောင်းကလည်း မှာလိုက်တယ်။ အလုပ်ကို အိမ်မှာပဲလက်ခံထားမယ်တဲ့။ သူမှာ ဆီမှာ သွားပြီး ပြင်မနေနဲ့တော့တဲ့"

"မနက်ဖြန် ကျွန်တော် ပြန်လာပါ့မယ်"

ခြေသံကြားသဖြင့် ငုံ့အကြည့်တွင် ယုယနိုင်ကို တွေ့သည်။

"ယု မမထားရောက်နေတယ်"ဟု သူလှမ်းပြော၏။

"ရုံးဆင်းပြီလား"ဟု မမထား မေးသည်။

ယုက "ဟုတ်ကဲ့ မမထား"ဟု ဖြေသည်။ ဖိနပ်ကို ချွတ်ပြီး ဖိနပ်ခုံပေါ်တွင်တင်လျက်…

"မမထားရောက်နေတာ ကြာပြီလား"

"တအောင့်ပဲရှိသေးတယ် ယု…။ဒီအိမ်ပြေ





ကို လာခေါ်တာလေ"

"အဲဒီအိမ်ပြေးကတော့ မပြောပါနဲ့တော့ မမထားရယ်၊ အိမ်လည်းပြေး ကျောင်းလည်းပြေး။ မေဂျာဘာသာကို ကျူရှင်ယူပြီး မှန်မှန်မတက်ချင်ဘူး၊ ယုကို လိုက်ပို့ပြီး လက်ဖက်ရည်ဆိုင်ထိုင်ကျန်ခဲ့တာ များတယ်"

"မဟုတ်ဘူး မမထား၊ စာသင်ခန်းထဲမှာ အိပ်ငိုက်မှာစိုးလို့ မတက်တာ။ ယုပြန်သင်ပေးမယ်ဆိုလို့ မတက်တာ"

"နောက်တစ်ခါဆို ပြန်မသင်ပေးဘူး"ဟုပြောပြီး ယုယနိုင်က အိမ်ခန်းထဲ ဝင်သွားသည်။ မမထားနှင့် သူက ပြုံးလျက်ကျန်ရစ်ခဲ့၏။

မမထားသည် သူ့အနားသို့တိုးကပ်လျက်…

လေသံဖြင့်…

"မိန်းမပျိုတစ်ယောက်အိမ်မှာ သိပ်ကြာကြာနေလို့ မသင့်တော်ဘူး မောင်လေး၊ အားနာစရာ"

"ဟုတ်သားပဲ"ဟူသောအတွေး အခုမှ ဝင်သည်။ရက်ပေါင်းအားစွာ နေထိုင်ခွင့်ပြုပြီး မိသားစုသဖွယ် လက်ခံထားသော ယုယနိုင်၏ မိခင်ကိုလည်း လွန်စွာကျေးဇူးတင်မိသည်။ ငယ်တော့တဲ့ အရွယ်တွေမှ မဟုတ်ဘဲဟု ချက်ချင်းနားလည်လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ရွက်ကြွေတော၏ ဝန်းကျင်တစ်ခုလုံးသည် စိမ်းစိုရှင်းသန့်လျက် ရှိချေ၏။ ရွက်ကြွေတွေသည် မိုးရေထိမှန်ထားသောကြောင့် ဖိနင်းမိသော်လည်း ခြေသံ မကြားရ။

ဘုရားရှိခိုးကျောင်းကြီး၏ ခေါင်မိုးပေါ်တွင် မိုးဆွေငှက်နှစ်ကောင် ဖွဖွရွရွ ယှဉ်တွဲလမ်းလျှောက်နေသည်ကို တွေ့၏။ မိုးလေပြည်တစ်ချက်သွေ့သော်လည်း အဝေးသို့ ပျံသန်းမသွားသေး။

"ပြောလေ…ယု

နင် ငါ့ကို မချစ်နိုင်ဘူးလား"

ရှက်ခြင်းတရားတို့ဖြင့် အကာပြုထားသော…

သံယောဇဉ်မျက်နှာကို ငုံ့ကြည့်လျက် မေးသည်။ တုံ့ပြန်သံကို မကြားရ။ တုံ့ပြန်ဟန်သည်လည်း မထူးခြား။

"အခု ငါ အိမ်ပြန်ရတော့မယ်။ အဲဒီအခါကျတော့မှ ငါ့ကိုယ်ငါ သိတော့တယ်။ ငါ နင်နဲ့မခွဲနိုင်ဘူး ယု"

ညင်သာစွာခေါင်းမော့လာသည်။ ကေသာရှည်သည် လေပြည်နုကြောင့် နူးညံ့စွာ လှုပ်ခတ်သောပင်လယ်ရေလှိုင်း။

"နင်နဲ့ငါ သူငယ်ချင်းဆိုတာ မေ့သွားပြီလား ကျော်နီ"

တိုးသဲ့တည်ငြိမ်လွန်းသောစကား။

"တတ်နိုင်ရင် သူငယ်ချင်းလိုပဲ ဆက်ပြီးနေချင်ပါတယ် ယုရယ်၊ ဒါပေမဲ့ နေလို့မရဘူး



တခြားသူတစ်ယောက်ရဲ့ ဘဝထဲကို နင်ရောက်သွားမှာ စိုးရိမ်တယ်။

အဲဒီစိုးရိမ်စိတ်ကိုက ချစ်မိအောင် ဖန်တီးလိုက်တယ် ထင်ပါရဲ့။ သူငယ်ချင်းအချင်းချင်း ဒီစကားမျိုးတွေပြောရတာ အားလည်း နာတယ်၊ မျက်နှာလည်း ပူတယ်။ ဒါပေမဲ့ ငါ့စိတ်ထဲမှာ နင်ပြန်မချစ်မှာကို ပိုပြီး ပူပန်တယ်"

ယုယုနိုင်၏ လက်ကို ဖွဖွကိုင်ဆွဲသည်။

"သိလား ယု"

ညင်သာစွာ ခေါင်းညိတ်သည်။

ကြင်နာစွာ ငေးကြည့်နေမိ၏။

"ပတ်ဝန်းကျင်တစ်ခုလုံးက နင်နဲ့ငါ့ကို သိပ်ချစ်ကြတဲ့ သူငယ်ချင်းနှစ်ယောက်လို့ သိထားကြတာ။ အနေနီးသွားလို့ ချစ်သူတွေဖြစ်သွားကြတာမျိုး အထင်ခံရမှာ ငါကြောက်တယ် ကျော်နီ"

"နင့်ကိုငါ ချစ်စကားကြိုက်စကား စပြောတာ နင့်အိမ်ကို မရောက်ခင်ပြောတာပါဟာ…။

အနေနီးတဲ့သူတွေက ညားရင်သာ ညားသွားမယ်၊ ချစ်ဖို့ ခဲယဉ်းတယ် ယု။ ငါက နင့်ကို ချစ်တာ"

"ငါ နင့်ကို ဘယ်လိုအဖြေပေးရမှာလဲ ကျော်နီ"

www.burmeseclassic.com

www.burmeseclassic.com



"ချစ်တယ်လို့ အဖြေပေးပေါ့ဟ"

"မဟုတ်ဘူး။ အဲဒီစကားကို ဘယ်လိုဘယ်ပုံ ပြောရမလဲလို့ မေးတာ...။ ပါးစပ်ကလည်း မပြောရဲဘူး။ တခြားသင်္ကေတတစ်ခုနဲ့လည်း မပြ တတ်ဘူး"

ရှက်ပြုံးမွှင့်ကို အကြင်နာရပ်ဝန်းတွင် နီးကပ်စွာ တွေ့သည်။

"နင်...ငါ့ကို ချစ်တော့ချစ်တယ်ပေါ့။ မဖြေ ဘူး။ ဒီလိုလား..."

မျှော်လင့်စွာ မေးမိသည်။

"ဟင်...ယု"

ယုက အရှက်စိတ်ကြောင့် နှုတ်ခမ်းပါးကို ဖိကိုက်ထား သည်။ ဂျော်နီ့မျက်နှာကို ဝံ့စားစွာ မကြည့်ရဲသေး။

"ပြောလေဟာ..."

"မမေးနဲ့တော့ ဂျော်နီရယ်" ဟု ယုယုခိုင်ပြောသည်။

"နင်ဖြေပြီးရင် ငါ ဘာကြောင့်မေးရမှာလ ခေတ္တမျှ ဆိတ်ငြိမ်သွားရသည်။

"နင်ဖြေပြီးရင် ငါမမေးတော့ဘူးလေ...ဘ သက်လုံးအတွက် တစ်ခါတည်းပဲ ပြောမယ် လည်း ပြော..."

"ဒါဆို ပြောမယ်...နင့်ကိုငါ မချစ်နိုင် ပြောရင် နင် ဘယ်လိုလုပ်မလဲ"



"ချစ်လာနိုင်တဲ့အထိ ငါကြိုးစားမှာပေါ့"

"ချစ်တယ်လို့ အဖြေပေးရင်ကော"

ပြောပြီး မျက်နှာဖယ်သည်။ လွှဲဖယ်မျက်နှာကို တမြတ် ဘနိုးကြည့်လျက်...

"လက်ထပ်ဖို့ ကြိုးစားရမှာပေါ့ ယုရယ်"

"နင့်မိသားစုတာဝန်ကို မယူတော့ဘူးလား။ ငါ့မိသားစုတာဝန်ကိုလည်း မယူရတော့ဘူးလား"

အပြေးအလွှား စဉ်းစားသည်။

"အဲဒီတာဝန်တွေ ကုန်ဆုံးတဲ့အချိန်ဟာ နင်နဲ့ ငါနဲ့ လက်ထပ်တဲ့အချိန်ပေါ့။ နော်...ယု"

"အနည်းဆုံး လေးငါးနှစ်တော့ ကြာမယ် ထင်တယ်"

ယုယုခိုင် ပြောသည်။ "ကြိုးစားရင်းနဲ့ အချိန်တွေကုန် သွားမှာပါ" ဟု ဂျော်နီပြော၏။

ချစ်သူတွေဖြစ်သွားကြမှန်း နှစ်ကိုယ်သိ သိသည်။

ငယ်သံယောဇဉ်ကို အခြေတည်လျက် ယုံကြည်လက်တွေ ယှက်ကြသည်။

"ယု"

အရှက်တို့ကို ကွယ်ဝှက်လျက် မရဲတရဲ ငုံ့ကြည့်သည်။

"ငါ့ကို ယုံကြည်နော်"

ခေါင်းညိတ်သည်ကို တွေ့၏။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို အားကိုး သိလား ယု"

"အင်းပါ..."

"ပြီးတော့..."

စကားတန့်သည်။ ပြီးမှ...

"နင်က မိန်းကလေးဆိုပြီး ငါ့ကို ကျောခ

မကြံနဲ့နော်"

"ကောင်စုတ်"

တူယှဉ်ရယ်မောမိကြ၏။ ရွှက်ကြွေတောအတွင်းရှိ အပင်

အပင်ငယ်တို့သည် စိမ်းလဲ့စွာ ယိမ်းနွဲ့နေကြ၏။ မိုးလေပြည်အ

ကြောင့် ချစ်သူ၏ စိမ်းလဲ့ကေသာသည် အလကာကောက်ကြော

ရိုးစင်းခဲ့သောအရာရာသည် ဆန်းကြယ်ပြောင်းလဲသွား

ထင်၏။ ချစ်သူတို့၏ လက်ချောင်းများဖြင့် ထိခတ်သောကြေ

ဖြစ်ပေါ်လာသော သံစဉ်တို့သည် မိုးပွင့်ဂီတအဖြစ် အသွင်ပြော

လဲသည်လား မသိ။

လက်ချင်းယှက်၍ ခြေလှမ်းအရွေ့တွင်...

ဟိုးအရှေ့မှာ မိုးရင်ပြင်ကို တွေ့၏။ ကာရံအုပ်မိုး

ယူဆောင်မလာမိကြသည်ကို အမှားတစ်ရပ်ဟု စဉ်းငယ်မျှ မ

မိကြ။ ရွှက်ကြွေတောသည် ပြဇာတ်တစ်ပုဒ်ကို စတင်ပြောပြနေ

ထင်၏။ အင်ပင်စုံတွဲသည် မိုးဖွဲဖွဲအောက်ရှိ စွယ်တော်ရွက်ေ

ငုံကြည့် ကြည်နူးနေလေသည်။

❀❀❀





မခွဲသွားရှော
သည်းနှီးဖွှားငယ် တွယ်ဖွဲ့ယှဉ်တာတော
အဟ်ကမ္ဘာထိ
စံတွဲရှိချင်။

www.burmeseclassic.com

www.burmeseclassic.com





## အခန်း [၂၃]

ဘဝတစ်လျှောက်ကို ပြန်လည်တွေးတောမိသည့် အခါ ကာလတိုင်း၌ ရင်နင့်နာကျင်စရာတွေကြောင့် မျက်ရည်ဝဲခဲ့ရသည်မှာ အစဉ်အမြဲ။

သူ့ဘဝ၏ ကာလရှည်အစအဆုံးကို ယုကိုယ်တိုင်လည်း သိရှိထားခဲ့သည်။ ရန်းကန်နေရသော ဘဝတူမိသားစု၏ အရေးအပါဆုံးသောနှစ်ဦးမှာ သူနှင့်ယု ဖြစ်သည်။

သူ ဆယ်တန်းအောင်သည့်နှစ်ကတည်းက မမထားသည် အငြိမ်းစား။ အငြိမ်းစားဟု ဆိုသော်လည်း သူတို့ညီအစ်ကိုတွေ၏ စားရေးဝတ်ရေးကိစ္စတွေကြောင့် မပင်ပန်း၊ မကြမ်းတမ်းသည့်တိုင်

www.burmeseclassic.com



ပြောပလောက်အောင် မအားလပ်။

ပြီးခဲ့သည့်နှစ်က သူရော ယုပါ ကျောင်းပြီးသည်။ ယုက ရာထူးတက်သည်။ သူကမူ အိမ်၏လုပ်ငန်းကို ပိုမိုဂရုစိုက်လုပ်ခွင့် ရ၏။ သုံးလေးနှစ်မျှကာလအတွင်း လုပ်ငန်းကို ချဲ့ထွင်ဖို့ ကြိုးစား သည်။ လွန်ကဲစွာ မပေါက်ရောက်သေး။

ဇာနည်နှင့်အောင်ထွေးကျောင်းစရိတ်၊ မိသားစုစားစရိတ် ကိုလုံလုံရုံရုံမျှသာ ရှာဖွေနိုင်သေးသည်။ ဇာနည်က စက်မှုတက္ကသိုလ် ဒုတိယနှစ်၊ အောင်ထွေးက ဒသမတန်း။ ပညာဆုံးခန်းတိုင်ဖို့ အချိန်တွေ၊ ငွေကြေးငွေ များစွာလိုအပ်သေးသည်ဟု နားလည် ထားသည်။ သူနားလည်သကဲ့သို့ ချစ်ရသော ယုကိုယ်တိုင်လည်း နားလည်ထားသည်။ ထို့ကြောင့် တော်သေး၏။

"အမေက ပြောတယ်၊ မောင့်ကို..."

"ဘာပြောတာလဲ..."

"မောင်ဂျော်နီက နာမည်ကသာ လမ်းသရဲ နာမည်တဲ့...လိမ္မာရေးခြားရှိတဲ့နေရာ ကြိုးစားတဲ့ နေရာမှာ နှစ်ယောက်မရှိဘူးတဲ့"

ယုစကားကြောင့် သူ ယဲ့ယဲ့ပြုံးသည်။

"ဘဝက သင်ပေးလို့ လိမ္မာလိုက်ရတာပါ ယုရယ်"

သံယောဇဉ်သက်တမ်း သုံးလေးနှစ်အတွင်း အခေါ်အဝေါ် လည်း ပြောင်းလဲလာကြ၏။ ဂျော်နီက ယုယုခိုင်ကို ငယ်စဉ်ကအတိုင်း





ယု'ဟု ခေါ်သည်။ ယုယုခိုင်ကမူ ဂျော်နီကို ကာယကံရှင်ဆန္ဒအရ မောင်'ဟုခေါ်သည်။ ရိုးစင်းသော နှုတ်စကားတို့ဖြင့် ချစ်သူဖြစ်စဉ်ကို ညီကြာစေခဲ့သည်။

"မောင်တို့အဖေနဲ့ တွေ့သေးလား"

မျက်စိထဲသို့ဝင်နေသော ဖုန်မှုန့်ကို ပွတ်ထုတ်ရင်း...

"တွေ့တယ်ဆိုပါတော့။ သွားတဲ့အခါ တွေ့ တယ်၊ မသွားတဲ့အခါ မတွေ့ဘူးလေ။

မမထားက အိမ်မှာလာနေဖို့ ခေါ်တယ်။ အဖေကိုယ်တိုင်က မိုက်မှားထားသူပီပီ မျက်နှာပူ နေတယ် ထင်ပါရဲ့။ ရွာက သူ့အိမ်လေးမှာပဲ နေတယ်။ တစ်ယောက်တည်း"

အဖေ့ နောက်အိမ်ထောင်ကလည်း အဖေ့စည်းစိမ်တွေ ကြွင်းမကျန်တော့သောအခါ မူလနေရာသို့ ပြန်သွားလေသည်။ အသက်ကြီးရင့်လာသည်နှင့်အမျှ မိုက်မှားသည်ဟု မြင်လာသောအခါ အဖေသည် သားသမီးတွေကို တောင်းပန်ရှာသည်။

ခွင့်လွှတ်ပါကြောင်း ပြောချိန်တွင် မမထားက ရှိုက်ငင်စွာ ငိုကြွေး၏။ အဖေကလည်း မျက်ရည်ကျ၏။ အငယ်နှစ်ယောက် ကလည်း ထို့အတူပင် ဖြစ်သည်။ သူ့မျက်ဝန်းတွင်မူ ထိုစဉ်က... အမေ့ကို မြင်ယောင်၏။

"နှစ်ဆယ်ကျော် အစိတ်ပိုင်း အရွယ်တော် တစိတ်ပိုင်းကုန်ပြီ လက်ထပ်ဖို့ဆိုတာ မတွေးနိုင်



www.burmeseclassic.com

www.burmeseclassic.com



သေးဘူးနော်…မောင်''

''တွေးတာတော့ တွေးနိုင်ပါတယ် ယုရယ် တကယ် အကောင်အထည်မပေါ်နိုင်သေးတာပါ''

သူက ပြုံးလျက်ပြောသည်။ ယုက မျက်လုံးစင်းလျက် သက်ပြင်းချသည်။

''နေခြည်ဦးကို မှတ်မိလား''ဟု ယုယုခိုင်က မေးသည်။

''မေ့နိုင်စရာ မရှိပါဘူး''ဟု သူပြော၏။

ယုက သူ့ဗိုက်ကို ဆွဲလိမ်သည်။ မျက်နှာရှုံ့မဲ့သွားချေ၏။

''အလကားပြောတာပါ ယုရယ်…၊ ယုက လွဲရင် ကျန်တာတွေက ဖွဲနဲ့ဆန်ကွဲပါ''

''မောင်နော် စကားကိုချင့်ချိန်ပြော။ ယုက လွဲရင် ကျန်တာတွေ ဖွဲနဲ့ဆန်ကွဲလို့ပြောမယ့်အစား ကျန်တာတွေက အလကားပါလို့ ပြော''

''ဘာဖြစ်လို့''

''ဖွဲဈေး၊ ဆန်ကွဲဈေးက အရင်ကနဲ့ တူတာ မဟုတ်ဘူး။ ဆန်ကွဲတစ်ပြည်ကို သုံးဆယ်ကျော် နေပြီ သိရဲ့လား''

ယုက ပြုံးလျက်ပြောသည်။ ပြီးနောက်…

''နေခြည်ဦး အိမ်ထောင်ပြုတော့မယ်တဲ့''

''ဟုတ်လား၊ ယုက ဘယ်လိုလုပ်သိလဲ''

အံ့သြဟန်ဖြင့် မေးသည်။





''ဒီမှာ ဖိတ်စာ၊ ယုတို့နှစ်ယောက်စလုံးကို ဖိတ်တာ''

ဖိတ်စာပေါ်တွင် ဂျော်နီ အပေါင်း ယုယုခိုင်ဟု ရေးထား၏။

''မောင်တော့ သူဌေးသမက် မဖြစ်တော့ဘူး။ သနားတယ်''

''မသနားပါနဲ့ယုရယ်… မောင့်ထိုက်နဲ့မောင့်ကံပဲ ရှိပါစေတော့''ဟုဂျော်နီက မျက်နှာညှိုးလျက်•ရယ်စရာပြောသည်။

ယုက မျက်စောင်းထိုး၏။ ဂျော်နီက…

''သူများတွေတောင် သီတင်းကျွတ်ကုန်ပြီ''ဟု အဝေးကို ငေးလျက်ပြောသည်။ ယုယုခိုင်ထံမှ နှုတ်စကား တုံ့ပြန်သံ မကြားရ။

တစ်ယောက်နှင့်တစ်ယောက် မိသားစုနှစ်စု၏ အခြေအနေကို သိမြင်နေကြရသဖြင့် လက်ထပ်ဖို့အရေးကို ကိုယ်နှုတ်နှစ်ပါး စလုံးက အမှုအရာနှင့်ပင် မဖော်ပြခဲ့ကြ။

နှစ်ယောက်ဘဝကို ထူထောင်လိုက်ခြင်းသည် နောက်ကျောရှိ မိသားစုနှစ်စု၏ အားကိုးအားထားပြုမှုကို လစ်လျူရှုလျက် နှစ်ကိုယ် ကောင်းဆန်လွန်းသောကိစ္စဟု လက်တွေ့ဘဝတွင် နားလည်ထားကြသည်။

''အိမ်က ဆယ်တန်းနှစ်ယောက် ကျိုးသေအောင်လိမ့်မယ် ထင်တယ်''ဟု ယုပြောသည့်နေ့က ဇာနည်နှင့် အောင်ထွေးတို့ မှာကြားထားသော အင်္ဂလိပ်အဘိဓါန်စာအုပ်အကြောင်းကို သတိရ မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ယု၏ လက်ရှိရာထူး၊ လစာ။ သူ့ လက်ရှိစီးပွားရေးအခြေအနေတွေက နဂိုကလောက် မဆိုးရွား။ တည်ငြိမ်ခါစ အခြေအနေ။

သို့သော်…တာဝန်ဝတ္တရားတွေ မကင်းလွတ်သေးသဖြင့် နေမြဲအတိုင်းသာ ရှိခဲ့ကြရသည်။

"ဘာတွေ တွေးနေတာလဲ မောင်"

ဘုရားရှိခိုးကျောင်းကြီးကို ငေးကြည့်နေရာမှ ယုထံသို့ ငဲ့ကြည့်လျက်…

"ဘာရယ်လို့မဟုတ်ပါဘူး ယုရယ်…ဟိုတွေးဒီတွေးပါ။ မောင်တို့နှစ်ယောက်စလုံး မိသားစုရဲ့ အဓိကလူတွေ ဖြစ်နေရတာဟာ ကုသိုလ်တော့ ရပါရဲ့…ဒါပေမဲ့ နှလုံးသားကိစ္စ ထည့်စဉ်းစားလိုက်ရင် ရင်မောစရာပဲ ဘစ်ခါတစ်ခါ ကြေကြေကွဲကွဲ ခံစားရတယ်။ ပြီးတော့… ယုကိုလည်း အားနာတယ်"

"အားနာစရာမှ မဟုတ်ဘဲ မောင်ရယ်… ပြီးတော့ ယုနဲ့မောင်နဲ့က ဆယ်ကျော်သက်တွေမှ မဟုတ်တော့တာ၊ အရာရာကို ချင့်ချိန်တတ်ရမှာပေါ့။

အချစ်စိတ်ကတိုးတက်များပြားလာသလောက် အသိအလိမ္မာသည် ဆုတ်ယုတ်သွားသည်တဲ့… ဂိုချေဖူးကော့ဒ်က ပြောထားတယ်။





ယုတို့နှစ်ယောက် အဲဒီလိုမျိုး မဖြစ်စေရဘူး။ အချစ်စိတ်က တိုးတက်များပြားလာသလို အသိအလိမ္မာ လည်း တိုးတက်များပြားလာရမယ်။

နှစ်ယောက်တစ်တွဲ ပေါင်းဖက်ဖို့က လွယ်ပါတယ် မောင်ရယ်…မိသားစုကိစ္စတွေ ဘေးချိတ်ခိုးရာလိုက်ပြေး။ ဖြစ်သလိုနေ။ ရတာပါပဲ။ ဒါပေမဲ့ အဲဒါဟာ မိုက်မှားသူတွေရဲ့ အပြုအမူလို့ ယု နားလည်ထားတယ်"

"ဒါတော့ဒါပေါ့ ယုရယ်…။

မောင် စိတ်မကောင်းဖြစ်မိတာက အရာရာကို မောင် တာဝန်မယူနိုင်သေးတာကိုပါ။

ယုကလည်း ယုမိသားစုအတွက် ကြိုးစားနေရတယ်။ မောင်ကလည်း မောင့်မိသားစုအတွက် ကြိုးစားနေတယ်။ အမှန်က အဲဒီမိသားစုနှစ်စုစလုံးအတွက် မောင် တာဝန်ယူနိုင်ရမှာ"

"ဒါကတော့ မောင်ရယ်…အချိန်တန်ရင် ဖြစ်လာရမှာပေါ့။ မကြိုးစားဘဲ ထိုင်နေတဲ့သူတွေမှ မဟုတ်တာ"

ပြုံးလျက်ပြောသည်။ ကြည်နူးပြုံး မဟုတ်မှန်း သိ၏။ ချစ်ခင်နှစ်သက်စရာ အကြင်နာအားဖြည့်အပြုံး။

●●●



www.burmeseclassic.com

www.burmeseclassic.com





အခန်း [၂၄]

ခုန်ပေါက်ပြေးလွှာလာသော အောင်ထွေးကို တွေ့သည်။ ကားဘီးနပ်တွေ ကျပ်ပြီးသည်နှင့် ဘရိတ်စမ်းဖို့ ပြင်သည်။ ထောက်ထားသော ဂျိုက်တွေကို အနည်းငယ်မြှင့်သည်။ ကားအောက်မှ ခေါင်းပွံ့၍အထွက်တွင် အားရဝမ်းသာဖြစ်နေသော အောင်ထွေးမျက်နှာကို မြင်သည်။

"ကိုကြီး ကျွန်တော်အောင်တယ်။ ဝမ်းဒီ
ဝမ်းဒီ"

ရင်တွင် လှုပ်ခနဲ ဖြစ်သွားရသည်။
ပီတိ၏အရှိန်အဟုန်ကြောင့် မျက်ရည်ပင် ဆို့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ…။ ညီလေး စာမေးပွဲအောင်တယ် ဟုတ်လား"

"ဟုတ်တယ် ကိုကြီး"

ဆီချေးတွေ ပေကျံနေသော လက်နှစ်ဘက်ကို မြေကြီးတွင် ပွတ်သပ်လိုက်သည်။ ပြီးမှ ဝတ်ထားသောလုံချည်ဖြင့် သုတ်၏။ ဓါတ်ဆီဖြင့် မဆေးအား။

အောင်ထွေးကို အားပါးတရ ပြေးဖက်လိုက်သည်။

"ဒါမှ ငါ့ညီကွ။ ဒါမှ ငါ့ညီ"

အမေ့မျက်နှာကို မြင်ယောင်လာသည်။

"အမေ့သားတွေ ပညာတတ်ပြီ။ အမေ့သားတွေ ပညာတတ်ဖြစ်ပြီ"

ကျယ်လောင်စွာ အော်ဟစ်မိသည်မှန်း ကိုယ့်ကိုယ်ကို သိသည်။ မျက်ရည်တွေလိမ့်ဆင်းလာသည်ကို အောင်ထွေး မတွေ့သေး။

"မမထား မမထား"

သူ့ခေါ်သံကြောင့် မမထား အိမ်ထဲမှ ထွက်လာသည်။ ကားပေါ်မှ ဆင်းလာသော ဦးမြသောင်းကိုလည်း တွေ့၏။ မမထား အနားသို့ရောက်သောအခါ…

"မမထား အောင်ထွေး ဆယ်တန်းအောင်ပြီ။ ဂုဏ်ထူးတစ်ဘာသာနဲ့။ ဂုဏ်ထူးနဲ့ ဂုဏ်ထူးနဲ့"

ပြုံးရယ်လျက်ပြောသော စကားသံသည် တုန်ယင်လျက်





ရှိ၏။

"ဟယ်…ဝမ်းသာလိုက်တာ။ မမထား ဝမ်းသာလိုက်တာ။ ဇာနည်ကောဟင်၊ ဇာနည်"

"ကိုလေး ကျူရှင်သွားတယ်"ဟု အောင်ထွေးပြောသည်။

အနားသို့ရောက်လာသော ဦးမြသောင်းကိုကြည့်လျက် မမထားက…

"ဦးလေး အောင်ထွေး ဆယ်တန်းအောင်တယ်"

"ဟာ…ဟုတ်လား ဝမ်းသာလိုက်တာကွာ"

ကွမ်းတွေမြုံ့လျက် ပြောသည်။ ဦးမြသောင်းနှင့်အကြည့်ဆုံသောအခါ ကျော်နီ ပြုံးသည်။

"အမေသာရှိရင် သိပ်ကောင်းမှာပဲ ဦးလေးရာ…ကျွန်တော့်ထက်တောင် ပိုပြီးဝမ်းသာဦးမှာ"

မမထား ခေါင်းငုံ့သွားသည်။

ယုယုခိုင်၏ မောင်နှစ်ယောက်လည်း စာမေးပွဲအောင်ကြောင်း အောင်ထွေး ပြောပြ၏။ ထပ်တူကြည်နူးရလေသည်။

မျက်ဝန်းတွင် မျက်ရည်မကင်း…။

❁

"ကျွီ"

ကားနှင့် တိုက်မိမလိုဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးဗျာ"

ကားမောင်းသူက တောင်းပန်စကားဆိုသည်။ အမောင်းသရမ်းသူကို မကျေမနပ်ကြည့်မိသည်။ ကားမောင်းသူကလည်း သူ့ကို အသေအချာကြည့်သည်။

"ဂျော်နီ"

အမည်ခေါ်ပြီး ကားတံခါးကို ဖွင့်၏။ တူရူတွင် မတ်တတ်ရပ်၏။ သူက အသေအချာကြည့်လျက်...

"ထွန်းထွန်း"

"ဟာ...ဂျော်နီ၊ ရုတ်တရက်မမှတ်မိဘူးကွာ"

လက်ဆွဲနှုတ်ဆက်သည်။

တစ်ယောက်နှင့်တစ်ယောက် ပြုံး၍ ကြည့်နေကြသည်။

"ပျောက်လှချည်လား ထွန်းထွန်း။ သတင်းမကြား စာမပါးတာ လေးငါးနှစ်လောက် ရှိပြ

"ဟုတ်တယ်ကွ၊ ငါပြန်ရောက်တာ သိပ်မကြာသေးဘူး"

ထွန်းထွန်းက ပြည်ပသင်္ဘောကုမ္ပဏီတစ်ခုတွင် အရာရှိငယ်တစ်ဦးအဖြစ် သွားရောက်အမှုထမ်းနေကြောင်းပြောသည်။ "မင်းကော ဘာတွေလုပ်နေလဲ ပိန်သွားလိုက်တာလည်း အရမ်းပဲ၊ အသားတော နည်းနည်းညိုသွားတယ်"

"ငါ ကားပြင်နေတယ်"

"အဆင်ပြေရဲ့လား"





သူကပြုံးလျက်...

"တိုက်မဆောက်နိုင်သေးဘူးကွာ။ မင်းလိုလည်း အက်(စ်)အီး မဝယ်နိုင်သေးဘူး"

"နောက်တော့ ဝယ်နိုင်မှာပေါ့ကွာ။ ကားပြင်တာလည်း သူဌေးဖြစ်တာပဲ"

"ဒါနဲ့ မင်းက ဘယ်လိုက၊ ဘယ်လို...ငါတို့လမ်းထဲ မျက်စိလည်လာတာလဲ"

"အသိတစ်ယောက်ဆီ လာတာပါ"ဟု ထွန်းထွန်းပြောသည်။

"အိမ်ကို ဝင်လည်ပါဦးလား။ ယုလည်း အိမ်မှာ ရှိလိမ့်မယ် ထင်တယ်"

ထွန်းထွန်းက...

"မဝင်တော့ပါဘူးကွာ၊ နောက်မှပဲ လာတော့မယ်။ သွားစရာ ရှိသေးလို့"

ပြောပြီး ကားထဲသို့ဝင်ထိုင်သည်။ ကားစက်နှိုးသံသည် ညင်သာသဲ့သဲ့။ လက်ပြထွက်ခွာသည်။ သူ ခေါင်းညိတ်လက်ပြ၏။

●

"အမြတ်ခွန်ကိစ္စနဲ့ ယုတို့ရုံးကို လာတာ။ အဲဒီနောက်ပိုင်း ခဏခဏလာတယ်။ မောင်နဲ့တွေ့တဲ့နေ့က ယုအိမ်ကို လာလည်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်တာ''ဟု ယုယုခိုင် ပြောသည်။

မလှုံမလဲမျက်နှာကို မြင်ယောင်သည်။

တွေးဆရ ခက်လွန်းသည်။

''ယုတို့အိမ်ကိုလာတာ ဟုတ်လား ယု...''

''ဟုတ်တယ် မောင်''

''မောင့်ကိုပြောတော့ အသိတစ်ယောက်ဆီကို လာတာတဲ့။ ကွယ်ဝှက်စရာ တစ်ခုခုများရှိနေပြီလား မသိဘူး''

''အတိအကျတော့ မပြောတတ်ဘူး။ ဒါပေမဲ့ တစ်ခုတော့ရှိတယ်။ ယုရုံးကို ထွန်းထွန်းလာတာ လေးငါးခါရှိပြီ။ မောင့်အကြောင်း တစ်ခုမှ မမေးဘူး။ မောင့်ကို ပြောပြမလို့ မောင့်အလုပ်တွေက ခပ်များများမို့ အခုမှ ပြောဖြစ်တာ''

ရွက်ကြွေတောမှအထွက်တွင် ရထားလမ်းတစ်လမ်းကို တွေ့သည်။ ရထားလမ်းသည် ကားလမ်းကို ကန့်လန့်ဖြတ် သွယ်တန်းလျက်ရှိသည်။ ကားအသွားအလာ ရှင်းသောအခါ ရထားလမ်းအတိုင်း လျှောက်ကြ၏။ ရထားလမ်းဖြတ်သန်းသွားလာရာနေရာသည် ယုတို့အိမ်နှင့် မလှမ်းမကမ်း။ ရထားလမ်းသည် ယုတို့အိမ်၏ အနောက်ဘက် ကျသည်။

''မောင့်အပေါ် စိတ်ခုစရာများ ရှိနေလို့လား မသိဘူး။ ဒါမှမဟုတ် နဂိုထက် အခြေအနေ





အရမ်းတိုးတက်နေတော့ မတူညီတဲ့ဘဝဆိုပြီး အရောမဝင်ချင်တော့လို့များလား''

''အဲဒီလိုဖြစ်နိုင်မယ် မထင်ဘူး။ မောင့်အိမ်ကို လာမလည်ရင် ယုအိမ်ကိုလည်း မလည်နဲ့ပေါ့။ ယုမိသားစုက မောင်တို့နဲ့စာရင် ပိုပြီးတော့တောင် ရှန်းကန်နေရတဲ့ဥစ္စာ''

''အကြောင်းတော့ရှိလိမ့်မယ်''ဟု ယုက စကားဆက်သည်။

''ငယ်ငယ်ကရန်ဖြစ်ခဲ့လို့ အမုန်းကြီးတယ်ဆိုရအောင်လည်း အဲဒီတုန်းက မောင် အနူးအညွတ် တောင်းပန်ထားတာပဲ''

ဟု သူပြောသည်။

ရထားလမ်း၏ ယာဘက်သို့ ဆင်းလျှောက်သည်။ ရှေ့ဘက်အကွေ့တွင် ယုတို့အိမ် ရှိသည်။

❁

''အေးအေးဆေးဆေး စာသွားကျက်နေစမ်းပါ ဇာနည်ရာ။ ကိုကြီးတစ်ယောက်တည်း ဖြစ်ပါတယ်''

ပြောပြီး ဇာနည့်လက်ထဲမှ ဂွင်းနှင့်ဂွကို ယူသည်။

''ဂီယာဘောက်တင်ရဦးမယ်။ ကိုကြီးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်း ဘယ်လိုလုပ် ရမှာလဲ၊ မနိုင်မနင်း''

ဇာနည်က နေရာမှ မခွာသေးဘဲ ပြောသည်။

''ဦးမြသောင်းလာမှ တင်မယ်။ မင်းဘာသာ စာသွားကျက် ကားက ဘယ်အချိန်ပြင်ပြင် ပြင်လို့ရတယ်။ သွား...သွား''

တွန်းထုတ်လိုက်သဖြင့် ဇာနည်က ခေါင်းကုတ်လျက် အိမ်ထဲ ဝင်သွားသည်။ ဂျိုက်ထောက်ထားသော ကားဘီးကို အနည်းငယ် လှည့်၏။ ကားဘီးကို တစ်စဆီဖြုတ်ပြီးသောအခါ ဘရိတ်ဆုံကို တွေ့သည်။ ဘရိတ်ဆုံ၏ တစ်ဘက်တစ်ချက်တွင် ဖုံးထားသော ရော်ဘာအဖုံးကလေးနှစ်ခုသည် ဟောင်းနွမ်းဆွေးမြေ့နေချေ၏။

ဟိုဘက်ဘီးသည်လည်း သည်အတိုင်းဖြစ်နေလိမ့်မည်ဟု ယူဆသည်။ ပစ္စည်းအသစ်လဲဖို့ ပြင်သည်။ အဆင်သင့် မရှိသေးသည့် ပစ္စည်းကို ဝယ်ယူပေးမည့်သူ မည်သူမျှမရှိ။ ထိုင်ရာမှ ထလိုက်ရချေသည်။ ဇာနည့် စာကျက်သံကို သဲ့သဲ့ကြားသည်။

❀❀❀





ယုဓိလက်ကြား
ချစ်ပန်းတစ်ပွင့်၊ သက်ကြားရင့်ခဲ့
ကြွေ..ကြွေမှာနိုး။

www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၂၅)

ဝှိုင်းနပ်တွေကို သေချာကျပ်သည်။

မျက်စိထဲသို့ ဖုံမှုန့်ဝင်လာသဖြင့် ဘေးသို့အငုံ့တွင် ခြေခုံဖြူနု တစ်စုံကို တွေ့သည်။ ယု ဟု သိလိုက်သည်။ တွယ်တာညာဏ် ကြောင့် မှတ်မိနေသော ခြေဖမိုး။

ကားအောက်မှအထွက်တွင် သူ့ကိုငုံ့ကြည့်နေသော ယုယုနိုင် ကို မြင်သည်။

"ယု ဘယ်က လှည့်လာတာလဲ"

"မောင့်ဆီကို လာတာ။ ပြောစရာရှိလို့"

www.burmeseclassic.com

"အရေးကြီးလား"ဟု သူမေးသည်။

ခေါင်းညိတ်သည်ကို တွေ့၏။ လေးပင်လျက်ရှိသော ခေါင်းအညိတ်။ မျက်နှာညှိုးနေသည်ကို ရိပ်စားမိသဖြင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ရသည်။

ဓါတ်ဆီတွေ ထည့်ထားသည့်လက်ဆွဲခွက်ကို ကိုင်သည်။ ယုက...

"ဆေးမနေပါနဲ့တော့ မောင်"

ထိုသို့ပြောသဖြင့် လက်ဆွဲခွက်ကို ပြန်ချသည်။ စက်နှိုး စောင့်နေသော ဦးမြသောင်းရှိရာသို့ ငဲ့လျက်...

"ဦးမြသောင်း။ ကျွန်တော် ယုနဲ့ လိုက်သွားလိုက်ဦးမယ်။ မမထားလာရင် ပြောလိုက်နော်။ တစ်အောင့်ပဲ..."

"အေး...အေး"ဟု ပြောသည်။

တူယှဉ်လှမ်းထွက်ခဲ့သည်။

အခက်အခဲတစ်ခုခု၊ သို့မဟုတ် ပြဿနာတစ်ခုခုရှိနေပြီဟု သိသည်။ အတူတကွ ဖြေရှင်းနိုင်လိမ့်မည်ဟု ယုံကြည်၏။ ချစ်ခြင်းအစွမ်းအားသည် ပြဿနာအရပ်ရပ်ကို ဖြေရှင်းနိုင်ဖို့ အားမလျော့စကောင်း။

●





"ဟုတ်ရဲ့လား ယုရယ်"

မေးလိုက်သောစကားသံ တုန်ယင်သွားမှန်း သိသည်။ ယုက ခေါင်းညိတ်ပြသဖြင့် ထပ်မမေးဖြစ်။

"အမေက မောင့်ကို မျက်နှာပူနေတယ်။ ယုကတစ်ဆင့် အသိပေးခိုင်းတာတောင် သက်ပြင်းတချချပဲ"

လေပူတွေကို မှုတ်ထုတ်မိသည်။

"ဒါဆို မောင်တို့ ဘယ်လိုလုပ်ကြမလဲ ယု"

ယုက အဝေးသို့ ငေးမောလျက်...

"ယုလည်း မောင့်ကို မေးမလို့။ အမေက မေးတယ်။မောင်ရော်နဲ့ကို လက်ထပ်ရင် သမီးတစ်ယောက်တည်းရဲ့ဘဝ လုံခြုံစိတ်ချရမယ်ဆိုတာ သိပါတယ်တဲ့။ အခု စေ့စပ်တဲ့သူက ယုတို့တစ်မိသားစုလုံးအတွက် လုံခြုံမှုပေးနိုင်မှာ မို့လို့တဲ့"

ယှဉ်လျက်ထိုင်နေကြရာမှ ချစ်သူလက်ကို ဆွဲပြီး တစ်နေရာသို့ပြေးထွက်သွားချင်စိတ် ဖြစ်သည်။ နှောင်ကြိုးတွေကို ရှန်းဖယ်မရ။

"ယုကတော့ မောင်ဆုံးဖြတ်ချက်နဲ့ အသက်ရှင်နေမှာပါ"

ရင်သို့စူးနစ်စေသောစကား။

"လက်ထပ်ရက်ကို သတ်မှတ်ပြီးကြရာပေါ့နော်"



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ယုက ခေါင်းခါပြီး…

"မောင့်ဆုံးဖြတ်ကို ယုက လိုက်နာသလို ယု ဆုံးဖြတ်ချက်ကို အားလုံးက မျှော်လင့်နေကြ တုန်းပါ"

"မောင် ဘယ်လိုပြောရမလဲ ယုရယ်"

ရင်ခွင်ထဲသို့ ယုက နိုဝင်လျက် သူ့ကို မော့ကြည့်သည်။ မျက်ဝန်းချင်းဆုံသောအခါ ဒြပ်မဲ့ငိုကြွေးခြင်းကို တွေ့၏။

"ယုနဲ့စေ့စပ်တာ ဘယ်သူလဲဟင်"

တီးတိုးသဲ့သဲ့ မေးမိသည်။

"နောက်တော့ သိရမှာပေါ့ မောင်ရယ်"

"အခုသိချင်လို့ပါ"ဟု သူပြော၏။ ယုက သူ့ကိုစေ့စေ့ ကြည့်သည်။

"ပြောလေ ယု"

"ယုပြောရင် မောင် အံ့သြသွားလိမ့်မယ်"

အပြေးအလွှား စဉ်းစားမိသည်။

"ဘာလဲယု၊ ယုကိုစေ့စပ်တာ ထွန်းထွန်း လား"

"ဟုတ်တယ် မောင်"

ဖြေကြားသံသည် ဝမ်းနည်းစွာတုန်ယင်သွား၏။ မေးခေါ င်း တွေ တင်းမိသည်။ ဒေါသစိတ်ကြောင့် လက်သီးကို တင်းကျပ် ဆုပ်မိသည်။





ယု၏လက်ဖဝါးနုနုကိုပါ ဆုပ်ကိုင်မိသည့်မှန်း တစ်ဒင်္ဂအတွင်း သိသည်။ ထိုအသိကြောင့် ကျစ်လျစ်တင်းကျပ်နေသော ဒေါသ လက်သီးကို ဖွဖွလေး ဖြေလျှော့လိုက်ရ၏။ အရာရာကို နားလည်နိုင်စွမ်း ရှိ၏။

"မောင်တို့နှစ်ယောက်အကြောင်းကို သူ မသိ ဘူးတဲ့လား"

"ပရိုပို့စ်လုပ်တဲ့နေ့က ယု ပြောပြလိုက်တယ်။ ဒါပေမဲ့ သူက မယုံသလိုဘဲ။ မယုံရင် မောင့်ကို သွားမေးကြည့်ဆိုပြန်တော့လည်း မမေးရဲဘူးတဲ့။

ယုတို့နှစ်ယောက်ကို ခွဲလို့မရတဲ့ သူငယ်ချင်း နှစ်ယောက်လို့ပဲ ထင်နေတယ် မောင်။ ယုကိုထိရင် ဆတ်ဆတ်ထိမခံတဲ့ သူငယ်ချင်းတစ်ယောက်လို့ပဲ မောင့်ကို ထင်နေတာ။ အဲဒါကြောင့် မောင့်ကို ရင်မဆိုင်တာ ဖြစ်မယ်"

လွယ်ကူသောကိစ္စ မဟုတ်မှန်း သိ၏။

●

အိမ်ရှေ့ဘက်မှ မော်တော်ကားဘော်ဒီကို ထုသံနှက်သံ တွေ သံချေးချွတ်သံတွေ သဲ့သဲ့ကြားသည်။

မမထားက…



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမယူတာပဲ မောင်လေးရယ်၊ ဘာတွေ တွေးနေရမှာတုန်း။ မင်္ဂလာဆောင်လိုက် ပြီးတာပဲ ယုကိုမို့ ပြောတာနော်။ တခြားဟာဆိုရင်တော့ မမထားက ဆန်းစစ်ဦးမှာ။ အသက်တွေလည်း ငယ်တော့တာမှ မဟုတ်တာ ငါ့မောင်ရယ်။ ယု တစ်ယောက် တိုးလာလို့ ဆန်တစ်လုံး ပိုမချက် ပါဘူး"

အတွေးအားဖြင့် မှန်ကန်သော်လည်း လက်တွေ့တွင် ခက်ခဲ လွန်းကြောင်း မမထား သိစေချင်သည်။

"မဟုတ်သေးဘူး မမထား။ ကျွန်တော် ပြော တာက ယုကို လူကုံထံတစ်ယောက်နဲ့ စေ့စပ်လိုက် လို့ ပြောနေတာ"

မမထားက ပြုံးလျက်...

"ယု သဘောမပါဘူး မို့လား။ ခိုးပြေးကြ ဘာခက်တာ မှတ်လို့"

သူ သက်ပြင်းချသည်။

"ခိုးပြေးကြ လက်ထပ်ကြတော့ ဟုတ် ယုကို ကျွန်တော်ယူလိုက်ရင် ယုတို့မိသား ဘယ်သူလုပ်ကျွေးမှာလဲ။ အနည်းအကျ ထောက်ပံ့ဖို့ကလွဲပြီး ကျွန်တော် တာဝန်ယူ မဟုတ်ဘူး မမထား။





ကျွန်တော့်မှာ အငယ်နှစ်ယောက်တာဝန် ရှိ သေးတယ်။ ယုမှာလည်း ကျွန်တော့်လိုပဲ တာဝန် တွေ ကျန်သေးတယ်"

မမထား ရှုတ်ဆွဲ့သွားမှန်း သိသည်။

"ကျွန်တော်ခေါ်ရင်တော့ ယုက ကျိန်းသေ လိုက်မှာပဲ။ ဒါပေမဲ့ ကျွန်တော်ဘယ်လိုလုပ် တစ် ကိုယ်ကောင်းဆန်ရက်ပါ့မလဲ။ပြီးတော့ ကျွန်တော် ကိုယ်တိုင် မစွမ်းဆောင်နိုင်တဲ့ကိစ္စကို ယုနဲ့ စေ့စပ် တဲ့လူက စွမ်းဆောင်နိုင်မယ် မဟုတ်လား"

အမည်နာမကို ထည့်၍ မပြောမိအောင် ထိန်းရသည်။

"ယုမိသားစုရဲ့ မျှော်လင့်အားထားမှုကို ကျွန်တော် မဖျက်ဆီးချင်ဘူး မမထား။ ယုကို ဆွဲထုတ်လိုက်တာနဲ့ တည်ငြိမ်စပြုနေတဲ့ မိသားစု နှစ်စုကို ဂယက်ထသွားမှာ အမှန်ပဲ"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ မောင်လေး ရယ်။ ယုမိသားစုကိုပါ တာဝန်ယူနိုင်အောင် ဇာနည်တို့ အောင်ထွေးတို့ကို တစ်ဖက်တစ်လမ်း က အလုပ် လုပ်ခိုင်းရင် မကောင်းဘူးလား။ မမထားလည်း တစ်ခုခုလုပ်မယ်လေ"

သူ လက်ကာသည်။ ပြီးမှ...

"မလုပ်ပါနဲ့ မမထားရယ်။ မမထားဆိုက



www.burmeseclassic.com

www.burmeseclassic.com



အခုလိုစကား ကြားရတော့ ကျွန်တော် ကျေးဇူး တောင် တင်မိသေးတယ်။ ဒါပေမဲ့ မမထားရယ် ညီလေးတွေကို ကျောင်းစာတစ်ခုတည်းပဲ ကြိုးစားစေချင်တယ်။

ကျွန်တော့်အတွက် ဘယ်သူ့ကိုမှ တာဝန်မပိုစေချင်ဘူး။ ယုတို့မိသားစုကိုလည်း အားနာတယ်။ ယုအမေကဆိုရင် ကျွန်တော့်ကို မျက်နှာပူနေတယ်။ ဖြစ်လာနိုင်တဲ့အခြေအနေအထိ ကျွန်တော် ယုအမေနဲ့ဆွေးနွေးဖို့ စဉ်းစားသေးတယ်။ လိုချင်တဲ့ပုံစံကို သိနေလျက်နဲ့ တစ်ပက်လျှော့မခိုင်းချင်တော့ဘူး မမထား"

"ဒါဆို မောင်လေးက"

"ကျွန်တော် ယုကို နားလည်အောင် ပြော မှာပေါ့။ ယုက ကျွန်တော့်ကို ထွက်ပေါက်ပေး ထားပေမယ့် ဒီထွက်ပေါက်ကို ကျွန်တော် အသုံး မပြုရက်ဘူး"

ရင်တွင် နင့်သည်။ ပြောမိတွေးမိသမျှ ကြေကွဲစရာ ခံစားရ၏။

"ဒီကိစ္စကို ဇာနည်နဲ့ အောင်ထွေး မသိပါစေ နော်"

ဟု သူ့နှုတ်ပိတ်သည်။ မမထားက လေးပင်စွာခေါင်းညိတ်





သည်။ လက်ထပ်ခြင်းသည် လက်ဖဝါးနှစ်ခုတည်း၏ ယှဉ်တွဲမှု မဟုတ်ကြောင်း နားလည်ခဲ့ရပေပြီ။ ယုလည်း နားလည်လိမ့်မည်ဟု ယုံကြည်၏။

●

တဆတ်ဆတ်တုန်ယင်နေသော လက်ချောင်းတွေကို ထိန်းသိမ်းဖိနှိပ်နေရသည်။ တစ်ဆို့နေသဖြင့် စကားသံသည် ရှတ်ချည်း ထွက်။

"ကျေးဇူးပဲ ထွန်းထွန်း"

စားပွဲပေါ်သို့ လက်တင်ရင်း ပြောသည်။ ဆိုင်၏အတွင်းပိုင်း ...း အလှမ်းဝေးသဖြင့် ဖွင့်ထားသော ကက်ဆက်သံသည် ခပ်သဲ့သဲ့။

"ဘာကိုဆိုလိုတာလဲ ဂျော်နီ"

အကြမ်းပန်းကန်ထဲသို့ ရေနွေးပူတွေ ငှဲ့ထည့်သည်။ အကြမ်း ...ကန်နှစ်လုံးထဲမှ ရေနွေးငွေ့တန်းနှစ်တန်း။ လက်ဖက်ရည်ပန်းကန် ...န်းကန်သည် သက်ဆိုင်သည့်အရပ်တွင် နေရာမယူသေး။

အနီးတွင်ရပ်တန့်ထားသည့် အက်စ်အီးကားကို ငေးကြည့် ...က်ဂျော်နီက...

"စီးပွားရေး၊ ကြီးပွားရေးအလုပ်တွေနဲ့ ရှုပ် ယှက်ခတ်နေတဲ့ကြားက ငါနဲ့တွေ့ဖို့ အချိန်ပေး တာကို ကျေးဇူးတင်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



ပြုံးလျက် ပြောသည်။ ရင်တွင်းကို မြင်သာဟန် မတူသေး။ မနေ့က ဖုန်းဆက်၍ ခေါ်သည်။ အကြောင်းကိစ္စကို မမေးမြန်းဘဲ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာလေ၏။

"မင်း ငါ့ကို တစ်ခုခုပြောစရာရှိတယ် ထင်တယ်"

ထွန်းထွန်းက မေးမြန်းမှန်း မသိအောင် စကားဆိုသည်။

"ဘာပြောမယ်ဆိုတာ မင်းသိလိမ့်မယ်ထင်တယ်"ဟု သူ ပြောသည်။

"ယုယုကိစ္စကို ပြောမလို့မဟုတ်လား။ ကျေ့ သတင်းစာထဲမှာ တွေ့လိုက်ပြီ ထင်တယ်"

ဒေါသဖြင့်ကြည့်နေသူ့မျက်ဝန်းကို ဘာသာပြန်ရကောင်းမှန်း မသိ။

"ယုနဲ့ငါနဲ့က တစ်ယောက်အကြောင်းကို တစ်ယောက် သတင်းစာထဲမှာပါမှ သိကြရတော့မှာလား ထွန်းထွန်း"

"ဒါဆို မင်း ကြိုသိနေတယ်ပေါ့ ဟုတ်လား။ ဒီလိုမှန်းသိရင် မင်းကိုငါ အသိပေးပါတယ်ကွာ။ မင်းက သူငယ်ချင်းအပေါ် သိပ်ချစ်တော့ ငါနဲ့ သဘောမတူမှာစိုးလို့ ငါ ကြိတ်ကြံလိုက်ရတာ"

ရင့်မာသော စကားအသုံး။

"သဘောတူတာ မတူတာ ငါ့မှာ ဆုံးဖြတ်





ပိုင်ခွင့် မရှိဘူး။ တစ်ခုတော့ မေးချင်တယ်။ ဒီကိစ္စကို စီစဉ်ဖို့ ယုက သဘောတူရဲ့လား"

"သူ့အမေ သဘောတူဖို့ပဲ လိုပါတယ်၊ သူ့ကို လည်း ငါ အသိပေးသွားပဲ။ သူ့ကို ပရိုပို့စ်လုပ်တဲ့ နေ့တုန်းက သူကတောင် ပြောသေးတယ်၊ မင်းနဲ့ ကြိုက်နေတယ်တဲ့၊ ငါ့ကို လုံးဝလက်မခံနိုင်ဘူးတဲ့၊

တခြားသူဆိုရင် ငါ ယုံချင်မှယုံမယ်။ မင်းနဲ့ ကြိုက်နေတယ်ဆိုတော့ ငါ ဘယ်ယုံပါ့မလဲ။ မင်းတို့နှစ်ယောက်က ဒီကမ္ဘာပေါ်မှာ တကယ့် အချစ်ဆုံးသူငယ်ချင်းတွေ"

ရင်နင့်ရလေသည်။

"ယုက ငါ့ချစ်သူကွ"ဟု ဒေါနှင့်မောနှင့် ပြောပစ်လိုက်ချင်သည်။ မခိုင်မာသေးသော ဆုံးဖြတ်ချက်ကို ခိုင်မာတည်တံ့အောင် ...ားနေရဆဲ ရှိချေ၏။

"ဒါပေမဲ့ မင်းကို ယုကမှ မချစ်ဘဲ၊ ဘာဖြစ်လို့ ရအောင်ယူရတာလဲ"

"ချစ်လို့ ရအောင်ယူတာပေါ့ကွာ"

မဖုံ့ရဲစွာ ပြောသည်။

"ဒါဆို ရအောင်မယူတဲ့သူတွေက မချစ်ဘူးပေါ့၊ ဟုတ်လား ထွန်းထွန်း"

"အဲဒါတွေ ငါမသိဘူး။ ငါသိတာတစ်ခုပဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်။ တကယ်ချစ်တယ် တကယ်မြတ်နိုးတယ် ဆိုရင် တကယ်ရအောင်ယူရမယ်။ အဲဒါ ငါ့ဝါဒပဲ။ ယုယုကို ငါ ငယ်ငယ်လေးထဲက ချစ်တာ။ မင်းကို ကြောက်လို့ အခုမှ အကောင်အထည် ဖော်ရတာ။ မင်းက သဘောမတူရင် ငါ ခုက္ခ ရောက်ဦးမယ်''

''ငါက သူ့မိဘမှ မဟုတ်ဘဲကွာ''

စကားသံ တိမ်ဝင်သွားရသည်။

''ဒါဆို မင်း စိတ်မဆိုးဘူးပေါ့''

ခေါင်းညိတ်ခေါင်းခါ မပြုမိသေး။

''တစ်ခုမေးဦးမယ်ကွာ။ မင်း ယုကို တကယ် ချစ်ရဲ့လား''

မငြိမ်သက်သော နှလုံးသည်းခြေကို ခေတ္တမေ့လျက် မေးရသည်။

''တကယ်ချစ်လို့ တကယ်လက်ထပ်တာပေါ့ ကွာ''

(ငါလည်း တကယ်ချစ်ပါတယ် သူငယ်ချင်းရယ်။ မင်းချစ်တာက ယုရဲ့အသွင်အပြင်ကို ကြည့်ပြီး ချစ်တာပါ။ ငါချစ်တာက ငယ်သံယောဇဉ်ကို အရင်းတည်ပြီး ချစ်ရတာပါ။ အချစ်ချင်းပြိုင်ရင် မင်းရှုံးမှာပါကွာ။ ဒါပေမဲ့ ကံကြမ္မာချင်း ပြိုင်တဲ့အခါမှာ မင်း သရေ ဆောင်းရပါပြီ။မကျေမနပ်ဖြစ်မိပေမယ့် နေတက်အောင် ကြိုးစားပါ့မယ်





''မင်း ငါ့ကို ကတိတစ်ခုပေးမလား''

''ပေးပါ့မယ်ကွာ။ ဘာကတိပေးရမှာလဲ… ပြော''

''ယုအပေါ်မှာ မင်း လုံးဝသစ္စာမဖောက်ပါဘူး ဆိုတဲ့ ကတိပဲ။ မင်းက နိုင်ငံရပ်ခြားတွေကို သွားလာနေရတဲ့ကောင်။ ရှင်းရှင်းပြောရရင် မင်း ယုအပေါ်မှာလည်း သစ္စာထားရမယ်။ ပွင့်ပွင့်လင်း လင်းပြောရရင်ကွာ မင်းကို ငါ့အဖေလို မမှားစေ ချင်ဘူး။ ဒါပဲ ငါပြောချင်တယ်''

ထိုင်ရာမှ ထသည်။ ထွန်းထွန်းက သူ့လက်ကို လှမ်း …ချင်း…

''နေပါဦးကွာ အေးအေးဆေးဆေးပေါ့။ လက်ဖက်ရည် သောက်ဦး''

ပြောပြီး သူ့ရှေ့သို့ ထိုးပေးသည်။ တစ်ငုံမျှပင် မသောက် …သည်အတိုင်း ထား၏။ စိတ်မပါ လက်မပါ ပြန်ထိုင်မိသည်။ …းထွန်းက လက်ဖက်ရည်ကို စဉ်းငယ်သောက်၏။

''ယုတို့မိသားစုတစ်ခုလုံးရဲ့တာဝန်ကို မင်းက ယူထားတယ်ဆို''

''ဟုတ်တယ်လေ ကူညီတဲ့သဘောပါ။ ဘာ ကုန်မှာလဲကွာ။အလွန်ဆုံးကုန် တစ်လတစ်…င်း နှစ်သောင်းပေါ့''



www.burmeseclassic.com

www.burmeseclassic.com



အားလုံး၏ကိုယ်စား ကြည်နူးစိတ်ကို မွေးရသည်။

"ဘယ်နေ့မင်္ဂလာဆောင်မယ် စိတ်ကူး

"အဲဒါကတော့ ယုယုသဘောပဲကွ။ သူ

တဲ့နေ့ သတ်မှတ်ရမှာပဲ။ ငါက မြန်ထွ

သိပ်မလိုတော့ဘူး။ ဖြစ်နိုင်ရင် မြန်မြန်လ

ချင်တယ်။

အားတော့နာတယ်ကွာ မင်း ကူပြော

ပြောပေးပါလား။ ငါနဲ့ မြန်မြန်လက်ထပ်

မရိပ်စားမိ၍ ပြောဆိုနေသည်ဟု ယုံကြည်သည်။

တစ်ခုခုကို ရင်ဖွင့်ပြောပြချင်သော်လည်း မပြောပြဖြ

ထွန်းထွန်းက ဆိုင်အမှုထမ်းတစ်ဦးကို လှမ်းခေ

အနားသို့ရောက်သောအခါ "လက်ဖက်ရည်ဖိုးရှင်းမယ်"ဟု

ဆိုင်အမှုထမ်းက "ဒီကဆရာ ရှင်းပြီးသွားပြီ"ဟု သူ့ကို လ

ညွှန်လျက် ပြောသည်။

ဆိုင်အမှုထမ်းက လက်ဖက်ရည်ပန်းကန်တွေကို သိ

သွားသောအခါ ထွန်းထွန်းက...

"ပြောပေးမယ်မို့လား"ဟု မေးသည်။

အေးစက်လုပြီဖြစ်သော အကြမ်းပန်းကန်ကို

ရှေ့သို့တိုးပေးရင်း...

"ဒီရက်ပိုင်းအတွင်း ဖြစ်စေရမယ်

ကြိုးစားမယ်"



ဝိတိမျက်နှာကို နီးကပ်စွာတွေ့သည်။

"ကျေးဇူးတင်ပါတယ်ကွာ"

လကျ်ာလက်ကို ကမ်းပေးသည်။ သူ့ကို လက်ဆွဲနှုတ်

ဆက်၏။ အပြုံးချင်း ဖလှယ်ကြသည်။

ရှုံးနိမ့်သူ၏အပြုံးသည် ပို၍ ဟက်ဟက်ပက်ပက်နိုင်လွန်း၏။

●●●

www.burmeseclassic.com

ရွှေကိုးရိုးထိတ်

တိတ်တိတ်ရင်ထင့်၊ သခင်တင့်ဖို့

ပင်မြင့်ပေါ်ယံ၊ ပျော်စေစေတော့

ပျော်လေတော့ကွယ်။

www.burmeseclassic.com





## အခန်း [၂၆]

ရွက်ကြွေတွေကို ဖွဖွနင်းသော်လည်း ပတ်ဝန်းကျင်တွ ခြေနှစ်စုံ၏ နင်းလျှောက်သံ ဆူညံလွန်းသည်ထင်၏။

အင်ပင်ကြီးတစ်ပင်၏ အောက်တည့်တည့်တွင် နှစ်ယော အတူထိုင်သည်။ နွေလေပြည်အဆွှေ့၌ အလက်ာဆံပင်တွေ သွအ သို့ ရွေ့၏။ ချစ်သူ၏ခေါးတိုက်မျက်နှာထားနှင့် ကေသာကိုယုဝ်လျှ အလှဘွဲ့တွေ ဖွဲ့ဖူးသည်။ လက်ရှိကာလ၌ ရင်တွင် အလွမ်းဘွဲ

"လက်ထပ်ရက်ကို သတ်မှတ်ချင်ပြီတဲ့။

ဘာလုပ်ရမလဲမောင်"

အသက်အောင့်ထားသူဟု ကိုယ့်ကိုယ်ကို သိ၏။ အသ ရှူထုတ်ရသည်ကိုပင် ခေတ္တရပ်နားထားချင်၏။ အသိဉာဏ်

www.burmeseclassic.com

လုပ်ဆောင်ဆုံးဖြတ်ချက်မှန်သမျှ နှစ်ယောက်တည်း အကြောင်းကိုသာ ဦးတည်ထားချင်သည်။ ဆုံးဖြတ်ချက် မရေရာသေးဟု ကိုယ့်ကိုယ်ကို ထင်ချင်သော်လည်း ရလာဒ်သည် ပြောင်းလဲခြင်းရှိတော့မည်ဟု မမျှော်မိတော့။

"ပြောလေ မောင်၊ ယု ဘာလုပ်ရမလဲ"

ငုံ့ကြည့်သော ချစ်သူမျက်နှာကို စေ့စေ့ကြည့်လျက်...

"မောင့်ကို ဆုံးဖြတ်ချက်ပေးနိုင်သူလို့ မမြင်ပါနဲ့လား ယုရယ်"ဟု သူပြောသည်။ ယုက...

"မောင့်ဆုံးဖြတ်ချက်သာ ယုဘာဝပါ"ဟု တုန်ယင်စွာ ပြော၏။

သက်ပြင်းချသံကို ချစ်သူကြားမှာ စိုးသည်။

"မောင့်ဆုံးဖြတ်ချက်အမှားအမှန်ကို ခွင့်လွှတ်နိုင်ပါ့မလား ဟင်"

"ခွင့်လွှတ်ဖို့တောင်းပန်ရမှာက ယုပါမောင်ရယ်"

လွှမ်းသင့်ရင်နင့်စေသောစကား။

စကားကို အသံဖြင့်ကူးပြောင်းဖို့ လွန်စွာအားထုတ်ရလေသည်။ ဆို့နင့်နေသော နှလုံးအသည်းကြောင့် ရင်တွင်တမြေ့မြေ့။

"ယု"

အလှမျက်နှာကို တသစွာကြည့်လျက်...

"ယုအမေရဲ့အစီအမံကို နာခံလိုက်ပါ ယုရယ်"





ရယ်"

နေရာအနှံ့ရှိ ရွက်ခြောက်များအကြားတွင် စိမ်းဖန့်ဖန့်ရွက်ကြွေတချို့ကို တွေ့သည်။ မျက်ဝန်းပုတ်ခတ်နေသော ချစ်သူမျက်နှာကို ကြည့်လျက် ရင်တွင်မအေးချမ်း။

"ယုရဲ့မိသားစုကို ငဲ့ပြီး ပြောလိုက်တဲ့စကား မှန်း ယု သိပါတယ် မောင်ရယ်"

ထွေးပွေ့ထားမိသော်လည်း သွေ့ခြောက်နေသော ရင်တွင် မျက်ရည်တွေ စိမ့်ဝင်၏။ ချစ်သူမျက်ရည်သည် 'နွေ'တမျှ 'နွေ'မကစွာ ပူလောင်လွန်းလှ၏။

ထွေးပွေ့ရင်းက ဖေးမယုဉ်တွဲလိုက်သည်။ "ပြန်ကြစို့"ဟု မပြောဘဲ တူညီစွာ တွဲရပ်လိုက်မိကြ၏။

ဤသည်ကိုကြည့်လျက် နှစ်ကိုယ်သိတွေ ရင်တွင် ကိုယ်စီရှိကြောင်း မှန်းဆနိုင်လေသည်။

●

ယုက သူ့ကို စာရွက်ခေါက်တစ်ခု ပေးသည်။ အဖြူရောင် [?]သော စာရွက်၏အရောင်မှာ ဝါကျင့်ကျင့်။ စာရွက်ခေါက်ကို [?]သည်။ တစ်ကြောင်းနှစ်ကြောင်းမျှ ဖတ်လိုက်ရရုံနှင့် ငိုချင်မိသည်။ [?]ကြောင့်မှန်းမသိ။



www.burmeseclassic.com

ကျော်နီ

နင်နဲ့ ငါနဲ့ မခေါ်ဘူးနော်။

ဒါပေမဲ့ နင်ဗိုက်ဆာနေမှာစိုးလို့ ကြက်သားပေါက်စီတစ်လုံး ဝယ်ပေးလိုက်တယ်။ ငါရထားတဲ့ မုန့်ဖိုးနဲ့ ဝယ်တာ. ကြက်သား ပေါက်စီကိုစား၊ ငါ့ကိုတော့ မခေါ်နဲ့။

'ယု'

စာခေါက်ကိုင်ထားသောလက်သည် တည်ငြိမ်မှုကင်းလျက် ရှိ၏။ အောက်တွင်ရှိသော လက်ရေးတွေကို ဆက်ဖတ်သည်။

ဗိုက်လည်းမဆာဘူး၊
ပေါက်စီလည်းမစားဘူး၊
နင့်ကိုလည်း မခေါ်ဘူး၊ မဟားနဲ့။
ဒါပဲ။

ပုံ၊
ကျော်နီ

စာရွက်ကို ခေါက်ရိုးအတိုင်း ပြန်ခေါက်၏။ ချစ်သူနှင့် အကြည့်ဆုံသောအခါ ပိုငိုချင်လာသည်။ ငိုချင်စိတ်ကို ထိန်းထား ရသည့်မှန်း ချစ်သူလည်း သိမည်ထင်၏။

"ဒီစာရွက်တွေကို 'ယု' ဖြုပစ်လိုက်တာ မဟုတ်ဘူးလား"

သတိရစရာ အတိတ်စာမျက်နှာကို ကြေကွဲမြင်ယောင် [illegible]ည်။ ဆယ်နှစ်ကျော်မျှ ကြာမြင့်ခဲ့သည့်ကာလ။

"တခြားစာရွက်လွတ်တစ်ခုကို ဆွဲဖြုပစ်ခဲ့တာ ပါ။ အဲဒီတုန်းက ဘာရယ်မဟုတ်ဘူး သိမ်းထား ချင်လို့ သိမ်းထားခဲ့တာ။

ချစ်သူတွေဖြစ်ပြီးတဲ့အခါကျတော့ လက်ထပ် တဲ့နေ့ကျရင် ဒီစာရွက်လေးတွေ မောင့်ကို ထုတ် ပြမယ်လို့ ရည်ရွယ်ခဲ့တယ်လေ။ အမှတ်တရ သဘောမျိုးပေါ့။ ဒါပေမဲ့..."

စကားသံ ပေါ်ထွက်မလာတော့ချေ။ စကားသံအစား ရှိုက်သံ [illegible]ကိုသာ ကြားနေရသည်။

"အခု၊ လက်မထပ်ဖြစ်ခဲ့လို့ မောင့်ကို ထုတ် ပြတာ။ ဒီစာရွက်တွေကို ယု တရားဝင် သိမ်းထား မယ်။ ယုကို ပြန်ပေးပါမောင်"

လက်ဖဝါးနုသွယ်လေးကို ရှေ့တွင် ဖြန့်ခင်း၏။

သူက စာရွက်ခေါက်ကို ညင်သာစွာဖြန့်သည်။ တုန်ယင် [illegible]လက်ဖြင့် အလယ်ခေါက်ရိုးအတိုင်း တင်းကျပ်စွာ ကိုင်တွယ်၏။

"ဗြဲ"

ထက်ပိုင်း ပြတ်သည်။

"ဗြဲ"





www.burmeseclassic.com

www.burmeseclassic.com



လေးစိပ် စိပ်သည်။

''ဗြဲ''

ရှစ်စိပ် စိပ်သည်။ ပြီးနောက် ရွက်ကြွေတွေအပေါ်တွင် စာရွက်မှုန်တွေ အစိပ်စိပ်အမွှာမွှာ လွင့်ပျံကျရောက်၏။

''မောင်''

နှမြောတသစွာသော မျက်ဝန်းအစုံကို ရင်နင့်စွာ တွေ့သည်။

''မောင့်ကို ခွင့်လွှတ်ပါ ယု။

ယုမှာ ဒီစာရွက်ရှိနေသမျှ ယုကို မောင် တစ်သက်လုံး နှောင့်ယှက်သလို ဖြစ်နေလိမ့်မယ်။

စာရွက်တစ်ရွက်ကြောင့် အိမ်ထောင်ရေး မပျက်ပြားနိုင်ပေမယ့် ယုရဲ့ မွန်မြတ်မှုတွေကို ထိခိုက်မှာ စိုးရိမ်တယ်။ အားလုံးကို သံယောဇဉ် ဖြတ်လိုက်ပါ ယုရယ်''

လက်ဖဝါးနှစ်စုံသည် ရင်နာစွာ ပူးကပ်သွား၏။

ကြင်နာစွာယှက်တွယ်ခဲ့ကြသမျှ အားလုံးသည်…သတိတရ။

ဖွဖွနင်းသော်လည်း ရွက်ခြောက်တွေ၏ ကျိုးကြေသံကို ကြားရသည်။ နေပျောက်မကျသော ရွက်ကြွေတောထဲတွင် လျှောက်လှမ်းနေကြရသော်လည်း နွေပေါင်းများစွာမက ပူပြင်းသည်ဟု ခံစား





ကြရသည်။

ရွက်ကြွေတော၏ အထွက်လမ်းတစ်လျှောက်ရှိ ပိတောက်ပင်တွေမှ ပိတောက်ပွင့်တွေ ကြွေထားပြန်သည်။ ရွှေအိုရောင်ပွင့်ခြောက်တွေ၏ အဆုံးသို့ ရောက်သောအခါ…

''မောင် လိုက်ပို့ရမလား ယု''

လေးပင်စွာ ခေါင်းခါသည်။

''တစ်ပါးသူလက်ထဲကို ပေးအပ်ရမယ့် ခရီး အစပဲ မောင်ရယ်…ဘာဖြစ်လို့ လိုက်ပို့ရမှာလဲ''

''လိုက်ပို့သလို ဖြစ်ခဲ့ပြီပဲ ယုရယ်''

ယုက ညင်သာစွာပြုံးသည်။ ကြေကွဲပြုံးဟု သိ၏။

''မောင်လိုက်ပို့တာမျိုး မဖြစ်စေချင်ဘူးမောင်။ ယုကို မောင်လမ်းညွှန်လိုက်တယ်လို့ပဲ ယူဆမယ်''

မျက်ရည်ပေါက်တွေ စီးကျသည်။ မဟာန့်တားရက်။

ပထမဦးဆုံးကြုံတွေ့ဖူးသော ချစ်သူ၏ငိုရှိုက်ခြင်းကို ရင်နင့်ခြင်းဖြင့် အကြည့်လွှဲရသည်။ ဝေဒနာကို ဖောက်ထုတ်လျက် မျက်ရည်အဖြစ် အသွင်ပြောင်းရခြင်းဟု ယူဆသဖြင့်…

''မငိုပါနဲ့ ယုရယ်''ဟု နှုတ်မဟာမိ။ ကိုယ့်ကိုယ်ကိုပင် မျက်ဝန်းအား ပုတ်ခတ်နေရပေသည်။

''ယု သွားတော့မယ်''ဟု ပြောပြီး၊ လှည့်ပြန်ကြည့်လျက်…

''မင်္ဂလာဆောင်ကို ဘယ်သူဖိတ်ဖိတ် မောင် မလာရဘူးနော်။ နော်…မောင်''



www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းညိတ်သည်။

သူ့ကို ယုက စိုက်ကြည့်သည်။ အကြည့်မျက်ဝန်းထဲတွင် သံယောဇဉ်တွေ၊ ချစ်ခြင်းတရားတွေ၊ မြတ်နိုးခြင်းတွေနှင့် အတူ ကြေကွဲခြင်းတွေကို တွေ့သည်။

လေးပင်စွာ ခေါင်းလှည့်သည်။ ညင်သာစွာ ကျောခိုင်းသည်။ လှပစွာ ဖွဖွလှမ်းသည်။ တရွေ့ရွေ့ဝေးသွားသည်ဟု သိလျက် ခြေလှမ်းတွေ တုန့်နေဆဲ ရှိ၏။

"မချစ်မနှစ်သက်သူနဲ့ အတူမနေပါနဲ့ ယုရယ်၊ မောင့်ဘဝ ထဲကို ရဲရဲဝင်ခဲ့စမ်းပါ။ မောင်ကလွဲရင် ဘယ်သူကိုမှ လက်မထပ် ရဘူး"ဟု မပြောလိုက်မိသော ကိုယ့်ကိုယ်ကို မှန်သည်မှားသည်ဟု မသတ်မှတ်ရသေး။

"ယောက်ျားဖြစ်ပြီး သတ္တိနည်းလှချည်လားမောင်"ဟု အပြစ် မဖွဲ့လေသော ယုကို ရင်တွင်းမှ တောင်းပန်မိသည်။

နှလုံးသည်းခြေ၌ရှိသော စကားအမှန်တွေ၊ ဆန္ဒအမှန်တွေ ကို မျိုသိပ်လျက် လိုက်လျောညီထွေစွာ ပြောဆိုဖွင့်ဟရခြင်းအား မှသားဟု ဆိုရမလား။ နှစ်ယောက်ဘဝအတွက် လက်ရှိအခြေအနေ တွင် အသင့်လျော်ဆုံးသော ဆုံးဖြတ်ချက် ဖြစ်သဖြင့် မှသားဟု မယူဆချင်ပေ။

ကြေကွဲစွာ ပြောမိသော စကားအရာ၌သာ မုသားမကင်း ရှိရမည်။ ရင်၌တည်သော ချစ်ခြင်းတရားသည် မုသားကင်းမဲ့ကြောင်း နှစ်ကိုယ်သိ သိ၏။





နွေညသည်သံ ကြားသည်။ နွေသစ်ရွက်တွေကြွေသည်။ ရွက် ကြွေအများစုမှာ ရွက်ခြောက်တွေဖြစ်သော်လည်း တချို့ စိမ်းလန်းစဉ်တွင် ကြွေကြရ၏။

ရွက်ကြွေတွေကို ကြည့်လျက် ရင်နင့်စရာဟု သိမြင် ခံစားရသည်။

ယုထွက်ခွာသွားသောအရပ်တွင် ယုကို မတွေ့ရတော့ချေ။

ထိုနေရာ၌ ပူပြင်းလွန်းသော နွေရင်ပြင်ကို တွေ့သည်။ ရွက်ကြွေရိုက်သံကို ရင်တွင်းမှကြားလိုက်ရသည်။ နွေသည် ရှည်ကြာ လွန်းလှ၏။

●●●

www.burmeseclassic.com

www.burmeseclassic.com





## အခန်း [၂၇]

အားလုံးကို မေ့ပစ်နိုင်စွမ်းရှိရင် တဒင်္ဂလောက် မေ့ကြည့်ချင်တယ် ယု။

ဒါပေမဲ့ ယုရယ်။

လူဆိုတာ ထင်ရှားစွာမက်တဲ့ အိပ်မက်ကိုတောင်မှ အမေ့ခက်ကြသေးတာပဲ။ နှလုံးသည်းခြေနဲ့ရင်းပြီး ဖြစ်ခဲ့ချစ်ခဲ့တဲ့ တကယ့်အဖြစ်အပျက်တစ်ခုကို မောင် ဘယ်လိုလုပ် မေ့မှာလဲ။

မေ့မရတဲ့ ဒီရင်နာစရာဟာ ကာလပေါင်းများစွာ တည်ရှိနေမယ့် ဝေဒနာရက်ရှည်တစ်ခုပါ။ ဒီဝေဒနာရက်ရှည်တွေကြောင့် မောင့်ရင်ထဲမှာ နေကမ္ဘာပါ ယုရယ်။

www.burmeseclassic.com

www.burmeseclassic.com



အရာရာကို မမှန်နိုင်စွမ်းမရှိတဲ့ သူ ချင်းအတူတူ ယုရဲ့ ရင်ထဲက ဝေဒနာတွေ သက်သာရာရပါစေလို့ မောင် ဆုတောင်းနေပါတယ်။ ကဗျာမဆန်တဲ့ မောင့်ဘဝအတွက် ကဗျာတစ်ပုဒ် ရေးဖွဲ့ဖူးပြီ...ယု။

●●●



"ရွက်ကြွေတော"

မနွဲ့ဘူးနော်
သည်းဦးသွားငယ်၊ တွယ်တွယ်တာတာ
သယ်ကြာမွှာလာထိ
ဘာတွေရှိချင်။

ယုမိလက်ကတင်း
အချစ်ပန်းတစ်ပွင့်၊ သက်တံမိရင့်ခဲ
ကြွေ...ကြွေမှာစိုး။

မျှော်ကိုးစိုးထိတ်
တိတ်တိတ်ရင်ထင့်၊ သခင်တင့်ဖို့
ပင်မြင့်ပေါ်ယံ၊ ပျော်စံခဲတော့
ပျော်လေတော့ကွယ်။

ရေရှည်ရှိရှည်ငယ်၊ ဘဝနယ်လှ
ချွေးစုဆိုကျ၊ မျက်ရည်စမြစ်
မျှော်လင့်မြစ်ထဲ၊ ရွက်ဘဝစဲကြွေ
ဒဏ်ရာတွေကြောင့်
ကြွေမျက်ရည်သုတ်၊ ပစ်မယ်တိုက်လည်း
ဘာချစ်ရမယ်...
ရင်ထဲမှာလေ
နွေရက်ရှည်တစ်ပုဒ်။

လေးစားခင်မင်လျက်
မောင်လှမျိုး(ချင်းချောင်းခြံ)

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် ၊ တစ်ယောက်ကို တစ်ယောက်၊ အဘယ်မျှလောက် ချစ်ခင်နှစ်သက်ကြသည်ဆိုကြောင်းကို၊ သိလိုလျှင် တစ်ဦးအတွက် တစ်ဦးက၊ မည်မျှအနစ်နာခံကြသည်ကို ကြည့်ခြင်းအားဖြင့်၊ သိနိုင်ပါသည်။

**Sher Wood**

www.burmeseclassic.com